www.burmeseclassic.com



www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၅၀၁၄၀၇၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၁၇၇၂၁၀၀၉ |
| ထုတ်ဝေခြင်း | - | ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ် |
| မျက်နှာဖုံးဝန်းချို | - | L လင်း |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမာ ပုညခင်စာပေ၊(ယာယီ- ၈၅၆) တိုက်(၆၁)၊ အခန်း(၁၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | - | ဒေါ်ခင်ခင်ဝင်း ကလျာ ပုံနှိပ်တိုက်၊ (မြ-၀၂၆၇၀) အမှတ်(၄၂)၊ (၄၂)လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်။ |

၈၉၅.၈၃

ပုညခင်

သူညို့ခေါ်ရာဆီ/ပုညခင်။ - ရန်ကုန်၊

ပုညခင်စာအုပ်တိုက်၊ ၂၀၀၉။

၂၈၈-စာ၊ ၁၈ × ၁၂ စင်တီ။

(၁) သူညို့ခေါ်ရာဆီ


BURMESE CLASSIC .com

ပုညခင်စာအုပ်တိုက်

# ပုညခင်

# သူညို့ခေါ်ရာဆီ...




www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ . . .

ကိုယ့်သဘော တစ်ခုတည်းနဲ့

တစ်သက်လုံး ဖမ်းဆုပ်ထားလို့

ရတဲ့ အရာမျိုး မဟုတ်ဘူး . . .

www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

'လင်းရောင်ဝါ'သည် ပြစ်မျိုးမဲ့မထင်ဟု တင်စားနိုင်လောက်သည့် မိန်းမလှတစ်ယောက်၏ ရှေ့တွင် ထိုင်ရင်း အနေကျဉ်းကြပ် စိတ်အိုက်လျက် ရှိပါသည်။

သူမ သိပ်လှတာကို အသိအမှတ်ပြုမိပေမယ် သူ့စိတ်ထဲမှာ ဘယ်လိုမှ မခံစားရပါ။ ကိုယ်နဲ့မဆိုင်သော အလှတစ်ပါးဟုသာ ခပ်စိမ်းစိမ်း ယူဆမိပါသည်။

သူ့အာရုံထဲမှာ စကားလုံးတွေကို အပြေးအလွှား စီရီနေရသည်။

"မင်းကို ကိုယ် လက်မထပ်ပါရစေနဲ့ ..."

"မင်းနဲ့ ကိုယ် လက်မထပ်ချင်ဘူး ..."

ဒီလိုဆို ရိုင်းရာကျသွားမလား။ 'မင်း' 'ကိုယ်' သုံးတာ ရင့်သီးရာရောက်သွားမလား ...။ ဒါ့ထက် နည်းနည်း ပိုပြီး ယဉ်ကျေးချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခင်ဗျားနဲ့ လက်မထပ်နိုင်ပါဘူး ခင်ဗျာ"

"ကျွန်တော် ခင်ဗျားနဲ့ လက်ထပ်လို့ မဖြစ်နိုင်လို့ပါဗျာ"

ဒီထက်ပိုပြီး ယဉ်ကျေးချင်ရင် ...

"ခွင့်လွှတ်ပါ ခင်ဗျာ ... ဒီစကားမျိုးကို ကျွန်တော့်ဘက်က စ,ပြောရတာ အားနာပါတယ်၊ ကျွန်တော် ခင်ဗျားနဲ့ လက်မထပ်နိုင်လို့ပါ၊ တောင်းပန်ပါတယ် ခင်ဗျာ"

ဒါဆိုရင် သိပ် အိုဗာဖြစ်သွားမလား ... ။ သူ့စကားကြောင့် သူမ လှောင်ပြောင်သရော် ရယ်မောလိုက်တာမျိုးလည်း မဖြစ်စေချင် ... ။ မာနတွေ ထိခိုက်ပြီး ဒေါသတွေ ထွက်လာ မှာမျိုးလည်း မဖြစ်စေချင်။ သူမ ... ။ အပြည့်အစုံ ပြောရသော် 'လင်းလက်လ' ဟူသော သူမ စိတ်မှာ အသက်သာဆုံး ဖြစ်စေမည့် စကားလုံးမျိုးကို သူ ရွေးချယ်၍ပြောချင်ပါသည်။ အမှန်ကို နည်းနည်းကွန့်ပြီး ပြောရတဲ့ မြှောက်ပင့်စကားမျိုးပြောရင် ကောင်းမလားဟုလည်း စဉ်းစားမိသည်။

"ကျွန်တော့် ဘဝမှာ ခင်ဗျားလောက် လှပပြည့်စုံတဲ့ မိန်းကလေးမျိုး မတွေ့ဖူးခဲ့တာ အမှန်ပါ ...၊ ကျွန်တော် ခင်ဗျားနဲ့ လက်မထပ်ဘူးဆိုရင် တစ်လောကလုံးက ယောကျ်ားတွေ ပျော်ရွှင်ကြပါလိမ့်မယ် ...၊ ကျွန်တော့်လို မိုက်မဲတဲ့ ညံ့ဖျင်းတဲ့ ယောကျ်ားမျိုးနဲ့ လွဲရတဲ့အတွက်





ခင်ဗျားလည်း တစ်နေ့မှာ 'ငါ သိပ်ကံကောင်းပါလား' လို့ နှစ်ထောင်းအားရ ကျေနပ်မိပါလိမ့်မယ် ..."

အင်း ... ဒါဆိုရင်တော့ နည်းနည်းပေါတောတော နိုင်သွားမလား ... ။ သူ့အတွေးတွေ ထိုသို့ ယောက်ယက်ခတ်နေဆဲမှာ လင်းလက်လကတော့ ဖန်ခွက်ထဲက ဇထရော်ဘယ်ရီ ဖျော်ရည်ကို ပိုက်နှင့် မျှင်းသောက်ရင်း သူ့ကို အကဲခတ်သလို ကြည့်နေပါသည်။

သူမရဲ့ မျက်လုံးတွေက စူးရှတောက်ပ ရဲရင့်သည့် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိသော မျက်ဝန်းမျိုးတွေပင်။ ရှိုးတိုးရှန့်တန့် မဝံ့မရဲပုံစံမျိုးကို သူမထံမှာ လုံးဝမတွေ့ဖူးခဲ့ပါ။

"ရောင်ဝါ ..."

"ခင် ... ခင်ဗျာ"

သူပြောဖို့ ကြံနေတုန်းမှာ သူမက ခေါ်လိုက်တာမို့ သူ ရင်ထိတ်သွားသည်။

"ရောင်ဝါ ကြည့်ရတာ မွန်းကို တစ်ခုခု ပြောချင်နေတဲ့ပုံပဲ၊ ပြောချင်တာမှ သာမန်ပြောချင်တာမျိုးတောင် မဟုတ်ဘူး၊ ဒီနေ့ ဒီနေရာမှာ ဒီလိုလူကို မပြောလို့ကို မဖြစ်တော့တဲ့ စကားမျိုးကို ပြောဖို့ အားယူနေရတဲ့ပုံစံမျိုးပဲ၊ ပြောရမှာတော့ အားနာပါတယ်၊ ဒါပေမယ့် မပြော



www.burmeseclassic.com

www.burmeseclassic.com

လို့လည်း မဖြစ်လို့ ပြောကိုပြောရပါတော့မယ်ဆိုတဲ့ နှင်တင်တင်ပုံစံမျိုးကြီး ဖြစ်နေတယ်"

ဟ ... အကဲခတ်တာ တော်လှချည်လား ...။ ရောင်ဝါက ကျိတ်၍ လက်ဖျားခါသွားပါသည်။ လင်းလက်လဟာ လျှော့တွက်လို့ရသော မိန်းကလေးမျိုးမဟုတ်တာတော့ သေချာသည်။

"ကျွန်တော် မလင်းလက်လကို ပြောစရာတော့ ရှိပါတယ်"

"အဟင်း ..."

သူမက သူ့ကို စေ့စေ့ကြည့်၍ပြုံးသည်။ ဘာဖြစ်လို့ ပြုံးပါလိမ့်ဟု သူတွေးဆဲမှာ သူမက နောက်တစ်ခါ ထပ်ပြုံးလိုက်ပြန်သည်။

"ဘာ ... ဘာဖြစ်လို့လဲ ခင်ဗျ"

"ရောင်ဝါ အခေါ်အဝေါ်ကို ရယ်ချင်လို့ပါ၊ မှန်းဝန်းကျင်က လူတွေက မှန်းကို 'မလင်းလက်လ' လို့ ဘယ်သူမှ မခေါ်ကြဘူးလေ၊ တချို့က 'လင်းလက်' တချို့က 'လင်းလင်း' ...၊ တချို့ကတော့ 'လ' ကို အဖျားဆွတ်ပြီး moon (မှန်း) လို့ ခေါ်ကြတယ်၊ မှန်းကလည်း ကိုယ့်ကိုယ်ကို မှန်းလို့ပဲပြောတယ်၊ မင်း တို့ကိုခေါ်ဖို့





အသင့်တော်ဆုံးက မှန်းပဲ၊ မင်းအိမ်ကလူတွေအားလုံးကလည်း တို့ကို မှန်းလို့ပဲခေါ်ကြတယ်လေ ..."

မလွယ်ပါလား ... မှန်း ...။ ထားပါတော့ ... မှန်းဆိုလည်း မှန်းပေါ့။ ဒီနေ့ ဒီအချိန်မှာ ပြောစရာရှိတာ ပြောပြီးသွားရင် ရှေ့ဆက် မှန်းနေစရာမှ အကြောင်းမရှိတော့တာ ...။

"မှန်းလို့ ကျွန်တော်ခေါ်တာ အသင့်တော်ဆုံးဆိုပေမယ့် မှန်း ကျွန်တော့်ကို မင်းလို့ပြောတာကတော့ မသင့်တော်ဘူးထင်တယ်၊ ကျွန်တော်နဲ့ မှန်းက ရွယ်တူပဲလေ ..."

"မင်းမှာ သူငယ်ချင်း ရှိလား"

"ဗျာ ..."

"မင်းမှာ ယောကျ်ားလေး သူငယ်ချင်းတွေရှိလားလို့ မေးတာ"

"ရှိတာပေါ့၊ မရှိဘဲ နေပါ့မလား"

"အဲ့ဒီ သူငယ်ချင်းတွေနဲ့ မင်းနဲ့က သက်တူရွယ်တူတွေပဲလား"

"မတိမ်းမယိမ်းတွေပေါ့ ..."

"ဒါဆို သက်တူရွယ်တူလို့ ပြောလို့ရတယ် မဟုတ်လား၊ အဲ့ဒီ မင်းသူငယ်ချင်းတွေနဲ့ စကားပြောရင် ဘယ်လိုပြောကြလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ဘယ်လိုပြောရမှာလဲ"

"ဟော့ကောင် … မင်းက ငါက ဆိုတာမျိုး ပြောလား၊ 'ခင်ဗျား' 'ကျွန်တော်' ပြောလား"

"'မင်း-ငါ'ပဲ ပြောတာပေါ့"

"မွန်းလည်း အဲ့ဒီလိုပဲ ပြောတာလေ၊ မွန်းနဲ့ မင်းလည်း ရွယ်တူ ယောကျ်ားလေး သူငယ်ချင်းပြောသလို ပြောလိုက်တာလေ … ဟုတ်ပြီလား"

ထားပါတော့။ ပြောချင်သလိုသာ ပြောတော့ …။ နောက်လည်း ရှေ့ဆက်ပတ်သက်နေစရာမှ မလိုတော့တာ …။ ဒီနေ့ ဒီနေရာမှာ ပြောစရာရှိတာပြောပြီးရင်တော့ ဘိုင့်ဘိုင်ပါ မွန်း …။

"ကဲ … မင်းပြောချင်တာ ပြောလို့ရပြီ ရောင်ဝါ"

သူမက မေးကလေးဆတ်ကာ စတိုင်လ်ကျကျလေး လှမ်းပြောလိုက်သည်။ သူမရဲ့ အသံ၊ လေယူလေသိမ်း၊ မျက်လုံးအကြည့်က အစ စမတ်ကျသည်။ အရာအားလုံးကို သိနားလည်ပြီးသားဆိုတဲ့ ပုံမျိုး။

"ကျွန်တော် ပြောချင်တာက ကျွန်တော် ခင်ဗျားကို …"

"အိုကေ … ရပြီ"

"ဗျာ …"





သူမက လက်ဖဝါးတစ်ဖက် ထောင်ပြနို့တားမြစ်ရင်း ခပ်သာသာလေးပြောသည်။ သူ … သူမကို နားမလည်စွာ ကြည့်မိသည်။

"မွန်း ဘာပြောလိုက်တာလဲ"

"မင်း ဘာပြောမယ်ဆိုတာ မွန်း သိပြီလို့ပြောတာ …"

"မဖြစ်နိုင်ပါဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"ကျွန်တော် ပြောမယ့်စကားကို ခင်ဗျားက ဘယ်လို ကြိုသိနိုင်မလဲ၊ အကြားအမြင် ဆရာမမှ မဟုတ်တာ …"

"အကြားအမြင်ဆရာမ မဟုတ်မပေမယ့် အာရုံစူးစိုက်ထားရင် အနည်းနဲ့အများတော့ မှန်းဆနိုင်တာပဲ၊ မွန်းက မင်းနဲ့အတူ ဒီဆိုင်လေးမှာ မျက်နှာချင်းဆိုင် စထိုင်ကတည်းက မင်းရဲ့ အကြည့်၊ မင်းရဲ့ မျက်နှာထား၊ မင်းရဲ့ ကိုယ်နေဟန်ထား … အားလုံးကို အသေးစိတ်ကျကျ အာရုံစူးစိုက်ထားတယ်၊ ဒီတော့ မင်း ဘာပြောတော့မယ်ဆိုတာကို တွက်ဆနိုင်တယ်"

"ကဲ … ဒါဆိုလည်း ကျွန်တော် မပြောတော့ဘူး၊ ကျွန်တော်ပြောမယ့် စကားကို ခင်ဗျားပဲ ပြောပြတော့"

"လောင်းမလား"



www.burmeseclassic.com

www.burmeseclassic.com


"ဗျာ ..."

"မွန်း ပြောတာ မှန်ရင် မွန်းရဲ့ တောင်းဆိုမှုတစ်ခုခုကို မင်း လိုက်နာရမယ်၊ မွန်းပြောတာမှားရင် မင်းရဲ့ တောင်းဆိုမှု တစ်ခုခုကို မွန်း လိုက်နာပေးမယ်"

"ကောင်းပြီလေ ..."

မိန်းကလေးတစ်ယောက်က ယောကျ်ားလေး တစ်ယောက်ဆီက ဘာများ ဆိုးဆိုးဝါးဝါး တောင်းဆိုနိုင်မှာမို့လို့လဲဟု တွေးကာ လင်းရောင်ဝါက ခေါင်းညိတ်သဘောတူလိုက်သည်။

"အိုကေ ... ဒါဆို မွန်းပြောမယ်၊ မင်း အခု မွန်းကို အကြောင်းအရာ နှစ်ခု အသိပေးပြောပြချင်နေတယ်၊ ပြီးတော့ ... မွန်းဆီကနေ အကူအညီတစ်ခု တောင်းချင်နေတယ်"

မွန်းက လက်နှစ်ချောင်း တစ်ခါထောင်၊ လက်ညှိုး တစ်ချောင်း တစ်ခါထောင်ပြပြီး ပိုင်ပိုင်နိုင်နိုင်ပြောလိုက်သည်။ သူ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပါသည်။

"နံပါတ် တစ် ... မင်း မွန်းကို လက်မထပ်နိုင်တဲ့ အကြောင်းကို မျက်နှာပူ အားနာစွာနဲ့ ပြောမယ်၊ နှစ် ... မင်းမှာ ချစ်သူရှိနေပြီးဖြစ်လို့ လက်မထပ်နိုင်တာပါဆိုတဲ့



ဖြေရှင်းချက် ပေးမယ်၊ သုံး ... မင်းကို မွန်းက နားလည်ပေးဖို့ တောင်းပန်ပြီး လူကြီးချင်း သဘောတူထားတဲ့ ကိစ္စကို မွန်းဘက်က စပြီး ငြင်းပယ်ပေးဖို့ အကူအညီ တောင်းမယ်၊ သမားရိုးကျ ရုပ်ရှင်ဇာတ်ကားထဲက မပြောပုဆိုး ခပ်ရိုးရိုး ဇာတ်ဝင်ခန်းတွေလိုပဲပေါ့၊ မွန်းပြောတာ မှန်ရဲ့လား ရောင်ဝါ ..."

သူ ထူးဆန်းသော ထိုမိန်းမကို တအံ့တဩ စိုက်ကြည့်နေလိုက်မိပါသည်။ သူမကတော့ နားလည်ရခက်သော အပြုံးတစ်မျိုးဖြင့် ဇန်းကန်ထဲက ပီဇာတစ်ချပ်ကို လှလှပပ ဖြတ်နေသည်။ ပြီးတော့မှ ပီဇာတစ်စိတ်ကို ခက်ရင်းနှင့် ထိုးယူရင်း မျက်ခုံးတစ်ချက်ပင့်ကာ ...

"ဘယ်လိုလဲ ... ပြောပါဦး၊ မွန်းပြောတာ မှန်ရဲ့လားလို့"

လင်းရောင်ဝါက သက်ပြင်းချမိသည်။ ပြီးတာပဲလေ ... ကိုယ်ပြောဖို့ခက်နေတဲ့ကိစ္စကို သူပြောလိုက်တော့ ပြီးတာပေါ့။

"မှန်ပါတယ် မွန်း၊ အဲ့ဒီအတိုင်းပါပဲ၊ အဲ့ဒီအတိုင်း အသိပေး တောင်းဆိုပြီး အဲ့ဒီအတိုင်းပဲ အကူအညီတောင်းချင်ပါတယ်"

"ခက်တာက မွန်း လက်မခံနိုင်တာပဲ"


www.burmeseclassic.com

www.burmeseclassic.com

“ဗျာ ...”

“မင်း သဘောအတိုင်း မွန်း လိုက်လုပ်မပေးနိုင်တော့ ဘယ့်နှယ်လုပ်မလဲ ...”

“ခင်ဗျာ ...”

လင်းရောင်ဝါက အထိတ်တလန့် ဖြစ်နေပေမယ့် သူမကပီဇာကို လှလှပပလေး ဝါးပြီး အအေးတစ်ငုံစာလောက် စုပ်သောက်လိုက်သည်။ ပြီးတော့ အနားက တစ်ရှူးစလေးကို လက်ညှိုး လက်ခလယ်နှင့် ညှပ်ယူပြီး နှုတ်ခမ်းကို သေသေသပ်သပ် တို့သုတ်လိုက်သည်။ သူမ ကြည့်ရတာ အေးအေးဆေးဆေး။ ဘဝနဲ့ချီပြီး အရေးကြီးသည့်ကိစ္စ ပြောနေတာနဲ့မတူ ... ။ ထမင်းစားရင်း ပေါ့ပေါ့ပါးပါး အလ္လာပသလ္လာပ ပြောနေသလို ပုံစံမျိုး။

သွေးအေးတာလား ... ဟန်ဆောင်ကောင်းတာလား။

“မွန်း အရှင်းဆုံးပဲ ပြောပါ့မယ်၊ မင်း တောင်းဆိုတဲ့ အတိုင်း မွန်း လိုက်လုပ်မပေးနိုင်ပါဘူး ရောင်ဝါ ...”

“ဘာဖြစ်လို့လဲ မွန်း၊ မွန်း အဘွားရဲ့ သဘောထားကို မွန်းလည်း မလွန်ဆန်နိုင်လို့လား ... ၊ မွန်းဘက်မှာ ဘာ အခက်အခဲ ရှိနေလို့လဲ ...”

“မွန်းရဲ့ အခက်အခဲက မွန်းကိုယ်တိုင်ကိုက မင်းကို မငြင်းချင်တာပဲ ရောင်ဝါ ...”





“ဗျာ ...”

ဒီတစ်ကြိမ်မှာတော့ သူ့အံ့သြမှုက ဆုံးခန်းတိုင်သွားသည်။ ဒါ့ထက် အံ့သြစရာမရှိတော့သော အံ့သြမှုမျိုးဖြင့် သူ သူမကို ငေးကြည့်နေမိသည်။

“မင်းက ငြင်းစေချင်ပေမယ့် မွန်းက မငြင်းချင်ဘူးလေ၊ အဲဒီတော့ ဘယ်လိုလုပ်ရမလဲ ...”

သူ ဘာပြောရမှန်းမသိ ... ။ မမျှော်လင့်ဘဲ အလစ် ဝင်တိုက်ခံရတာမို့ ခံစစ်ကိုလည်း ပြင်ဆင်မလာမိခဲ့။ ဒီလို ကြုံရလိမ့်မယ်လို့ လုံးဝထင်မထားခဲ့ပါ။ သူ ဒီလိုပြောရင် သူမ ဘက်ကလည်း မာနတလှလှဖြင့် လက်ခံလိမ့်မည်ဟုသာ ထင်ထားခဲ့ပါသည်။ အကယ်၍ သူမဘက်က ရှက်ရမ်းရမ်းလာလျှင်တော့ တောင်းပန်ဖို့သာ ပြင်ဆင်လာခဲ့မိတာပင် ... ။

ခုတော့ ... သူမက တည်ငြိမ်ပြတ်သားစွာ သူ့ကို ရင်ဆိုင်နေသည်။ စိန်ခေါ်နေတယ်လို့တောင် ပြောရမလားပဲ ... ။

“မင်းမှာလည်း မင်း သဘောထားရှိသလို မွန်းမှာလည်း မွန်းရဲ့ သဘောထားဆိုတာ ရှိတယ်လေ ...”

သူ သက်ပြင်းချမိရင်း ...

“မွန်းရယ် ... ကျွန်တော်က မွန်းလောက်တောင် မပြည့်စုံတဲ့ သူပါ၊ မွန်း အဘွားနဲ့ ကျွန်တော့်အဘွားက သိပ်ချစ်



www.burmeseclassic.com

www.burmeseclassic.com

ကြလို့သာ မွန်းနဲ့ ကျွန်တော့်ကို လက်ထပ်ပေးဖို့ စိစဉ်ကြ ပေမယ့် အခြေအနေချင်းယှဉ်ရင် မွန်းတို့ဘက်က အများ ကြီးသာတာပါ၊ မွန်းမှာက အလှရော ... ပညာရော ... ဥစ္စာပစ္စည်းအရကော အရမ်းပြည့်စုံပါတယ်၊ ကျွန်တော်က ခုမှ ကြိုးစားနေရတုန်း ...၊ ဘာမှ သိပ်မပြည့်စုံသေးတဲ့ သူတစ်ယောက်ပါ၊ မွန်းနဲ့ဆို သိပ်တောင်မထိုက်တန်လှ ပါဘူး၊ ကျွန်တော့်လို လူတစ်ယောက်ကို ငြင်းမိတဲ့အတွက် မွန်းမှာ နောင်တရစရာအကြောင်း မရှိပါဘူး"

"မွန်း အခု မင်းသဘောကို ဆန့်ကျင်ပြီး ပြောနေတဲ့ အတွက်လည်း ဘယ်တော့မှ နောင်တရမှာ မဟုတ်ဘူး ရောင်ဝါ"

သူ စိတ်ရှုပ်လာပါသည်။

"အဲဒီတော့ အခု ကျွန်တော် ဘာဆက်လုပ်ရမလဲ မွန်း"

"မင်း ချစ်သူနာမည် ဘယ်သူလဲ ..."

"ဗျာ ..."

"နာမည်လေ၊ မင်း ချစ်သူ နာမည် ..."

"ပုလဲနှစ် ..."

"မင်း ပုလဲနှစ်နဲ့ မွန်းကို မိတ်ဆက်ပေးပါ"

"တာရှာ ... ကျွတ် ..."





သူ သူမကို စိတ်ပျက်သလို ကြည့်မိပါသည်။

"မင်းအတွက် သိပ်ခက်ခဲနေလို့လား ရောင်ဝါ"

"ခင်ဗျားပဲ စဉ်းစားကြည့်ပေါ့ဗျာ"

"မင်း မိတ်ဆွေနဲ့ မင်းချစ်သူကို မိတ်ဆက်ပေးတယ်လို့ သဘောထားနိုင်ရင် ဘာမှမခက်ခဲပါဘူး၊ စိတ်ကို ရှင်းရှင်း ထားတတ်ဖို့ပဲ လိုတာပါ"

သူ စိတ်အိုက်လာကာ ဆံပင်တွေကို သပ်တင် လိုက်မိရင်း ...

"ခင်ဗျားအနေအထားက တခြားမိန်းကလေးတစ်ယောက် နဲ့ အတိုက်အခံ အပြိုင်အဆိုင်ဖြစ်ရမယ့် အနေအထား မဟုတ်ပါဘူး မွန်း ...၊ ကျွန်တော်ကလည်း မိန်းကလေး နှစ်ယောက် အပြိုင်လုရလောက်အောင် တန်ဖိုးမကြီးပါ ဘူး"

"တန်ဖိုးကြီးတယ်၊ မကြီးဘူးဆိုတာ မင်းဆုံးဖြတ်ဖို့ မလို ပါဘူး၊ ဒီကိစ္စဟာ ရှုံးထွက်ပွဲစဉ် တစ်ခုပါ"

"ခင်ဗျာ ..."

"တန်ဖိုးနိမ့်ကျသွားတဲ့ သူက အလိုလို ဘေးရောက်သွား မှာပဲလေ၊ ခုနေတော့ အားလုံး သူ့တန်ဖိုးနဲ့သူ ရှိနေကြ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ သူမကို စေ့စေ့ကြည့်၍ အကဲခတ်လိုက်မိရင်း ...

"မွန်း ... မွန်း မာနကို ကျွန်တော် ဆွဲချမိလို့လား ..."

"ဘယ်လို ...၊ မင်း မေးခွန်းကို မွန်း နားမလည်ဘူး"

"မွန်းလို မိန်းကလေးတစ်ယောက်ကို ကျွန်တော် ငြင်းမိလို့ မွန်း မာနကို ထိပြီး မခံချင်စိတ်နဲ့ ခုလို အတိုက်အခံလုပ်နေသလားလို့ပါ"

"ဝတ္ထုတွေ ရုပ်ရှင်တွေကတော့ အဲ့ဒီလိုမျိုးတွေ ရေးတတ် ရိုက်တတ်ကြပါတယ်"

"ဟာ ... ခင်ဗျားဗျာ ... ကျေးဇူးပြုပြီး ကျွန်တော့်ကို သော ကြပ်နံကြပ်ဖြစ်အောင် မလုပ်ပါနဲ့လားဗျာ"

"မင်း မွန်းကို ကတိတစ်ခု ပေးထားပြီးပြီနော် ရောင်ဝါ"

"ဗျာ ...၊ ဘယ်တုန်းက ပေးထားမိလို့လဲ၊ ဘာကတိလဲ"

"ဟော ... မေ့တတ်လိုက်တာ၊ စောစောတုန်းကပဲ မင်း မွန်း လောင်းထားခဲ့တာ၊ မွန်း ပြောတာမှန်ရင် မွန်းရဲ့ တောင်းဆိုမှုတစ်ခုခုကို မင်း လိုက်နာပါ့မယ်ဆိုတာလေ"

"ခင်ဗျားက ဘာတောင်းဆိုမှာလဲ ..."

"မွန်း ဘာတောင်းဆိုမယ်ဆိုတာက အရေးမကြီးပါဘူး မွန်း ဘာပဲ တောင်းဆိုတောင်းဆို ကတိအတိုင်း မင်း ဘက်က လိုက်နာရတော့မှာပဲလေ ... ရောင်ဝါရဲ့"





သူ သူမကို စိတ်ပျက်လက်လျှော့စွာ ကြည့်ရင်း သူမရဲ့ တောင်းဆိုမှုကို စောင့်စားနေရသည်။ သူမကတော့ ဆိတ်ဆိတ်ရှိအပြုံးလေးကို နှုတ်ခမ်းမှာ ဆင်မြန်းထားလျက်ပင် ...။

ရောင်ဝါ့ရှေ့က လုံးဝမသောက်ရသေးသော ကော်ဖီခွက်ကတော့ အေးစက်နေပြီ။

သူမရှေ့က အအေးခွက်ကတော့ ပြောင်ရှင်းနေသည်။ ပိဇာကလည်း တစ်လုတ်စာပဲ ကျန်တော့သည်။ သူမက ဘက်ကျန် ပိဇာစိတ်ကလေးကို ခက်ရင်းဖြင့် ထိုးစားလိုက်ပြီး နောက် တည်တည်ငြိမ်ငြိမ် ပြောလိုက်ပါသည်။

"ထွေထွေထူးထူး ထပ်မတောင်းဆိုပါဘူး ရောင်ဝါ ...၊ အကြောင်းစုံဖွင့်ပြောပြီး ပုလဲနှစ်ကို မွန်းနဲ့ မိတ်ဆက်ပေးဖို့ပဲ တောင်းဆိုမှာပါ ..."

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

လင်းလက်လ ... ။

လင်းလက်လကို ရောင်ဝါ့ဘဝထဲသို့ ခွတ်အတင်းဆွဲခေါ်လာခဲ့သူက ရောင်ဝါ့အဘွား 'ဒေါ်ကျော့ကျော့' ဖြစ်ပါသည်။ အဘွားဆိုလို့ ဆံပင်ဖြူတစ်ဝက် မည်းတစ်ဝက်ကို ဆံထုံးထုံးပြီး ရင်ဖုံးအင်္ကျီ ဘာရီကိတ်လုံချည်နဲ့ ပဝါထူထူ ခြုံထားတဲ့ တုန်တုန်ရင်ရင် ပုံစံမျိုးကို မြေးမမြင်စေလိုပါ ... ။

ရောင်ဝါ့အဘွားဟာ ဟော့ရှော့ အဘွား ... ။

အဘွားက သူ့ဆံပင်တွေ တစ်ဝက်တစ်ပျက် ဖြူလာကတည်းက ...

"ကွက်ပြီး ဖြူနေတာနဲ့စာရင် တစ်ခေါင်းလုံး ဖြူတာက ပိုမိုက်တယ်၊ ငါ့ကို ဖျော့တီဆလွန်းတစ်ခုခု လိုက်ပို့ပေးကြစမ်းဟော့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ သူ့ဆံပင်တွေအားလုံးကို ဖွေးဖွေးဖြူအောင် ဆိုးပစ်လိုက်သည်။ အဘွားရဲ့ ဆံပင်ပုံစံက ကုပ်ဝဲရဲ့ ဆံပင်အရှည်ကို အလယ်ခွဲ ထိတိပပလေး ခွဲကာ အဖျားမှာ လိတ်ထားသည့် ပုံစံမျိုး။ ပြီးတော့ အဘွားက လုံချည်ဝတ်သူ မဟုတ်။ ဘောင်းဘီရှည်ပွပွတွေနှင့် ဘလောက်(စ်)အင်္ကျီ အပွင့်အဆင် အရောင်လွင်လွင်လေးတွေ၊ တီရှပ်အင်္ကျီတွေကို ဝတ်သည်။ အနက်ရောင် လေဒီရှူး အပျော့အပါးလေးတွေ စီးသည်။ လမ်းလျှောက်ဟန်ကသာ ကွကွကားကားနှင့် အဘွားကြီးပုံပေါက်ပေမယ့် လူပုံကတော့ တကယ့် ဟော့ရှော့ ...။

ပြီးတော့ ... အဲဒီ ဟော့ရှော့အဘွားရဲ့သြဇာက တစ်အိမ်လုံးအပေါ် သက်ရောက်နိုင်သည်။ အဘွားရဲ့ စိတ်နောက်ကိုယ်ပါ တဖွတ်ထိုးဆန်မှုတွေက ခုချိန်မှာ ရယ်စရာ စိတ်ညစ်စရာ ဖြစ်ရပေမယ့် တစ်ချိန်က အဘွားဟာ အလွန်ထက်မြက်ခဲ့သူ၊ ဖေဖေ ဆက်ခံဖို့ စီးပွားရေးလုပ်ငန်းတွေကို စတင်ထူထောင်ပေးခဲ့သူ ဖြစ်ပါသည်။ ထို့ကြောင့်ပင် အဘွားရဲ့ သြဇာကို မလွန်ဆန်ရဲကြဘဲ ချစ်ကြောက်ရိုသေခဲ့ရတာပင် ...။

အဘွားဟာ အသက် ၇၀ သာ ကျော်ပေမယ့် စိတ်ကတော့ မလျော့ ...။ စိတ်ဆောင်လို့ပဲလား မသိ ... ကျန်းကျန်းမာမာ သွက်သွက်လက်လက်နှင့် သတိလည်း မမေ့ ...။





မနက် မနက်ဆို သူ့အရွယ် အဘွားကြီးတွေနှင့်ချိန်းကာ ကန်တော်ကြီးထဲမှာ လမ်းသွားလျှောက်သည်။ အဘွားကြီးအချင်းချင်းသာမက လူငယ်တွေနှင့်လည်း အပေါင်းအသင်းလုပ်သည်။ ခေတ်လူငယ်တွေရဲ့ ဗန်းစကားတွေကို အဘွား အကုန်သိသည်။ သူကိုယ်တိုင်လည်း သုံးနှုန်းတတ်တာမို့ အိမ်သားတွေက အဘွား မမြင်အောင် ကျိတ်ကျိတ်ပြုံးရသည်။

တစ်မနက်မှာ အဘွားက ပုံမှန်ထက် ပို၍ အလှတွေ ပြင်ဆင်ကာ သူ့အခန်းမှ ထွက်လာပါသည်။ စတိုင်လ် ဘောင်းဘီရှည် အနက်၊ ပန်းဆီရောင် ကုတ်အင်္ကျီလက်ရှည်၊ လေဒီရှူး(စ်) အနက်နှင့် မီးချောင်းသားရေ လက်ကိုင်အိတ်ကို လက်မှာချိတ်ထားသည်။ ဖြူဖွေးနေသော ဆံပင်တိုတိုကို ဖွဖွဖောင်းဖောင်း ခွေခွေလိမ်လိမ်ကလေး ပုံသွင်းကာ နေကာမျက်မှန် အမည်းကြီး တပ်ထားသည့် အဘွား ပုံစံက တကယ့်ကို အမိုက်စား ...။

ထိုအမိုက်စား အဘွားက ကွတတ ကားတားတား လျှောက်လာရင်း ရောင်ဝါ့ကို လှမ်းခေါ်လိုက်သည်။

"မြေးရေ ... ရောင်ဝါ ... လာဟေ့ ... လေဆိပ် သွားရအောင်"

"ဟင် ... လေဆိပ်ကို ဘာသွားလုပ်မလို့လဲ၊ ဝါး ... ဒီဘွားဘွားကြီးက အပြတ်မိုက်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com

"အေး ... အဘွားမိုက်သလို မြေးလည်း မိုက်ဖို့လိုတယ်၊ သွား ... အဝတ်အစား သွားလဲချည် ...၊ မြေး ဟိုတလော က ဝတ်တဲ့ ငှက်ပျောညွန့်ရောင် ရှပ်အင်္ကျီအကျပ်လေး နဲ့ စတိုင်လ်ဘောင်းဘီ အမည်းလေး ဝတ်လာခဲ့၊ ဆံပင် တွေကို ဂျဲလ်မီးပြီး ထောင်ထောင်လေး လုပ်လာခဲ့၊ မြေးနဲ့ ဆံပင်အထောင်လေးနဲ့ လိုက်တယ်၊ ဟဲ့ ... တစ်ခေါင်းလုံး တော့ မထောင်ခဲ့နဲ့နော်၊ ရှေ့ဆံပင် အရှည်လေးတွေကို ခွေခွေစင်းစင်းလေး ချပြီး ထိပ်ပိုင်းနဲ့ ဆောင်းပိုင်းကို ဖွရှုပ် ထောင်လေး လုပ်လိုက် ... ကြားလား"

"အာ ... အဘွားကလည်း လေဆိပ်ကို ဘာသွားလုပ်မှာ မို့လို့လဲ၊ အရင်လိုပဲ ဩစတြေးလျက လာလိုက်၊ အမေရိ ကားက လာလိုက်၊ စင်ကာပူက လာလိုက် လုပ်နေတဲ့ အဘွားသူငယ်ချင်း ဘွားဘွားကြီးတွေကို သွားကြိုမှာပဲ မဟုတ်လား"

"ဟုတ်တယ်လေ ... သွားကြိုမှာတော့ သွားကြိုမှာပဲ၊ ဒါပေမယ့် ဒီတစ်ကြိမ် ကြိုရမှာက အရေးကြီးတယ်၊ အဲ့ဒီတော့ အဘွားကို ဘာမှပြန်မေးမနေဘဲ အဝတ်သွား လဲလိုက်တော့ ..."

"ဒီအဝတ်အစားနဲ့ လိုက်လို့မရဘူးလား အဘွားရာ"





အဘွားက သူ့မျက်မှန်အမည်းကြီးကို ချွတ်ပြီး ရောင်ဝါ့ကို ခြေဆုံး ခေါင်းဆုံးကြည့်သည်။ ဂျင်းဘောင်းဘီ ဒူးလောက်အတို အပြာနှင့် တီရှပ်လီမွှော်ဝါလေး ဝတ်ထားသော ရောင်ဝါ့ကို သေချာကြည့်ပြီးမှ ခေါင်းတစ်ချက်ယမ်းကာ ...

"ဒီပုံက မိုက်တော့ မိုက်တယ်၊ ဒါပေမယ့် သိပ်ခိုက်စရာ မကောင်းဘူး၊ ဘွား ပြောတဲ့အတိုင်းပဲ သွားလဲလိုက် ..."

"အဘွားတို့ကတော့ လုပ်ပြီ ..."

ရောင်ဝါက ခေါင်းကိုကုပ်ဖွရင်း အခန်းထဲဝင်လာ ကာ အဘွားဝတ်ခိုင်းသည့် အဝတ်အစားတွေကို လဲဝတ်လိုက် ရပါသည်။ ပြီးတော့ ... ဆံပင်ကိုလည်း ဘွားစကားအတိုင်း ဖွရှုပ်ထောင် လုပ်ရသေးသည်။

ရောင်ဝါ အခန်းထဲက ပြန်ထွက်လာတော့ အဘွား က ရောင်ဝါ့ကို ခြေဆုံးခေါင်းဆုံး ထပ်ကြည့်ပြီးမှ အားပါးတရ ပြုံးလျက် လက်မထောင်ပြလိုက်ရင်း ...

"အိုကေ ... ဗွတ်ဒ်တယ် မြေး၊ ဒေါက်တာမာတင် ကွင်းစွပ် ဖိနပ်လေး စီးလိုက်ရင်ပြီးပြီ၊ ဒါနဲ့ မြေးရဲ့ ဒေါက်တာ မာတင်က ကော်ပီလား ... ယူအက်စ်လား"

"ယူအက်စ်ပါ အဘွားရဲ့"

"အေး ... အေး ... ယူအက်စ်ပဲစီး၊ ကော်ပီ မစီးနဲ့၊ ပိုက်ဆံ မရှိရင် ပြော၊ အဘွားပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘွားက ဒီနေ့မှ ပို၍ သဘောတွေကောင်းနေ၊ တက်ကြွ မြူးရွှင်နေသည်။ လေဆိပ်ကိုသွားသည့် လမ်းတစ်လျှောက် ကားပေါ်မှာ မေရှင်ရဲ့ 'ရှေးရေစက်' သီချင်းကို ခပ်တိုးတိုး ဆိုညည်းလာသည်။

မြေးအဘွားနှစ်ယောက် လေဆိပ်ထဲကို ဝင်လာတော့ အဘွားက အရင် ရှေ့ကနေ ကွတကွတ လျှောက်ဝင်သွားသည်။ လေယာဉ်ဆိုက်ရောက်ချိန် ရောက်တော့လည်း မှန်နံရံအတွင်းဘက်ကို လည်ပင်းရှည်မျှော်ငေးရင်းဟိုနားက သွားရပ်မျှော်လိုက်၊ ဒီနားက သွားရပ်မျှော်လိုက်နှင့် မျက်စိနောက်လောက်အောင် ယောက်ယက်ခတ်နေသည်။ အနီးတစ်ဝိုက်က လူတွေကလည်း အဘွားရဲ့ ခပ်ဆန်းဆန်း ပုံစံကို လှမ်းကြည့်ပြုံးတုံ့နေကြပါသည်။

ရောင်ဝါကတော့ အဘွား ဒီလောက် ထက်သန်မျှော်လင့်နေသူဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးများပါလိမ့်ဟု သိချင်လာမိပါသည်။

'ခဏနေတော့ ထွက်ပေါက်ဘက်မှ နိုင်ငံခြားသားတွေရော မြန်မာတွေပါ ခရီးဆောင်အိတ် တင်ထားသည့် တွန်းလှည်းလေးတွေကို တွန်းလျက် အလျှိုအလျှို ထွက်လာနေကြပါသည်။ ရောင်ဝါက အဘွားမိတ်ဆွေဟာ ဘယ်သူများ ဖြစ်နိုင်





မလဲဟု မှန်းဆလှမ်း မျှော်ကြည့်နေဆဲမှာ အဘွားရဲ့ လက်တစ်ဖက်က လေထဲသို့ မြှောက်တက်သွားသည်။

"ဟိုင်း ... ရှင်းရှင်း"

"ဟိုင်း ... ကျော့ကျော့"

အဘွားက လက်တစ်ဖက်ကို လေထဲမှာ တအားကို လှုပ်ယမ်းနေသည်။ အဘွားလိုပဲ လက်ဝှေ့ယမ်း နှုတ်ဆက်နေသူဟာ ...

အဟား ... ဒီတစ်ယောက်ကလည်း ထူးထူးဆန်းဆန်းထဲကပါလား ...။ ထိုအဘွားကို အတွေ့မှာ ရောင်ဝါ့စိတ်ထဲကနေ 'ဟိုက်' ခနဲ အော်ရင်း ရယ်ချင်သွားရပါသည်။

ထိုအဘွားရဲ့ ဆံပင်တိုတိုက ရွှေဝါရောင် ...။ သားခွဲ ခွဲကာ အထပ်အထပ်ညှပ်ထားပုံက ဟိုတုန်းက ဒိုင်ယာနာမင်းသမီးရဲ့ ဆံပင်လို ပုံကျလှပနေသည်။ အဖြူရောင်ချည်သားစကာဒ် ရှည်ရှည်ကားကားကြီးနှင့် အစိမ်းဖျော့ရောင် ဘလောက်စ်လက်ပြတ်ကို ဝတ်လျက် ကြိုးသိုင်းဖိနပ်ပါးကို စီးကာ ကြိုးရှည်ရှည် အိတ်သေးသေးလေးကို စလွယ်သိုင်းလွယ်ထားသော ထိုအဘွားဟာ ရောင်ဝါ့အဘွားနှင့် သက်တူ ရွယ်တူလောက်ပင် ...။ နိုင်ငံခြားမှာ အနေကြာခဲ့လို့ နိုင်ငံခြားသူ အဘွားကြီးတွေ ပုံစံမျိုး ပေါက်နေပေမယ့် မျက်နှာကတော့ မြန်မာဆန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျော့ကျော့ ..."

"ရှင်းရှင်း ..."

အဘွားနှစ်ယောက်ဟာ ရုတ်တရက် ပြေးဖက်လိုက်ကြပြီး တစ်ယောက်ရဲ့ပခုံးကို တစ်ယောက်က အားပါးတရကြီးပုတ်ခတ် နှုတ်ဆက်လိုက်ကြပါသည်။ ပြီးတော့ တစ်ယောက်ခါးကို တစ်ယောက်ဖက်ကာ ဆွတဆွတဲ ဖြစ်နေကြပြန်သည်။

ရောင်ဝါက ငွေရောင်ဘွားဘွားနဲ့ ရွှေရောင်ဘွားဘွားနှစ်ယောက်ကို ပြုံးကြည့်ရင်း စိတ်ရှည်လက်ရှည် စောင့်ပေးနေဆဲမှာ ရွှေရောင်အဘွားရဲ့ နောက်နားဆီက ရောင်ဝါ့ကို ကြည့်နေသည့် မျက်ဝန်းတစ်စုံကို သတိပြုမိသွားပါသည်။

သူမက ရွှေရောင်အဘွားရဲ့ နောက်မှာ တွန်းလှည်းလေးကို ကိုင်၍ရပ်နေရင်း ရောင်ဝါ့ကို ပြုံးတုံ့တုံ့ စိုက်ကြည့်နေသည်။ သူမအကြည့်က ရှုရှုတတ ရှိလှတာမို့ မျက်လုံးချင်းဆုံမိုက်မှာ သူ အိုးတိုးအမ်းတမ်း ဖြစ်ရပါသည်။ သူမက ရွှေရောင်အဘွားနှင့် အတူပါလာသူ ဖြစ်နိုင်ပါသည်။

သူမက လှသည်။ ပြီးတော့ ဆွဲဆောင်မှုရှိသည်။ ဒူးအထိ ဂါဝန်စိမ်းပုပ်ပုပ်အရောင် ခပ်ကျပ်ကျပ်လေးနှင့် ကြက်သွေးရောင် တီရှပ်အကျပ်ပေါ်မှာ လိမ္မော်ရောင် ကုတ်အကျႌရှည်ကို ကြယ်သီးဖွင့်၍ ထပ်ဝတ်ထားပြီး ခြေသလုံးတစ်ဝက်ထိ





ရှည်သော လည်သာဖိနပ်ရှည်ကို ဝတ်ထားသည်။ အထပ်ထပ်ဆေးတွေ ဖွာလန်နေသော ဘေးခွဲဆံပင်က မဟော်ဂနီရောင်ဖျော့သမ်းနေသည်။ ဆံပင်အဖျားစလေးတွေက ပခုံးတစ်ဝိုက်ကျောပေါ်မှာ စင်းဖြာကျနေသည်။ သမင်ရောင် ကြိုးရှည်ရှည်အိတ်ကို လွယ်ကာ တွန်းလှည်းကိုင်၍ ရပ်နေသော သူမကိုသိပ်လှပြီး စမတ်ကျသူဟု သူ အသိအမှတ် ပြုရသည်။

"ကျော့ကျော့ ... သူက ယူ့မြေး လင်းရောင်ဝါလား"

"ဟုတ်တယ် ရှင်းရှင်း"

"အိုး ... မိုင်ဂေါ့ဒ်၊ ထင်ထားတာထက်ကို ကြည့်ကောင်းနေပါလား၊ ဇဲရီးစမတ်ပဲ ...၊ ဒီပုံအတိုင်းဆို အဲဗရီးသင်းအိုကေမှာပဲ ...၊

"အိုး ... ဟိုး ... ဟိုး ... ခုမှ စဉ်းစားမိတယ်၊ လင်းရောင်ဝါဆိုတော့ အိုင့်မြေးရဲ့ နာမည်နဲ့ သဘောတရားချင်း သိပ်မကွာပါလား၊ အိုင့်မြေး နာမည်က လင်းလက်လ တဲ့၊ အင်္ဂလိပ်လိုတော့ မွန်းလို့ ခေါ်တာပေါ့၊ လင်းရောင်ဝါက နေ ဆိုရင် အိုင့်မြေးက လင်းလက်တဲ့ လကလေးပေါ့၊ မွန်းရေ ... လာ ... အဘွားနား လာခဲ့ဦး ..."

"မြေး ... ရောင်ဝါ ... လာ ... လာ ... ဒီနားကို"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်အဘွားက လှမ်းခေါ်တာမို့ သူမက အဘွားနားသို့ ကပ်သွားသည်။ ရွှေရောင်အဘွားက သူမလက်ကို လှမ်းဆွဲသည်။ ရောင်ဝါရဲ့ ငွေရောင်ဘွားဘွား ခေါ်ကျောကျောကလည်း ရောင်ဝါ့လက်ကို လှမ်းဆွဲခေါ်လိုက်ပါသည်။

"မြေးလေး ... မွန်း၊ ဒါ ... အဘွားသိပ်ချစ်တဲ့ အဘွားသူငယ်ချင်း ခေါ်ကျောကျောတဲ့၊ ကျောင်းတုန်းကဆို ကျောကျောနဲ့ ရှင်းရှင်းအတွဲက ကျော်ရှင်းတဲ့ သူငယ်ချင်းနှစ်ယောက်ဆိုပြီး အရမ်းကျော်ကြားခဲ့တာပေါ့၊ အဘွားတို့ အချင်းချင်း သိပ်ချစ်ခဲ့ကြလွန်းလို့ တချို့က အချစ်တော်တွေလို့တောင် စွပ်စွဲချင်ခဲ့ကြတာ"

"မြေး ... ရောင်ဝါ ... ဒါ အဘွားသူငယ်ချင်း ခေါ်ရှင်းရှင်းတဲ့၊ သူက အမေရိကားကလူနဲ့ အိမ်ထောင်ကျပြီး ဟိုမှာ လိုက်နေခဲ့ရတာ နှစ်ပေါင်းများစွာပေါ့ကွယ်၊ သူ့အမျိုးသားက မြန်မာပါပဲ၊ ဒါပေမယ့် ဟိုမှာ အလုပ်လုပ်တာကြာပြီဆိုတော့ ဟိုမှာပဲ အခြေချလိုက်ကြတာ၊ ရှင်းရှင်းက အစောပိုင်းတုန်းက နှစ်နှစ် သုံးနှစ် တစ်ခေါက်ဆိုသလို ပြန်လာဖြစ်သေးပေမယ့် ခုနောက်ပိုင်း မပြန်ဖြစ်တာ ဆယ်နှစ်ရှိပြီလေ၊ ခုမှပဲ အဘွားတို့ ပြန်ဆုံခွင့်ရတာ ..."

"မြေးလေး မွန်း ... သူက ကျောကျော မြေးလေး လင်းရောင်ဝါလေ၊ မချောဘူးလား ... အဟင်း ... ဟင်း"





"ဟင်း ဟင်း ... မြေး ရောင်ဝါ ... သူက ရှင်းရှင်း မြေးမလေး လင်းလက်လတဲ့၊ မလှဘူးလားကွယ် ..."

အဘွားနှစ်ယောက်ရဲ့ စကား အသွားအလာကို အကဲခတ်ရင်း ထိုအဘွားနှစ်ယောက် ဘာကိုရည်ရွယ်နေကြသလဲ ဆိုတာကို ရောင်ဝါ သဘောပေါက်လာပါသည်။ ရောင်ဝါ့လိုပဲ လင်းလက်လလည်း သဘောပေါက်မှာပင် ...။ ရောင်ဝါက ရှက်အမ်းအမ်းနှင့် လင်းလက်လကို အားနာသလို မျက်နှာပူသလို ဖြစ်မိပေမယ့် သူမကတော့ ပုံမှန်ပင် ...။

အဘွားနှစ်ယောက်က စကားတွေ ရေပက်မဝင်အောင် ပြောရင်း လေဆိပ်ထဲမှ ထွက်လာသည်။ လင်းလက်လက အဘွားရှင်းသေးမှ၊ ရောင်ဝါက အဘွားကျောသေးမှ ခြံရံ၍ လျှောက်ထွက်လာနေဆဲမှာ ရောင်ဝါ့ဖုန်းသံ မြည်လာပါသည်။ ခုလဲနှစ်ဆီက ဖုန်းမို့ ရောင်ဝါက အဘွားနောက်မှာ ခြေလှမ်းနှေးလှမ်းစာလောက် ဆုတ်ချန်နေခဲ့ရင်း ဖုန်းဖွင့်လိုက်ပါသည်။

"ဟဲလို ..."

"အလင်းရေ ... အလင်း ဖုန်းကို နှစ် ခေါ်နေတာကြာပြီ၊ အလင်း ဘယ်ရောက်နေလဲ ..."

"လေဆိပ်မှာ ... အဘွား ဒေါ်သည် လာကြိုလို့ လိုက်ပို့ပေးနေတာ နှစ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အဘွားနဲ့ အတူရှိနေတာပေါ့၊ အလင်း အဘွားက တော်တော်မလွယ်ဘူး၊ ဟိုတစ်ခါ အလင်းတို့အိမ်ဖုန်းကို နှစ် ဆက်တုန်းက နှစ်ကို ဟောက်ထုတ်တယ်၊ အလင်း ဖုန်းပြောနေတာမြင်ရင်လည်း ဘယ်သူလဲ ဘယ်ဝါလဲ၊ ဘာတွေ ပြောနေတာလဲလို့ စပ်စုဦးမှာ မဟုတ်လား၊ နှစ် ဖုန်းချလိုက်တော့မယ်၊ အလင်း နောက်မှ ပြန်ဆက်လိုက်တော့ ..."

ရောင်ဝါက ဖုန်းပိတ်လိုက်ပြီး ရှေ့ကသွားနှင့်နေသော အဘွားတို့ဆီ လှမ်းကြည့်တော့ လင်းလက်လက ရောင်ဝါ့ဘက်သို့ သမင်လည်ပြန် ကြည့်၍ တစ်ချက်ပြုံးလိုက်ပြီး ရှေ့ဘက် ပြန်လှည့်သွားသည်။ လင်းလက်လရဲ့ အပြုံးကြောင့် ရောင်ဝါ့စိတ်ထဲ မလုံမလဲဖြစ်သွားသည်။ သူမအပြုံးက ရောင်ဝါ ရည်းစားနဲ့ ဖုန်းပြောတာကို 'ငါသိပါတယ်' ဟု ပြုံးသောအပြုံးမျိုးလားဟု ထင်လိုက်မိသည်။

ရောင်ဝါက သူတို့နောက်သို့ မီအောင်လိုက်လာခဲ့ပြီး ...

"အဘွားတို့ ဒီရှေ့မှာပဲ ခဏရပ်စောင့်နေနော်၊ ကျွန်တော် ကားပါကင် ထိုးထားတာ သွားမောင်းယူလာခဲ့မယ်"

"ဟဲ့ ... မြေး ... မင်းက တို့ကို အိုနာကျိုးကန်း လမ်းဆုံး





ဘူတာရောက်နေတဲ့ အဘွားကြီးတွေလို့ ထင်နေတာလား"

"ခင်ဗျာ ..."

အဘွားခေါ်ရှင်းရှင်း စကားကြောင့် ရောင်ဝါက ခြေလှမ်းတုံ့ရပ်သွားသည်။

"မြေးရယ် ... မင်းက ရှင်းရှင်းပြောလည်း ပြောစရာပဲကိုး၊ ကားပါကင်က ဘယ်လောက်ဝေးမှာမို့လို့လဲ၊ လမ်းလျှောက်သွားရင်လည်း ရောက်တာပဲဟာ၊ လူဆိုတာ အသက်ကြီးလို့ဆိုပြီး သက်သက်သာသာ နေလွန်းရင် ပိုပြီး အအိုမြန်တယ်ကွယ့်၊ သူလည်း ဟိုမှာ လမ်းလျှောက်စက်နဲ့ လမ်းလျှောက်တုန်း၊ အဘွားလည်း ဒီက ကန်တော်ကြီးမှာ လမ်းလျှောက်တုန်းပဲဟာ၊ ကဲ ... ကဲ ... လာလာ ... လမ်းလျှောက်သွားရအောင်၊ အထုပ်အပိုးတွေကိုတော့ မင်းဘာသာသယ်ခဲ့၊ ဘယ်လောက်မှ မလေးဘူး"

အဘွားနှစ်ယောက်က ရှေ့ကနေ ကျော့ကျော့ရှင်းရှင်း လမ်းလျှောက်ထွက်သွားတာမို့ ရောင်ဝါနှင့် လင်းလက်လက လက်ဆွဲအိတ်တွေကို ဆွဲကာ ကားဆီလျှောက်လာခဲ့ပါသည်။ ထိုအချိန်အထိ သူမနှင့်စကားမပြောဖြစ်။ သူမကလည်း ရောင်ဝါ့



www.burmeseclassic.com

www.burmeseclassic.com

ကို မကြာခဏ ကွက်ကြည့် ကွက်ကြည့် လုပ်နေပေမယ့် စကား စ, မလာသေးပါ။

ကားပေါ်ရောက်တော့ အဘွားနှစ်ယောက်က နောက်ခန်းမှာ အတူထိုင်ကြသဖြင့် လင်းလက်လက ရောင်ဝါ့ ဘေးမှာ ထိုင်လိုက်ရပါသည်။

ကားမောင်းထွက်လာတော့ လင်းလက်လက ထိုင်ခုံခါးပတ်ကို ဆွဲယူကာ သူမခါးမှာပတ်လိုက်သည်။ ပြီးတော့ ရောင်ဝါ့ဘက်ကို လှည့်ကြည့်ကာ ...

"ခါးပတ် ပတ်ဖို့ မေ့နေတာလား ..."

ဟု ပြောပြီး ရောင်ဝါ့နားဘေးက ထိုင်ခုံခါးပတ်ကို ဆွဲယူပတ်ချိတ်ပေးလိုက်လေသည်။

သူမ အပြုအမူက မြန်ဆန်လွန်းတာမို့ သူ အံ့သြမှင်သက်သွားရပါသည်။ သူမခန္ဓာကိုယ်လေး ဖျတ်ခနဲ နီးကပ်လာတာ၊ ထိုင်ခုံခါးပတ်ကို ကျွမ်းကျင်လျင်မြန်စွာ ဆွဲချိတ်ပေးလိုက်တာက လျှပ်တစ်ပြက် ကာလလေးမှာပင်။ သူမ ပုံစံကဘာမှ မထူးဆန်းသော အလုပ်တစ်ခုကို လုပ်လိုက်ရသလိုမျိုး။ သူ့မှာတော့ အားနာအိုးအမ်းလျက် ကျန်ရစ်ရပါသည်။

ပြီးတော့ ... သူမထံက ရလိုက်သော ရေမွှေးနံ့ဟာ သူဆွတ်နေကျ ရေမွှေးနံ့နှင့် အတူတူပဲဆိုတာ သတိပြုမိလိုက်





သည်။ သူ့ရေမွှေးက Valentino။ ဘွားကျော့ သူငယ်ချင်းကဲ့ သူ့မွေးနေ့လက်ဆောင်အဖြစ် ပို့ပေးသော ရေမွှေးဖြစ်ပါသည်။ ဒါဆို ဘွားရှင်းပေးတာ ဖြစ်နိုင်တာပေါ့။ ဘွားရှင်းက ရောင်ဝါ့ ကိုပေးသည့် ရေမွှေးမျိုးကို သူ့မြေး လင်းလက်လဖို့ပါ ပေးခဲ့ပုံရပါသည်။ သူက သူမဘက်ကို လှည့်ကြည့်ပြုံးပြမိရင်း ...

"ဒီမှာက နိုင်ငံခြားသား တချို့ကလွဲရင် ကားထိုင်ခုံခါးပတ် သိပ်ပတ်လေ့မရှိဘူးလေ၊ မော်ဒယ်နိမ့်နိမ့်ကားတွေမှာ ထိုင်ခုံခါးပတ်တောင် မရှိကြတော့ပါဘူး၊ ကားပြင်ကြရင်လည်း ထိုင်ခုံခါးပတ်ကို ဝယ်ထည့်တာ ပြင်တာမျိုး မရှိဘူးလေ၊ ခါးပတ်ပတ်တဲ့ အကျင့်မှ မရှိကြဘဲကိုး"

"သြော် ... သြော်၊ ဟိုမှာတော့ မဖြစ်မနေ ပတ်ကြတယ်လေ"

သူမက ခေါင်းတစ်ချက်ညိတ်၍ ပြောလိုက်ပြီး လမ်းဘေးမြင်ကွင်းတွေကို ကြည့်ကာလိုက်လာသည်။

အဘွားခေါ်ရှင်းရှင်းတို့ တည်းမည့် အိမ်ရှေ့ရောက်တော့ အဘွားနှစ်ယောက်က စကားတပြောပြောနှင့် အိမ်ထဲသို့ ဝင်သွားနှင့်သည်။ ရောင်ဝါက ကားနောက်ဖုံးကိုဖွင့်ကာ ပစ္စည်းတွေကို ချနေဆဲ လင်းလက်လက အနားမှာလာရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရောင်ဝါ ... မနက်ဖြန်အားရင် မွန်းကို မြို့တစ်ပတ်ကားမောင်းပို့ပေးနိုင်မလား၊ မွန်း ဒီကိုမရောက်တာကြာတော့ လမ်းတွေနဲ့ နေရာသစ်တွေကို မသိတော့ဘူးလေ၊ အဘွားကလည်း သွားလာဖို့ အခက်အခဲရှိရင် မင်းကို အကူအညီတောင်းဖို့ မှာထားလို့ပါ"

"ဟုတ်ကဲ့ ... ကောင်းပါပြီ၊ ကျွန်တော် ပို့ပေးပါ့မယ်"

"အိုကေ ... သင့်ခ်ယူး ..."

သူမက ကျေးဇူးစကားဆိုပြီး လက်ဖဲ့ရှိတစ်လုံးကို ဆွဲကာ ရှေ့မှဝင်သွားနှင့်သည်။ သူ သူမကိုလှမ်းကြည့်ရင်း သက်ပြင်းချကာ ခေါင်းကို ကုပ်ဖွလိုက်မိပါတော့သည်။

♥ ♥ ♥



✦ ✦ ✦

"မြေးရေ ... မွန်းက မင်းအတွက်ပဲကွယ့်"

"ဗျာ ..."

"မဗျာနဲ့၊ ဘွားပြောတာ သေသေချာချာ နားထောင်ပြီးရင် ခေါင်းညိတ်လိုက်တော့၊ မင်းတို့ အူဝဲလေးအရွယ်ကတည်းက အဘွားနဲ့ ရှင်းရှင်းက မင်းတို့နှစ်ယောက်ကို ကြီးလာရင် ပေးစားဖို့ သဘောတူထားကြတာ၊ အဘွားမသိအောင် မင်း ရည်းစားထားနေတယ်ဆိုရင်လည်း သားမှာ ရည်းစားရှိလို့ ငြင်းပါရစေတို့ ဘာတို့ လာမပြောနဲ့၊ ဒီခေတ်ကြီးမှာ ရည်းစားထားတော့ တစ်ယောက်၊ ညားတော့ တစ်ယောက်ဆိုတဲ့ ကိစ္စတွေဟာ ဘာမှမဆန်းဘူး"

အဘွားက ဗွတ်ဗျာ ... ဗွတ်။ ရောင်ဝါ တကယ်ပဲ စိတ်ရှုပ်လာပါသည်။ နေရာတကာ သူ့သဘောနဲ့သူ ဗွတ်လုပ်



www.burmeseclassic.com

www.burmeseclassic.com


ချင်လှတဲ့ အဘွား။ ခုလည်း ရောင်ဝါ့အိမ်ထောင်ရေးကိစ္စကို စွတ်လုပ်လာပြန်သည်။

ရောင်ဝါက ဘယ်လို ဆင်ခြေပေးပြီး ငြင်းရင် ကောင်းမလဲဟု ခဏစဉ်းစားကာ ...

"အဘွားရဲ့ မွန်းက နိုင်ငံခြားမှာ အကြာကြီးနေလာတော့ မြန်မာ့ယဉ်ကျေးမှုတွေ ဘာတွေ သိပ်နားမလည်ဘဲ ခေတ်ရှေ့ပြေးနေမှာပေါ့၊ ဒီအရွယ်တောင်ရှိပြီဆိုတော့ ဟိုမှာ ယောကျ်ားလေးတွေနဲ့ ဒိတ်လုပ်တာတို့ ဘာတို့၊ ဒီ့ထက် ပိုဆိုးရင် လစ်ဗင်းတူဂဲသားတို့ ဘာတို့ ..."

"ဟော့ ... ဟော့ ... တစ်ဖက်သားအကြောင်း သေချာမသိဘဲ ရမ်းပြောမနေနဲ့၊ ဘွားက မြေးထက်တောင် ပိုစဉ်းစားတတ်သေးတယ်၊ မွန်းက ဟိုမှာနေပေမယ့် သူ့ အဘွားရဲ့ အုပ်ထိန်းသွန်သင်မှုနဲ့ ကြီးပြင်းလာတာ ..."

"သူ့အဘွားကိုယ်တိုင်က ခေတ်ရှေ့ပြေးနေတာ"

"မြေးက ရှင်းရှင်းရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ပုံစံကိုကြည့်ပြီး ပြောတာလား၊ လူတစ်ယောက်ကို အပေါ်ယံကြည့်ပြီး မဆုံးဖြတ်လေနဲ့၊ ရှင်းရှင်းက ခေတ်ရှေ့ပြေးတာမဟုတ်ဘူး၊ ခေတ်မီတာ၊ ခေတ်နဲ့အညီ ပေါ့ပေါ့ပါးပါး ဝတ်စားဆင်ယင်တတ်ပေမယ့် မြန်မာစရိုက်ကို ဘယ်တော့မှ



မမေ့ဘူး၊ သူတို့အိမ်မှာဆို အမြဲ မြန်မာစကားပဲ ပြောတယ်၊ သူ့သမီးကိုလည်း ဟိုက မြန်မာမိသားစု အချင်းချင်းထဲက မြန်မာယောကျ်ားနဲ့ပဲ ပေးစားထားတယ်၊ သူ့သမီးက မွေးတဲ့ သူ့မြေး မွန်းကို ငယ်ငယ်လေးကတည်းက မြန်မာစာ ရေးတတ် ဖတ်တတ်အောင် သူကိုယ်တိုင် သင်တယ်၊ မြန်မာစာအုပ်တွေ ပေးဖတ်တယ်၊ မြန်မာဇာတ်ကားတွေ ကြည့်ခိုင်းတယ်၊ မြန်မာနိုင်ငံကို မကြာခဏပြန်လာခိုင်းတယ်၊ မွန်းက ဟိုမှာနေပေမယ့် မြန်မာမှု စရိုက်နဲ့ လုံးဝ ကင်းကွာမနေဘူး၊ ဘယ်ယောကျ်ားလေးနဲ့မှလည်း date မထွက်ဖူးဘူး"

"သူ့ဘာသာ ထွက်လည်း ကိုယ်မြင်ရတာမှ မဟုတ်တာ ဘွားရဲ့"

"ငါ့မြေး လင်းရောင်ဝါ၊ မင်း ဘာအကြောင်းပြချက်မှ မပေးနဲ့တော့၊ ဘွားပြောတာကိုသာ အေးအေးချမ်းချမ်း လက်ခံလိုက်တော့ ..."

အဘွားက သူ့ထုံးစံအတိုင်း ဇွတ်တရွတ် အမိန့်ချမှတ်သည်။

ရောင်ဝါမှာ လတ်တလော ဆုံးဖြတ်ချက် ဘယ်လိုချရမှန်းမသိသေးဘဲ အဘွား သဘောကျ အလိုက်သင့် နေနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မှာ လင်းလက်လက်ကို သွားခေါ်ကာ မြို့လုံးအနှံ့ ကားလျှောက်မောင်းရင်း နေရာသစ်၊ ဆိုင်သစ်၊ ရှော့ပင်းစင်တာ အသစ်တွေကို လိုက်လံပြသရသည်။

သူမနှင့်အတူ သွားလာရတာ ကျော့မလိုလိုပါ။ ပုလဲနှစ် သိလျှင် ပြဿနာတက်မှာ စိုးရသေးသည်။ အတူသွားလာရင်း သူမနှင့် အဘွားချင်း သဘောတူထားသည့် ကိစ္စကို ဘယ်ကဘယ်လို စငြင်းရင် ကောင်းမလဲဟု စဉ်းစားရသည်။ ချက်ချင်းကြီး ငြင်းပြန်ရင်လည်း သူမအပေါ် မငဲ့ညှာရာကျဦးမည်။ သူမနှင့်အတူ သွားလာနေရခိုက်မှာ ပုလဲနှစ်ဆီက ဖုန်းတွေ ခဏခဏ ဝင်လာတတ်တာမို့ တိုးတိုး တိုးတိုးနှင့် တိတ်တခိုးချော့မော့ လှည့်ပတ်ပြောနေရသည်။ ရောင်ဝါ့သဘောကတော့ ဒီကိစ္စကို ကိုယ့်ဘာသာ အဆင်ပြေအောင် ဖြေရှင်းမည်။ ပုလဲနှစ်ကိုတော့ အသိမပေးတော့ဘူးဟု စဉ်းစားထားပါသည်။

ခုလို သူမနှင့်အတူ သွားလာနေရတာကို ပုလဲနှစ် သိလျှင် မလွယ်ပါ။

နှစ် ...

နှစ်ဟု သူ မြတ်မြတ်နိုးနိုး ခေါ်ရတဲ့ သူ့ချစ်သူ ပုလဲနှစ်ဟာလည်း သွက်လက်ချက်ချာ ထက်မြက်သူကလေးပင်။ နှစ်နဲ့ သူ ချစ်ခဲ့ကြတာ နှစ်နှစ်နီးပါး ရှိခဲ့ပြီ။





နှစ်နဲ့ ရောင်ဝါ စတွေ့ကြတာက ရောင်ဝါဖွင့်ထားသော အင်တာနက်ဆိုင်လေးမှာပင်။ နှစ်က နိုင်ငံခြားက သူ့သူငယ်ချင်းတွေနှင့် ဖုန်းပြောဖို့၊ အင်တာနက်ကြည့်ဖို့၊ e-mail ပို့ဖို့ ရောင်ဝါ့ဆိုင်သို့ ရောက်ရောက်လာရင်း ဆိုင်မှာရှိနေတတ်သော ရောင်ဝါ့နှင့် ဆုံဆည်းရင်းနှီးခဲ့ပြီး နောက်ပိုင်းမှာ ချစ်သူတွေ ဖြစ်လာခဲ့ရပါသည်။

နှစ်နဲ့ ချစ်သူဖြစ်နေကြတာကို ရောင်ဝါ့အိမ်က မသိ၊ ရောင်ဝါကလည်း အသိမပေးပါ။ အိမ်မှာ အဘွားဆန္ဒကသာ အရေးပါဆုံးဆိုတာ ရောင်ဝါသိသည်။ အဲဒီအဘွားက ရောင်ဝါ့သဘောနှင့် ရောင်ဝါ ရှာလာသည့် ရည်းစားကို အမျိုးမျိုး စစ်ဆေးအပြစ်ရှာမှာလည်း ကြောက်သည်။ ဆတ်ဆတ်ကြဲလေး ပုလဲနှစ်နှင့် ဒွတ်တရွတ် အဘွားတို့ အတိုက်အခံဖြစ်ကြမှာကို မလိုလားသဖြင့် အချိန်ယူရင်း တဖြည်းဖြည်း အဘွားကြည်ဖြူအောင် နားသွင်းသွားဖို့ စိတ်ကူးထားကာမှ အခု လင်းလက်လလို ခြောက်မစ်ကင်းတမျှ မိန်းမလှက ပေါ်လာပြန်တော့ ဘာဆက်လုပ်ရမှန်းကို မသိတော့ပါ။

ရောင်ဝါရဲ့ ပုလဲနှစ်လည်း လှပါသည်။ သို့ပေမယ့် လင်းလက်လလို ဝံ့ကြွားပေါ်လွင်၍ အဆင့်မြင့် စမတ်ကျသော အလှမျိုးတော့ မဟုတ်။ ခေတ်ဆန်စူးရှစွာ လှပသူဟုတော့ ပြောလို့ ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းလက်လနှင့်အတူ အပြင်သွားလျှင် တစ်သက်လုံးက ပတ်ဖို့စိတ်မကူးသော ထိုင်ခုံခါးပတ်ကို မပတ်ချင်ဘဲပတ်ရသည်။ သူမက သူမ ခါးပတ်ပတ်ပြီးတိုင်း ရောင်ဝါ့ကို လှမ်းလှမ်းကြည့်တတ်တာမို့ပင် ...။

ထိုရက်ပိုင်းထွေမှာ ရောင်ဝါ့အဖို့ရာ တော်တော်လေး စိတ်ကျဉ်းကြပ်ရပါသည်။ အဘွားက လင်းလက်လတို့ မြေးအဘွားကို အိမ်မှာ ထမင်းဖိတ်ကျွေးရင်း အိမ်သားတွေနှင့် မိတ်ဆက်ပေးသည်။ ဖေဖေနဲ့ မေမေရော ရောင်ဝါ့ ညီမလေးကပါ သူမကို သဘောကျ ခင်မင်သွားကြသည်။ မေမေက သူမကို ကြည်လင်ရူးရှ ထက်မြက်ပါးလှပ်သူဟု ကောက်ချက်ချသည်။ ညီမလေးကတော့ ပြုံးစေ့စေ့နှင့် သူ့ကိုလာနောက်သည်။

"ကိုကို ... မမမွန်းက အရမ်းချစ်စရာကောင်းတာပဲ၊ ညီမလေးတော့ မမမွန်းကို ယောက်မတော်ချင်တယ်"

ရောင်ဝါက ညီမလေးကို မျက်မှောင်ကြုတ်၍ ကြည့်ပစ်လိုက်သည်။ ညီမလေးက ပြုံးစေ့စေ့နှင့်ထွက်သွားသည်။ ညရောက်တော့ အဘွားက ရောင်ဝါ့အခန်းထဲဝင်လာကာ မက်လုံးပေးပြန်သည်။

"မြေး ... ဒီမှာကြည့်စမ်း ..."

အဘွားကြည့်ခိုင်းသည့် အထုပ်ကို သူလှမ်းကြည့်





လိုက်တော့ အဘွားက အနီရောင်ကတ္တီပါစနှင့် ထုပ်ထားသော အထုပ်ကလေးကို ဖြည်ပြသည်။ အထုပ်ထဲမှာ ကြယ်သီးတစ်စုံကို တွေ့ရသည်။

"မြေး ... သေချာကြည့်စမ်း၊ ဒါက အဘွား အပျိုတုန်းကတည်းက အဘွားရဲ့ ရင်ဖုံးအကျီမှာ တပ်ဝတ်ခဲ့တဲ့ ကြယ်သီးတွေ ..."

"သြော် ... ကျောက်ကြယ်သီးတွေပဲ၊ လှတယ်နော် ဘွားဘွား"

"ဟဲ့ ... စိန်နဲ့ ကျောက်တောင် မခွဲခြားတတ်ဘူးလား၊ ဒါ စိန်ကြယ်သီးဟဲ့၊ စိန်မှ ရိုးရိုးစိန် မဟုတ်ဘူး၊ ရှားပါးတဲ့ ရွှေစိန်တွေ၊ မင်း မင်္ဂလာဆောင်ရင် ဘွားက ဒီစိန်တွေအားလုံး လက်ဖွဲ့မှာ ..."

"တကယ်လား ဘွားဘွား ..."

"တကယ်ပေါ့ မြေးရဲ့"

"ကျွန်တော် ဘယ်သူနဲ့ဆောင်ဆောင် လက်ဖွဲ့မှာပေါ့နော်"

"မဟုတ်ဘူး မြေးရဲ့၊ မွန်းနဲ့ ဆောင်မှ လက်ဖွဲ့မှာ"

ရောင်ဝါက ဘွားမမြင်အောင် နှာခေါင်းရှုံ့ရင်း ခေါင်းကုပ်လိုက်ပါသည်။ ပြီးတော့ ... ကတ္တီပါအနီစလေးက



www.burmeseclassic.com

www.burmeseclassic.com

အဘွားရဲ့ စိန်တွေကို ကြည့်ရင်း စိတ်ကူးထဲမှာ နှစ်ကို ဆင်ပေး နေမိပါသည်။

ဘွားက ...

"မြေးနဲ့ ပေးစားဖို့ မှန်းကလွဲရင် ဘွား ဘယ်သူ့ကိုမှ စိတ်မကူးဘူးကွယ် ..."

ဟု ပြောရင်း သူ့စိန်ထုပ်ကို ပြန်သိမ်းသွားသည်။

ရောင်ဝါက အဘွားကို ဘယ်နည်းနဲ့ လွန်ဆန်ရ မှန်း မသိတာမို့ ဖေဖေ့ကို စစ်ကူခေါ်ကြည့်မိပါသည်။

"ဖေဖေ ... ဘွားဘွားက ဖွတ်ပဲ၊ ကျွန်တော့်ကို မှန်းနဲ့ အတင်းပေးစားနေထယ်"

"မင်းက မယူချင်ဘူးလား"

"မယူချင်ဘူး ဖေဖေ၊ သားမှာ ရည်းစားရှိတယ်"

"မင်းအမေနဲ့ ငါ ယူတုန်းကလည်း ငါ့မှာ ရည်းစား ရှိတာပဲ၊ ဒါပေမယ့် မင်းအဘွားပေးစားလို့ မင်းအမေကို ယူလိုက်တာပဲ၊ အဆင်ပြေတာပဲလေ၊ မင်းအမေ ဘယ် လောက်တော်သလဲ၊ တို့အိမ်ထောင်ရေး ဘယ်လောက် သာယာတယ်ဆိုတာ မင်းအမြင်ပဲ၊ မင်း'အဘွားက အိမ် ထောင်ဘက် အရွေးတော်တယ်ကွ၊ အဘွားစကားကိုသာ မင်း နားထောင်လိုက်ရင် ဖေဖေတို့လိုပဲ မင်း စိတ်ချမ်း သာရလိမ့်မယ်"





ဖေဖေ့ကို စစ်ကူခေါ်ကာမှ ပိုဆိုးသွားပါသည်။

ရောင်ဝါ့ဘက်မှာ ဘယ်သူမှမရှိကြ။ ရောင်ဝါက ချစ်သူရှိပါတယ် ပြောလည်း နာမည်လေးတောင် မမေးကြ ...။ အားလုံးက မှန်းကိုသာ စုပြုံမဲပေးနေကြပါသည်။

အဘွားက နည်းမျိုးစုံသုံးကာ မှန်းနဲ့ ရောင်ဝါ့ကို နီးစပ်အောင် ကြံစည်ပါသည်။

ဝေလီဝေလင်း မနက်ခင်းတစ်ခုမှာ ရောင်ဝါ့အခန်း တံခါးကို လာခေါက်သံကြားရသဖြင့် အိပ်ချင်မူးတူးဖြင့် တံခါး အားဖွင့်ပေးလိုက်သည်။ အဘွားက ခြေသလုံးတစ်ဝက်ထိ ရှည် သော အားကစားဘောင်းဘီအဖြူ၊ စပို့ရှပ်အနက်နှင့် ဦးထုပ် အနက်လေး ဆောင်းလျက် ရောင်ဝါ့ အခန်းတံခါးဝမှာ လန်း သန်းဆန်းဆန်း ရပ်နေသည်။

"မြေး ... မျက်နှာ မြန်မြန်သွားသစ်၊ အဝတ်အစားလဲ၊ ဘွားနဲ့ လမ်းလျှောက်လိုက်ခဲ့ ..."

"အား ... မလိုက်ပါရစေနဲ့ အဘွားရာ၊ သား အိပ်ရေး မဝသေးလို့ပါ၊ အရင်နေ့တွေကလည်း ဘွားရဲ့သူငယ်ချင်း ဘွားဘွားကြီးတွေနဲ့ ချိန်းပြီးသွားတာ မဟုတ်လား၊ ဒီနေ့ လည်း အဲလိုပဲ သွားလိုက်နော် ဘွားဘွား၊ သား ပြန်အိပ် တော့မယ်၊ ဂွဒ်မောနင်းနော် ဘွားဘွား၊ တာ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ရောင်ဝါက တာ့တာလေးပြကာ အခန်းတံခါး
ပြန်ဆွဲပိတ်တော့ အဘွားက တံခါးကို ပြန်ဆွဲထားရင်း ...

"ဟော့ ... ဟော့ ... ဒီလို ညာတာပါတေား လုပ်လို့ မရဘူး
လေ၊ မြေး မလိုက်ရင် ဘွားက မင့်အဖေကို သွားနှိုး
ခေါ်မှာ၊ မင့်အဖေ အိပ်ရေးပျက်လို့ ဒေါသထွက်ရင်
အဲဒီဒေါသက မင့်ဆီပုံကျမှာ ..."

"ဟာ ... အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ ဘွားရာ"

"အေး ... ဒါဆိုလည်း အမြန် မျက်နှာသစ် အဝတ်အစား
လဲပြီး ထွက်လာခဲ့၊ ကပိုကရို ကဗျစ်ကညစ် လုပ်မလာ
နဲ့နော်၊ ထရက်ဆုကို လှလှပပ ကျကျနနဝတ်ခဲ့ ..."

"မနက်အစောကြီး လမ်းလျှောက်တာ လှဖို့ဖြင့်မလိုဘဲနဲ့"

ရောင်ဝါက ဘွားမကြားအောင် ခပ်တိုးတိုးပြော
အခန်းထဲ ပြန်ဝင် အမြန်မျက်နှာသစ်၊ အဝတ်အစားလဲပြီး ထွက်
လာရသည်။ အားကစားဘောင်းဘီရှည်ဖြူ၊ စပို့ရှပ်ဖြူ၊ ဖိနပ်
ဖြူဖြူနှင့် စတိုင်လ်ကျနေသော ရောင်ဝါ့ကို ခြေဆုံးခေါင်းဆုံး
ကြည့်ပြီးမှ ဘွားက သဘောကျတော်မူသွားသည်။

ကန်တော်ကြီးထဲ ရောက်တော့ ဘွားအကြံ
ရောင်ဝါ သိလိုက်ရပါသည်။ မျက်နှာချင်းဆိုင် လမ်းပေါ်မှာ
ဆံပင်ဝါဝါ၊ အကျီဝါဝါ၊ ဘောင်းဘီဝါဝါနှင့် လျှောက်လာ





တာ ရွှေရောင်ဘွားဘွား ဒေါ်ရှင်းရှင်း ...။ နောက်မှတော့
ဖန့်ဖန့် တီရှပ်ပွပွလေးနှင့် ပေါင်လည်လောက် ချည်သား
ဘောင်းဘီတိုလေးကို ပေါ့ပေါ့ပါးပါးဝတ်လျက် အေးအေးဆေး
ဆေး လျှောက်လာနေသူက လင်းလက်လ ...။

"မောနင်း ... ကျော့ကျော့"

"မောနင်း ... ရှင်းရှင်း"

အဘွားကြီးနှစ်ယောက် ဆုံတွေ့ လက်တွဲလိုက်ကြ
သည်။ စကားတွေ တွတ်တွတ် တွတ်တွတ် ပြောကြသည်။
ရှေ့ကနေ ကွတ ကွတ လျှောက်ကြသည်။ နောက်မှာ ရောင်ဝါ
နှင့် လင်းလက်လတို့ ယှဉ်တွဲကျန်ရစ်ရသည်။

မွန်းက ပြုံးပြသဖြင့် သူလည်း ပြုံးပြရပါသည်။

"ရောင်ဝါက မနက်တိုင်း အဘွားနဲ့ အတူလျှောက်နေကျ
လား"

"ဒီနေ့မှ အဘွား ဖွတ်နှိုးပြီး ခေါ်လို့ ပါလာတာပါ၊
မလင်းလက်လကိုရော အဘွားက ဖွတ်နှိုးခေါ်လာတာ
လား"

"မဟုတ်ပါဘူး၊ မွန်းကိုယ်တိုင်က လိုက်ချင်လို့ လိုက်
လာတာ၊ ရောင်ဝါလည်း ပါမယ်ဆိုလို့လေ ..."

သူ့စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

အကဲခတ်သလိုကြည့်မိတော့ သူမက ပြောရိုးပြောစဉ် စကားတစ်ခုကို ပြောလိုက်သလိုပင် ...။

ရွှေတိဂုံဘုရားကြီးကို လှမ်း၍ ဖူးမြင်နိုင်သည့် တံတားရှည်ကြီးထိပ်နားရောက်တော့ သူမက ရပ်တန့်လိုက်သဖြင့် ရောင်ဝါသည် သူမနံဘေးမှာ ရပ်နေလိုက်သည်။ အဘွားနှစ်ယောက်နဲ့ ပိုဝေးသွားသည်။

သူမက ဘုရားဆီ လှမ်းမျှော်ငေးကြည့်ရင်း ...

"ဒီနေရာလေးကို မွန်း သိပ်သဘောကျတာပဲ၊ ဒီနားလေးမှာ ရပ်ပြီး ရွှေတိဂုံဘုရားကြီးကို လှမ်းမျှော်ကြည့်လိုက်ရင် စိတ်ထဲမှာ သာယာငြိမ်းချမ်းသွားသလိုခံစားရတယ်"

ရောင်ဝါက ဘာပြန်ပြောရမှန်းမသိတာမို့ ဘာမှပြန်မပြောဘဲ သူမနားမှာပဲ ငြိမ်ငြိမ်လေး ရပ်နေမိသည်။ သူမက ရောင်ဝါ့ကို တစ်ချက်ငဲ့ကြည့်လိုက်သည်။ ပြီးတော့ ပြုံးယောင်ယောင်ပြုကာ ဘုရားဘက်သို့ ပြန်လှည့်ငေးမျှော်ရင်း ...

"မနက်ဖြန် မနက်စောစော မွန်းကို ဘုရားလိုက်ပို့ပေးနိုင်မလား ရောင်ဝါ"

ဟု လှမ်းမေးလိုက်သည်။ ရုတ်တရက်မို့ သူ ဘယ်လိုပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ သူမက ဆက်ပြောသည်။

"ဘုရားကအပြန် မနက်စောစော မုန့်ဟင်းခါးကောင်း





ကောင်းလည်း စားချင်တယ်၊ မုန့်ဟင်းခါး မစားရတာကြာပြီလေ ...၊ မွန်းကို မုန့်ဟင်းခါး ကျွေးနိုင်မလား"

"ဟုတ်ကဲ့ ... ကျွေးနိုင်ပါတယ်"

ရောင်ဝါက ယောင်တောင်ပေါင်တောင်လေး ခေါင်းညိတ်လိုက်မိပါသည်။ မကျွေးနိုင်ဘူးလို့ ပြောလို့မှမကောင်းဘဲ။ ဘုရားကအပြန် မုန့်ဟင်းခါး ကျွေးမယ်ဆိုတော့ ဘုရားကိုပို့ဖို့ကိစ္စကိုပါ အတည်ပြု ခေါင်းညိတ်လိုက်သလို ဖြစ်သွားပါသည်။

အဘွားကောင်းမှု အကြောင်းပြုကာ ထိုနေ့မနက်က သူမနှင့်အတူ ယှဉ်တွဲ၍ ကန်တော်ကြီးတစ်ခွင် ပြုံပြုံစင်အောင် လမ်းလျှောက်ခဲ့ရပါသည်။

♥ ♥ ♥


www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

"အဘွား ကျွန်တော် မွန်းကို ဘုရားလိုက်ပို့မလို့၊ အဘွားရော လိုက်ခဲ့ပါလား"

"မလိုက်တော့ဘူး၊ မြေးတို့ဘာသာ သွားကြ"

"အဘွား လမ်းလျှောက်ဖို့ ခေါ်တုန်းကကျတော့ သားလိုက်ရတယ်"

"ဪ ... အဲဒါက ဘွားနဲ့အတူ မြေးလိုက်လာမှ မွန်းနဲ့ မြေးနဲ့ တွေ့ကြရမှာမို့လို့ မြေးကို ခေါ်ရတာ၊ အခုက အဘွား မလိုက်လည်း မြေးတို့ဘာသာ တွေ့ရမှာဆိုတော့ ဘွားပါဖို့ မလိုတော့ဘူး"

ဘွားက အဲဒီလို လှလည်ကျပါသည်။

ဘုရားသွားသည့် ထိုနေ့မနက်မှာ သူမက ပုံစံလေး ပြောင်းလာသည်။





မယောက်ဂနီရောင်သမ်းနေသည့် ဆံပင်တွေကို နောက် စုစည်းထားပြီး ရှေ့ဆံပင်တွေကို နီညိုရောင် ဘီးကုပ်အပြား ကြီးကြီးဖြင့် လှန်တင်ထားသည်။ ချည်သားပတ် စကတ်အရှည် နှင့်၊ ရင်ဖုံးလက်ပြတ်လည်ထောင် ချည်သားအကျီက ကြယ်သီး ကြီးကြီးတွေကြောင့် အမြင်တစ်မျိုးဆန်းနေသည်။ မြန်မာအကျီ ဝတ်ထားပေမယ့် သူမပုံစံက 'မြန်မာဆန်မသွားပါ ...။ အထူး သဖြင့် သူမရဲ့ လမ်းလျှောက်ပုံက မြန်မာ မဆန် ...။ သူမမှာ သူကြည့်ခံရသည့် ဆွဲဆောင်မှုတစ်မျိုး ရှိ၍လားမသိ၊ သူမနဲ့အတူ တွဲသွားတိုင်း ပုံမှန်ထက်ပို၍ လူအများက သတိထားကြည့်သွား ကြသည်။

ရောင်ဝါကတော့ အဲဒီလို ထင်ပေါ်သည့်အသွင် ရှိသော မိန်းကလေးနှင့်အတူ တွဲသွားတွဲလာ လုပ်နေတဲ့အတွက် စိတ်ကျဉ်းကြပ်ရပါသည်။ ပုလဲနှစ်နဲ့ တွဲနေတာလည်း ကြာပြီမို့ သူ့ကိုရော နှစ်ကိုပါ သိသည့်သူ တစ်ယောက်ယောက် မြင်သွား မှာလည်း စိုးရိမ်ရသည်။ စားသောက်ဆိုင် တစ်ဆိုင်ဆိုင်မှာ အတူစားမိတာကမှ ရိုးရိုးမိတ်ဆွေပါဆိုတာ ဖြေရှင်းလို့ ရဦးမည်။ ခုလို မနက်အစောကြီး ဘုရား အတူလာတာကို နှစ် သိလို့ကတော့ ရိုးရိုး မိတ်ဆွေပါဆိုတာ ကျိန်ပြောတောင် နှစ်က ယုံမှာ မဟုတ်ပါ။ စိတ်ဆတ်သော ဂျစ်တူးတူး ကောင်မလေးက သူ့



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တဲ့ ဗုန်းဒိုင်းကြီးမှာကိုတော့ ရောင်ဝါက ကြောက်ရပါသည်။

ဘုရားပေါ်မှာ ရောင်ဝါက မွှန်းနှင့်ယှဉ်တွဲ၍ မသွားရပါ။ မသိမသာလေး နောက်ချန် ချန်လျှောက်ရင်း စိတ်ကျဉ်းကြပ်နေရပါသည်။ သူမကတော့ ထုံးစံအတိုင်း ပေါ့ပေါ့ပါးပါး ပုံစံလေးနှင့်ပင် ဘုရား တစ်ပတ်ပတ်ပြီး ဘုရားဖူးသည်။

ဘုရားက ပြန်ဆင်းလာတော့ သူမက ရောင်ဝါ့ကို ခပ်ပြုံးပြုံး လှမ်းကြည့်ရင်း ...

"မွှန်း ဗိုက်ဆာနေပြီ၊ မုန့်ဟင်းခါးကျွေးမှာ သေချာပါတယ်နော်"

"သေချာဖါတယ်၊ ပြည်ထောင်စုရိပ်သာလမ်းထဲက Feel မှာ လိုက်ကျွေးမယ်လေ၊ အဲ့ဒီမှာ ဟသ်ာတမုန့်ဟင်းခါး ရတယ်၊ နေရာထိုင်ခင်းလည်း ကောင်းတယ်"

"အိုကေ ... သင့်(ခ်)"

သူမက ကားပေါ်တက်ထိုင်ပြီး ထိုင်ခုံခါးပတ် ပတ်သည်။ ပြီးတော့ ရောင်ဝါ့ကိုလှမ်းကြည့်တာမို့ သူ ကမန်းကတန်း ခါးပတ် ပတ်ရသည်။

သူ ကားကို ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ မောင်းလာခဲ့သည်။



ဦးဝိစာရလမ်းတစ်လျှောက်မှာ ကားရှင်းနေတာမို့ သူမက ရောင်ဝါ့ဘက်သို့ လှည့်ကြည့်ရင်း ...

"ကားမှန်တွေ ချလိုက်ပါလား ရောင်ဝါ၊ မနက်ခင်းလေ ရှူရတာပေါ့"

ဟု ပြောတာမို့ သူ ကားအဲကွန်းပိတ်ပြီး မှန်တွေ ချပေးလိုက်သည်။

သူမက ကားပြတင်းဘက်သို့ မျက်နှာလှည့်ပြီး လေတစ်ချက်ရှူလိုက်သည်။ ပြီးတော့ လမ်းဘေးမြင်ကွင်းတွေကို လှမ်းကြည့်ရင်း လိုက်ပါလာသည်။

သူမကို ကြည့်ရတာ သက်သောင့်သက်သာ ရှိလှပါသည်။ ခုမှ တွေ့ရသည့် တစိမ်း ယောကျ်ားတစ်ယောက်နှင့် သွားလာပြောဆိုနေတာနှင့် မတူ ...။ ဟိုအရင်ကတည်းက ခင်မင်ခဲ့ရသည့် သူငယ်ချင်း မိတ်ဆွေတစ်ယောက်ကို ဆက်ဆံသလိုမျိုး ရောင်ဝါ့ကို ပေါ့ပေါ့ပါးပါး ဆက်ဆံသည်။ တရင်းတနှီးဟန် ရှိသော်လည်း ကလက်တက်တက်ဟန်တော့ မရှိ။

သူမစိတ်ကိုတော့ သူ ခုထိ အကဲခတ်လို့ မရသေးပါ။ သူမ အဘွားက သဘောတူလို့သာ ရောင်ဝါနဲ့ တွေ့ဖို့ လိုက်လာခဲ့ရပေမယ့် သူမမှာရော ရောင်ဝါ့လိုပဲ ချစ်သူရှိမနေနိုင်ဘူးလား။ ချစ်သူရှိရက်နဲ့ အဘွားစကားကို နားထောင် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ညိတ်မှာလား။ ဒါမှမဟုတ် ရောင်ဝါ့ကို လက်ခံဖို့ သင့် မသင့် လေ့လာဖို့ ရောင်ဝါနဲ့အတူ တွဲသွားတွဲလာရင်း လေ့လာနေတာလား ...။ ရောင်ဝါ့ကို ငြင်းမှာလား၊ လက်ခံမှာလား ... ခန့်မှန်းရ ခက်လှပါသည်။

သူ့စိတ်ထင်တော့ သူမက ရောင်ဝါ့ကို လိုလားဟန် ရှိသည်။

ရောင်ဝါနဲ့ တွေ့ချင်လို့ အဘွားနဲ့အတူ လမ်းလျှောက်လိုက်လာတာ၊ ရောင်ဝါ့ကို ဘုရားလိုက်ပို့ခိုင်းတာတွေဟာ သူ့ကို တွယ်ငြိတဲ့သဘောလား။ ဒါပေမယ့် သူမရဲ့ စကားပြောဟန်မှာ ရေလာမြောင်းပေးဆန်တာမျိုး မပါတာတော့ သေချာသည်။

ရောင်ဝါ ဒီကိစ္စကို နှစ် မသိခင် ရှင်းတော့ ရှင်းရပါမည်။ ကြာလာလေ ရှင်းရခက်လေတော့ မဖြစ်ချင်ပါ။ ရှင်းတဲ့နည်းဟာ သူမကို မထိခိုက် မနာကျင်ဖို့တော့ အရေးကြီးပါသည်။

ဒီကိစ္စမှာ ကိုယ်ကယောက်ျားလေးမို့ ကိုယ်ကစပြီးငြင်းရမှာ တစ်ဖက်သား မိန်းကလေးကို အားနာလှပါသည်။ သူမက စတင်၍ ငြင်းဆေချင်လှပါသည်။ အဘွားနှစ်ယောက်ရဲ့သဘောဆန္ဒ ဘယ်လိုရှိရှိ လူငယ်အချင်းချင်း နားလည်မှုရှိ

ငြင်းပယ်လိုက်လျှင်တော့ အဘွားတွေ လက်လျှော့သွားရဖို့သာ ရှိပါသည်။

စောင့်ရမှာပဲ။

သူမ စငြင်းတဲ့အချိန်ကို စောင့်ရတော့မှာပဲ ...။

ရောင်ဝါက သက်ပြင်းခိုးရှိုက်လိုက်ရင်း ကားကို ဖြည်းဖြည်းစောင်စုရိပ်သာလမ်းဘက်သို့ ကွေ့ချိုးချလိုက်ပါသည်။

♥ ♥ ♥

"မွန်းက မုန့်ဟင်းခါး ပဲကြော်နဲ့၊ မင်းရော ဘာစားမလဲ"

'မင်း' ...တဲ့။ ရောင်ဝါ့စိတ်ထဲမှာ ထိုအခေါ်အဝေါ်ကြောင့် အောင့်သက်သက် ဖြစ်သွားပါသည်။

"ကျွန်တော်က နန်းကြီးသုပ် ..."

သူ မှန်မှာပြီး ရေနွေးကြမ်းခွက်ကို ငုံ့နေဆဲမှာ မွန်းဝင်လာပါသည်။ ပုလဲနှစ်ဆီကမို့ သူ ရင်ထိတ်သွားသည်။

"ဟဲ ... ဟဲလို ..."

ဟဲလိုထူးရတာတောင် လျှာခလုတ်တိုက်ပါရဲ့ ...။

သင်းလက်လက ရေနွေးကြမ်း ငုံ့သောက်နေရင်းက သူ့ကို ချက်လွှာတစ်ချက် ပင့်ကြည့်သည်။







www.burmeseclassic.com

www.burmeseclassic.com

“အလင်း ... အခု ဘယ်မှာလဲ”

အနှစ်အသံက ဆောင့်တောင့်တောင့်လေး ထွက်လာသည်။

“အင်း ... ဟို ... ကိုယ် ... မုန့်ဆိုင်မှာ ...”

“မုန့်ဆိုင်မှာ ... ! ဘာလုပ်နေတာလဲ”

“မုန့်စားနေတာပေါ့”

“အလို ... ထူးဆန်းလေစွ ... ထူးဆန်းလေစွ၊ ဒီအချိန်ကြီး အလင်း ဘယ်တုန်းက အိပ်ရာနိုးဖူးလို့လဲ၊ ဒီလောက် စောစော ထပြီး ဆိုင်မှာ မုန့်သွားစားတယ်ဆိုတာ တော်တော် ထူးဆန်းတယ်နော်၊ အလင်း တစ်ယောက်တည်း စားနေတာလား ...”

“သြော် ... အင်း ... ဟဲလို ... ဟဲလို”

ရောင်ဝါက လိုင်းသိပ်မမိလို့ အပြင်ထွက်လာရသလို ပုံဖမ်းကာ လင်းလက်လနှားမှ ထလာရပါသည်။

“ဟဲလို ... ကြားလား နှစ်”

“ကြားပါတယ် ... ကြားပါတယ်၊ နှစ်က တောက်လျှောက် ကြားနေရပါတယ်၊ နှစ် မေးတာ ဖြေပါဦး၊ အလင်း တစ်ယောက်တည်း စားနေတာလား”

“အင်း ... တစ်ယောက်တည်းပါပဲ နှစ်ရဲ့ ...”





“ဟုတ်လား ... ဘယ်ဆိုင်မှာ စားနေတာလဲ”

“Feel မှာ”

“သြော် ... သြော် ... တစ်ယောက်တည်း စားရတာ ပျင်းမနေဘူးလား”

“ဒီလိုပါပဲ၊ မုန့်ဟင်းခါး စားချင်လို့လာစားတာပါ နှစ်ရယ်”

“နှစ်ကိုကျတော့ မခေါ်ဘူး”

“နှစ် မနိုးသေးဘူး မှတ်လို့ပါ”

“အလင်း ဖုန်းဆက်ပြီး လှမ်းနှိုးရင် နှစ် ထမှာပေါ့၊ ကဲ ... အခု အချိန်မီပါသေးတယ်၊ Feel ကို နှစ် လိုက်လာခဲ့မယ်၊ စောင့်နေနော် ... ဒါပဲ”

“ဟာ ... ဟော ... ဟော ... နှစ် ...၊ မလာနဲ့တော့၊ ကိုယ်က အခုပဲ ပြန်တော့မှာ”

“မရဘူး ... လာမှာပဲ၊ အခုတောင် ကားပေါ်ရောက်နေပြီ”

နှစ်က ဖုန်းချသွားသည်။ ရောင်ဝါ ပျာသွားပါသည်။ နှစ်လိုက်လာရင် ဘယ်လိုလုပ်မလဲ ...။ နှစ်က စိတ်လိုက်မာန်ပါ ဒေါသကြီးလှသူ ...။ ရောင်ဝါ့ကို လင်းလက်လနှင့်သာ တွဲတွေ့လိုက်ရလျှင် ဘာမှ ချင့်ချိန်မနေဘဲ ဆူပူပေါက်ကွဲ ဝုန်းဒိုင်းကြဲမှာ သေချာတာမို့ ရောင်ဝါက လန့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်ဝါသည် ဖုန်းပိတ်လိုက်ပြီး လင်းလက်လထံ ပြန်လျှောက်လာသည်။ မုန့်ပွဲတွေရောက်ပြီမို့ သူမက ရောင်ဝါ့ရှေ့က မုန့်ပွဲဆီ မေးဆတ်ပြရင်း ...

"စားလေ ... ရောင်ဝါ"

ဟု ပြောကာ သူမကိုယ်တိုင်လည်း မုန့်ဟင်းခါး တစ်ဇွန်း ခပ်စားသည်။

တစ်ဇွန်း ... နှစ်ဇွန်း ...။ ဘုရား ... ဘုရား ခုထိ သုံးဇွန်းတောင် မစားရသေး ...။ နှစ် မလာခင် စားလို့မှပြီးပါ့မလား။

သူ စိတ်စောကာ သူမ မုန့်ဟင်းခါး စားနေတာကို စိုက်ကြည့်နေဆဲ သူမက ဖျတ်ခနဲ မျက်လွှာပင့်ကြည့်ကာ ...

"ရောင်ဝါ ... မုန့်မစားဘူးလား၊ ဘာဖြစ်နေတာလဲဟင်၊ မျက်လုံးက အရမ်းပြူးနေတာပဲ"

"ဟို ... ဟို ... ဘာမှမဟုတ်ပါဘူး၊ ကျွန်တော် ဗိုက်အောင့် နေလို့ပါ"

"ဟင် ... ဒါဆို ပြန်မှဖြစ်မှာပေါ့"

"ရပါတယ် ... စားပါ၊ စားပြီးမှ ပြန်တာပေါ့"

"မုန့်က ဘယ်တော့စားစား ရပါတယ်၊ မင်း ဗိုက်အောင့် နေတာက အရေးကြီးတယ်လေ၊ အစာအိမ်တွေ ဘာတွေ တစ်ခုခုဖြစ်သလား၊ ဆေးခန်းသွားရအောင်"





သူမက စားလက်စ မုန့်ဟင်းခါးပန်းကန်ကို တွန်းချပြီး ထရပ်လိုက်တာမို့ သူ အားနာသွားသည်။ သို့သော် မတတ်နိုင်ပါ။ ခုချိန်မှ ထမသွားလျှင် နှစ်နဲ့ ပက်ပင်းတိုးပြီး ပြဿနာတွေ တက်သွားနိုင်ပါသည်။

"ဒါဆို ပါဆယ်လေးတော့ ဆွဲသွားမယ်လေ၊ ဟိတ် ... ရှုတ် ... ရှုတ် ... မုန့်ဟင်းခါးတစ်ပွဲ ပါဆယ်၊ ပဲကြော်နဲ့နော်၊ မြန်မြန်လေး"

"အရေးထဲမှာ ပါဆယ်မှာနေရသေးလား ရောင်ဝါရယ်"

"ရပါတယ်၊ ပါဆယ်မှာတာ မကြာပါဘူး"

မုန့်ဟင်းခါး ပါဆယ်စောင့်ရင်း စိတ်ကလည်း မဖြောင့်၊ ဆိုင်ရှေ့မှာ ကားတစ်စီး ထိုးရပ်လာတိုင်း ပုလဲနှစ်ရဲ့ ကားများလားဟု လှည့်လှည့်ကြည့်ရင်း ရင်ထိတ်နေရပါသည်။

"အစ်ကို ... မုန့်ဟင်းခါး ပါဆယ်ရပြီ"

ကောင်လေး လှမ်းပေးသော ပါဆယ်ထုပ်ကို လှမ်းယူစဉ် ဆိုင်ရှေ့မှာ ကားတစ်စီး ထိုးရပ်လာပါသည်။

"ဟင် ... နှစ်"

ရောင်ဝါ့ ရင်ထဲ ဒိန်းခနဲ ဒိုင်းခနဲ ဆောင့်ခုန်သွားကာ လက်တစ်ဖက်က မုန့်ဟင်းခါးထုပ်၊ ကျန်တစ်ဖက်က လင်းလက်လရဲ့လက်ကို လှမ်းဆွဲကာ ရပ်ထားသော ကားဒီ လှစ်ခနဲ ပြေးထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"လင်းလက်လ ... ကားပေါ် မြန်မြန်တက်"

"ဘာဖြစ်တာလဲ ရောင်ဝါ"

ရောင်ဝါက လင်းလက်လရဲ့ မေးခွန်းကို မဖြေအားဘဲ ကားကိုမောင်းထွက်လိုက်ချိန်မှာ ပုလဲနှစ်က ရောင်ဝါ့ကားကို မြင်သွားသည်။ သို့သော် နှစ်ရဲ့ကား ရပ်နေသောနေရာဟာ လမ်းတစ်ဖက်ခြမ်းမှာ၊ ရောင်ဝါ့ကားက ဒီဘက်ခြမ်းမှာ။ လမ်းကကျဉ်းတာမို့ ကားကို ချက်ချင်း ပြန်လှည့်မထွက်နိုင်ဘဲ နောက်မှကျန်ခဲ့သည်။

"ရောင်ဝါ ဘာဖြစ်တာလဲဟင်"

သူမက ထိုင်ခုံခါးပတ် ပတ်ရင်း မေးသည်။ သူကလည်း ဖြောင်ညာရသည်။

"ဗိုက်အရမ်းအောင့်လာလို့၊ မြန်မြန်ဆေးခန်းသွားချင်လို့ပါဗျာ"

"ဪ ..."

သူမက ယုံကြည်ပုံ မရပါ။ ရှေ့တူရှုသို့ ကြည့်၍ ကားမောင်းနေသော ရောင်ဝါ့ဘက်သို့ လှည့်ကာ ခပ်စိုက်စိုက်လေး ငေးကြည့်နေသည်။

သူမ ရိပ်မိသွားသလား ... ။ ဒီလောက်ဆိုရင်တော့ ရိပ်မိမှာ သေချာပါသည်။ သို့သော် သူမက ဘာမှဆက်မမေးဘဲ





ကိုက်တာသိ နှုတ်ဆိတ်နေသည်။ ပြီးတော့ ရောင်ဝါ ထိုင်ခုံပတ် မပတ်ရသေးတာကို သတိပြုမိသွားကာ ...

"ရောင်ဝါ ... ခါးပတ် ပတ်လိုက်ဦးလေ"

"ရှေ့နား ကားရပ်လို့ရတဲ့ နေရာကျမှ ခဏရပ်ပြီး ပတ်လိုက်ပါ့မယ်"

"excuse me"

သူမက ခပ်တိုးတိုး ခွင့်တောင်းပြီး အသားတကျငြိမ်နှစ်စွာပင် ရောင်ဝါ့ ထိုင်ခုံခါးပတ်ကို ပတ်ပေးလိုက်တာမို့ ရောင်ဝါ သက်ပြင်းချရသည်။

ပြီးတော့ ... နှစ်နဲ့ ပြဿနာတက်တော့မည့် အရေးကို တွေးကာ မျက်ခုံးတွေလှုပ်နေပါသည်။

အဲဒီနောက်တော့ ဗိုက်သိပ်မအောင့်တော့လို့ပါဟု ပြောလျက် ဆေးခန်းသို့မသွားတော့ဘဲ လင်းလက်လတို့ အိမ်ဘက်သို့ ဦးတည်၍ မောင်းလာခဲ့ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ပုလဲနှစ်သည် ဆံပင်ကို ဘေးတစောင်းခွဲကာ မျက်နှာတစ်ခြမ်းပေါ် ဖွဲဆောင်းဆောင်းအုပ်နေသည့် သူမရဲ့ အိမ့်စတိုင်လ် ဆံပင်တွေကို ဆုတ်ခနဲ ပင့်ခါတင်လိုက်သည်။ ပြီးတော့ မျက်နှာကိုပင့်မော့ကာ အပေါ်စီးကနေ မျက်လွှာပင့်၍ မျက်ကြော လေးစင်းထားလျက် ရောင်ဝါ့ကို တရားခံကြည့် ကြည့်လိုက်ရင်း လက်ချောင်းထိပ်ကဒ်လေးတွေ တရှရှဖြင့် စားပွဲကို ခေါက်နေ သည်။

ရောင်ဝါသည် ပေါ့က်ကွဲတော့မည့် အခြေအနေ ကို ရိပ်မိကာ နှစ် စိတ်ပြေလို စိတ်ပြေပြေား စတင်ချော့မော့မို့ ဂဏှာမငြိမ် လှုပ်ရှနေသည့် နှစ်ရဲ့ လက်ချောင်းကလေးတွေကို လှမ်းဆွဲ ဆုပ်ကိုင်လိုက်ရာ နှစ်က လက်ကိုနောက်ဆုတ်၍ ရောင်ဝါ့ လက်ဖမိုးကို ဖျတ်ခနဲ ရိုက်ချလိုက်ပါသည်။





ရောင်ဝါသည် လက်ကို မြှောက်ခါလိုက်ရင်း ...

"အာလာလာ ... ဘယ်လိုလုပ်လိုက်တာလဲ နှစ်ရာ"

"ရိုက်လိုက်တာလေ၊ နာသွားလား"

"နာတာပေါ့"

"လက်ကို အရိုက်ခံရတာတောင် အဲ့ဒီလောက် နာတယ် ဆိုရင် နှလုံးသားကို အရိုက်ခံရတာက အဲ့ဒီထက် ပိုနာ ပါတယ် ရောင်ဝါ ..."

"ကိုယ် ရှင်းပြတာ နားထောင်ပါဦး နှစ်ရယ်"

"နှစ် သိထားတဲ့ ရှင့်ရဲ့အရှုပ်ကလေးတွေကို အရင်နား ထောင်ပေးပါဦး အလင်းရယ်"

ရောင်ဝါက သက်ပြင်းချကာ ခုံပေါ် မေးထောက် င်ရင်း နှစ်ကို ငေးကြည့်နေလိုက်မိသည်။ နှစ်ကိုနိုင်အောင် ပြောနိုင်တာ သေချာသည်။ နှစ်ကိုမှမဟုတ် ကိုယ့်ပတ်ဝန်း င်က မိန်းမသားတွေကိုလည်း သူ နိုင်အောင်မပြောနိုင်ပါ။ မှ ဘွားဘွား။ ပြီးတော့ မကြာခင်ကမှ တွေ့ခဲ့ရသော င်းလက်လ။

"ရှင် အခုတလော ခပ်လန်းလန်း မိန်းကလေးတစ်ယောက် နဲ့ တွဲသွားတွဲလာလုပ်နေတယ်၊ အဲ့ဒါ ရှင့်ရဲ့ ရှုပ်ခြင်းအစ ပဲ၊ နှစ် ပြောတာ မှန်ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ရယ် ... အဲ့ဒါက"

"မှန်တယ် မမှန်ဘူးပဲ ဖြေပါ"

"မှန်တော့မှန်ပါတယ်၊ ဒါပေမယ့် ရှုပ်တာတော့ မဟုတ်"

"တော်ပြီ ... အကြောင်းပြချက်တွေ မလိုဘူး၊ နှစ် ပြောရင်နားထောင်၊ နှစ်မေးရင် ရက်စ် အော် နိုး ပဲ ဖြေ"

နှစ်ရဲ့အသံခပ်ဆတ်ဆတ်က မသိမသာ ကျယ်လာတာမို့ သူငြိမ်နေလိုက်ရသည်။ နှစ်ကို ဒေါသထွက်အောင် လုပ်မိလို့ နှစ် ပေါက်ကွဲရင် ပတ်ဝန်းကျင်မှာ ဝရုန်းသုန်းကား ဖြစ်သွားနိုင်လို့ပင်။ နှစ်ရဲ့ ဂျစ်တစ်တစ်ပုံစံလေးကို ချစ်ခဲ့မိပေမယ့် ထိုဂျစ်တစ်တစ်ဟာ တစ်ခါတစ်ခါ ကြောက်စရာကောင်းလာတတ်တာမို့ သူ အပြောအဆို အနေအထိုင် ဆင်ခြင်ရပါသည်။

"ရှင့်ရဲ့ နောက်တစ်ရှပ်က အဲ့ဒီ မိန်းမနဲ့ ကန်တော်ကြီးထဲမှာ မနက်စောစော လမ်းသွားလျှောက်တယ် မှန်ပါသလား"

"မှန်ပါတယ်၊ ဒါပေမယ့် အဘွားလည်းပါ ..."

"တော် ..."

နှစ်က လက်ကာပြတာမို့ သူနှုတ်ပိတ်ရသည်။

"ပြီးတော့ ထပ်ရှုပ်ပြန်တာက အင်မတန် အအိပ်စုံမက်





တဲ့ ရှင်လိုလူက ဝေလီဝေလင်းကြီး ထပြီး အဲ့ဒီ မိန်းမနဲ့အတူ ဘုရားသွားတယ်၊ မှန်ပါသလား"

"မှန်ပါတယ်"

"နေရာအနှံ့မှာ နှစ်သူငယ်ချင်းတွေ ရှိကြတယ်၊ နှစ်ရဲ့သူငယ်ချင်းမှန်ရင် အိမ်မကပ်ဘူး၊ နှစ်တို့ သူငယ်ချင်းတွေက လူချင်းမတွေ့ရင်တောင် အမြဲ အချိတ်အဆက်မိနေကြတယ်၊ ရှင့်ကို ဘယ်မှာ ဘယ်သူနဲ့တွေ့တယ်ဆိုတာ နှစ်က ဖုန်းသတင်း ရနေပြီးသား၊ ဘုရားကအဆင်းမှာ ရှင်တို့နှစ်ယောက် Feel မှာ မုန့်ဝင်စားနေတယ်ဆိုတဲ့အကြောင်းကို ဘုရားကနေ Feel အံထိ နောက်ယောင်ခံလိုက်ကြည့်ထားတဲ့ နှစ် သူငယ်ချင်းက ဖုန်းဆက်တယ်၊ အဲ့ဒီသတင်းရပြီးတာနဲ့ ရှင် အမှန်အတိုင်း ပြောမလားလို့ရှင့်ဆီ အရင်ဖုန်းဆက်မေးတယ်၊ ရှင်က နှစ်ကိုညာတယ်၊ အဲ့ဒါကြောင့် ရှင့်ဆီ နှစ် လိုက်တာတုန်း ရှင်က အရင်ရှောင်ထွက်သွားတယ်၊ အဲ့ဒါရော မှန်ပါသလား"

"မှန်ပါတယ်၊ ဒါပေမယ့် ဒါကလည်း ကိစ္စသေးသေးလေးကို ကြီးမသွားစေချင်လို့ပါ ..."

"ဒါပေမယ့် ကိစ္စက ကြီးသွားပြီ အလင်း၊ ရှင် ပြန်သေးချင်လို့လည်း မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာကို နားထောင်ပါဦး နှစ်ရယ်၊ တတ
တော့ ဒီကိစ္စက သေးသေးလေးပါ"

"မသေးဘူး၊ ကြီးတယ် ..."

"မကြီးပါဘူး၊ သေးပါတယ် နှစ်ရယ်"

"ကြီးတယ် ..."

"သေးတယ်"

"ခု ငြင်းခုန်နေရင်းနဲ့ပဲ ကိစ္စက ပိုပိုကြီးသွားပြီ လ
ရောင်ဝါရဲ့"

"ဒါကတော့ နှစ်က သေးတဲ့အမှုကို ကြီးအောင်လုပ်
တာကိုး"

"ဟုတ်တယ် ... အဲဒီကိစ္စကို အခုထက်ပိုကြီးအောင် ရ
ဦးမှာ"

"ဘာလုပ်မှာလဲ ..."

"အဲဒီမိန်းမနဲ့ တွေ့ကြည့်လိုက်မယ်လေ၊ အလင်း မိ
ဆက်ပေးချင်ပေး၊ မပေးရင်လည်း နှစ်ဘာသာ စုံ
ရှာဖွေပြီး သွားတွေ့မယ်၊ လင်းရောင်ဝါဆိုတာ ပုလဲနှစ်
ချစ်သူ၊ လင်းရောင်ဝါအားမှာ ပုလဲနှစ်ကလွဲရင် ဘ
မိန်းမမှ မရှိစေရဘူးလို့ သွားပြောလိုက်မယ်"





"အဓိပ္ပာယ်မရှိတာ နှစ်ရယ် ...၊ ဘာအကြောင်းမှ ဂဃနဏ မသိဘဲ သူများတကာကို သွားရမ်းတယ်ဆိုတာ ယဉ်ကျေးမှုမရှိတဲ့လူတွေရဲ့ အလုပ်ပါ"

"ဒီလိုကိစ္စမျိုးမှာတော့ ယဉ်ကျေးမှု ရှိဖို့ မရှိဖို့တွေ နှစ် ဂရုမစိုက်နိုင်တော့ဘူး ရောင်ဝါ၊ နှစ် အဲဒီမိန်းမနဲ့တွေ့မှ ဖြစ်မယ်၊ အလင်း မိတ်ဆက်ပေးမလား၊ မပေးဘူးလား ရှင်းရှင်းပဲ ပြောလိုက်ပါ၊ အလင်း အဖြေပေါ်မူတည်ပြီး နှစ် လုပ်စရာရှိတာကို ဆက်လုပ်ရမယ်"

"ရော် ... ခက်တော့တာပဲ နှစ်ရယ်၊ သူက ကိုယ့်အဘွား သူငယ်ချင်း အဘွားကြီးတစ်ယောက်ရဲ့ မြေးလေးပါ၊ သူတို့က နိုင်ငံခြားမှာနေတာ၊ အခု သူ့အဘွားပြန်လာလို့ သူလည်းလိုက်လာတာ၊ သူ ဒီမှာ မသွားတတ် မလာတတ် ဖြစ်နေလို့ သူ့အဘွားနဲ့ ကိုယ့်အဘွားကလည်း သူ့ကိုကူညီပေးပါလို့ မှာထားလို့ ကိုယ် လိုက်ပို့ပေးနေရတာပါ"

"ဒါပဲလား ..."

"ဘာကိုလဲ ..."

"ကိစ္စက ဒီလောက်ပဲလား၊ တခြား နှစ် မသိအောင် အကြောင်းတစ်ခုခု ထိမ်ချန်ထားသေးလားလို့ မေးတာ"



www.burmeseclassic.com

www.burmeseclassic.com


"မထိမ်ချန်ပါဘူး

ရောင်ဝါက မညာချင်ဘဲ ညာလိုက်ရပါသည်။ လင်းလက်လဆိုတာ ရောင်ဝါနှင့် လူကြီးချင်း သဘောတူထား သော မိန်းကလေးမှန်းသာ နှစ် သိလျှင် ဘယ်လောက် သောင်း ကျန်းလိုက်မည် မသိ။ ပြဿနာတွေလည်း တက်လို့ဆုံးမှာ မဟုတ်တော့။ နှစ်ကို ဒီကိစ္စ အသိမပေးတော့ဘဲ ကိုယ့်ဘာသာ ပြေလည်အောင် ဖြေရှင်းဖို့သာ ရောင်ဝါက ဆုံးဖြတ်မိပါသည်။

"ဒါနဲ့ အလင်းရဲ့ အဘွားက သူနဲ့ကျတော့ ကြည်ဖြ တယ်ပေါ့"

"အင်း ... ကြည်ဖြူတာပေါ့"

"ဘာ ..."

ရောင်ဝါက အမှတ်တမဲ့ စကားမှားသွားမှန်း သိ လိုက်တာမို့ အမြန်ပြန်လည်ပြင်ဆင်ရသည်။

"ကြည်ဖြူတယ်ဆိုတာက ဒီလိုပါ နှစ်ရယ်၊ သူက အဘွ သူငယ်ချင်းရဲ့ မြေး မဟုတ်လား၊ အဲဒါကြောင့် မိတ်ဆွေ အချင်းချင်း ကြည်ကြည်ဖြူဖြူ ကူညီပေးစေချင်တာပါ"

"ဟွန်း ... အလင်းအဘွားက နှစ် ဖုန်းဆက်ရင်သာ သူ မြေးလေးဆီ မိန်းကလေးသံနဲ့ ဖုန်းလာတာကို မကြိုက် သလို မကြည်ဖြူသလိုနဲ့ ခုလို ရှယ်တူ မိန်းကလေး

တစ်ယောက်နဲ့ နှစ်ယောက်တည်း သွားလာဖို့ကျတော့ ကြည်ဖြူခွင့်ပြုတယ်ပေါ့"

"ဘွား သူငယ်ချင်းရဲ့ မြေးမို့ပါ နှစ်ရယ် ..."

"ဘွားသူငယ်ချင်းရဲ့ မြေးဆိုတာကလည်း မိန်းကလေး ပဲလေ"

ရောင်ဝါက သက်ပြင်းချရင်း ငြိမ်နေလိုက်မိသည်။ နှစ်ကတော့ သူ့ကို မယုံသင်္ကာ အကဲခတ်သလို ကြည့်ကြည့်နေ ရင်း ..."

"နာမည်က ဘာတဲ့လဲ ..."

"ဟင် ..."

"နာမည်လေ ... အဲဒီ တစ်ယောက်ရဲ့ နာမည်"

"နှစ် မသိလည်း ဖြစ်ပါတယ်ကွာ၊ မသိချင်ပါနဲ့"

"မပြောချင်ဘူးလား၊ နှစ်ဘာသာ စုံစမ်းလိုက်ရမလား"

"ကျွတ် ...၊ လင်းလက်လ တဲ့၊ လင်းလက်လ ..."

"လင်းလက်လ ... ! မဆိုးပါဘူး နာမည်ကတော့ ..."

နှစ်ပုံစံက မထိတရီ မကျေမနပ်ပုံလေး ဖြစ်နေဆဲ မို့ ရောင်ဝါက နှစ်ရဲ့လက်တစ်ဖက်ကို ဆွဲယူဆုပ်ကိုင်လိုက်ရင်း

"နှစ်ရာ ... နှစ်က အမြဲဒေါသရှေ့ထားလွန်းတယ်၊ စိတ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်မာန်ပါ လုပ်လွန်းတယ်၊ နှစ် စိတ်ကိုလျှော့ပါ
ဒီကိစ္စကို အရမ်း ဟဲဗီးမစဉ်းစားပါနဲ့၊ အချိန်တန်ရင်
ပြီးသွားမယ့် ကိစ္စပါ၊ နောက် သူ့ဘာသာ သွားတတ်
လာတတ်သွားရင် ကိုယ် လိုက်လိုက်ပို့ဖို့ မလိုတော့ဘူး
လေ”

နှစ်က သူ့ကို စူးစူးရဲရဲ စိုက်ကြည့်ရင်း ...

“အချိန်တန်ရင် ပြီးမယ့်ကိစ္စဆိုရင်တော့ နှစ် ဘာမှမပြော
ချင်တော့ဘူး၊ အချိန်တန်ရက်နဲ့ မပြီးဘူးဆိုရင်တော့ နှစ်
ကို အဆိုးမဆိုနဲ့ ...”

“ကောင်းပါပြီ နှစ်ရယ်”

သူ ရင်လေးလေးနှင့်ပင် ခေါင်းညိတ်ရပါသည်။
ပြီးတော့ မွန်းကို သူ့မှာချစ်သူရှိ၍ ငြင်းပယ်ရကြောင်း အမြန်
ဆုံး ဖွင့်ပြောဖို့ ဆုံးဖြတ်ခဲ့ရပါသည်။

သူ ဖွင့်ပြောတဲ့အချိန်မှာ မွန်းဘက်က ခုလို တုံ့ပြန်
လိမ့်မယ်လို့ သူ မျှော်လင့်မထားခဲ့ပါ။

ခုတော့ ...

လင်းလက်လကလည်း ပုလဲနှစ်နဲ့ မိတ်ဆက်ပေး
ပါတဲ့ ...။





ပုလဲနှစ်ကလည်း သူမနဲ့ တွေ့ချင်သည်တဲ့ ...။

ထိုတောင်းဆိုမှု နှစ်ခုကြားမှာ သူဘယ်လိုလုပ်ရ
မှန်း မသိတော့ဘဲ မွန်းရှေ့မှာ တွေတွေဝေဝေ ထိုင်နေမိဆဲ
ဖုန်း မြည်လာပါသည်။ နှစ်ရဲ့ ဖုန်းပေါ့။ သူဘာလုပ်ရမလဲ ...။
ကိုင်ရုံပဲ ရှိတော့တာပေါ့။ သူ ဖုန်းမကိုင်ခင် မွန်းကို တစ်ချက်
ကြည့်မိသည်။ မွန်းက သူ့ကို ခပ်တည်တည် စိုက်ကြည့်နေ
သည်။ သူ သက်ပြင်းတစ်ချက်ချရင်း မွန်းထံမှ အကြည့်လွှဲကာ
ဖုန်းကိုင်လိုက်ပါသည်။

“ဟဲလို ...”

“အလင်း ... အခု ဘယ်မှာလဲ”

“ကိုယ် စားသောက်ဆိုင်တစ်ခုမှာ ...”

“ဘယ်ဆိုင်လဲ ...”

“ဟို ... ဆိုင်က ...”

သူ ဘယ်လိုဖြေရင်ကောင်းမလဲဟု စဉ်းစားရင်း
အကြပ်ရိုက်သွားသည်။ ညာရင်လည်း မကောင်း။ အမှန်အတိုင်း
ပြောပြန်ရင်လည်း စစ်ဟယ် ဆေးဟယ်လုပ်ပြီး လိုက်လာဦးမှာ
စိုးရသည်။ သူတွေဝေနေဆဲမှာ မွန်းက နှုတ်ခမ်းလွန့်ရုံပြုံးလိုက်
ရင်း ...


www.burmeseclassic.com

www.burmeseclassic.com

"အမှန်အတိုင်း ပြောလိုက်ပါ ရောင်ဝါ၊ ပုလဲနှစ်ဆိုက မဟုတ်လား"

ဟု သူကြားသာရုံ လှမ်းပြောသည်။

သူ နားထင်စပ်ကို လက်ညှိုးလေးနှင့် ကုပ်ကာ ခဏငြိမ်နေလိုက်ပြီးမှ ...

"ကိုယ် အခု Signature မှာ ..."

"ဘယ်သူနဲ့လဲ ..."

"ဟို ..."

"မွန်းနဲ့ အတူရှိနေတဲ့အကြောင်း ပြောလိုက်လို့ ရပါတယ် ရောင်ဝါ၊ သူရောက်လာရင် ရောင်ဝါ တကူးတက ချိန်းစရာမလိုဘဲ မွန်းနဲ့ မိတ်ဆက်ပေးလို့ ရတာပေါ့"

မွန်းက ခပ်တိုးတိုး လှမ်းပြောတာမို့ စကားပြောခွက်နေရာကို သူ လက်ဖြင့် ကမန်းကတန်း ပိတ်ရသည်။

"အလင်း ... ရှင် ဟိုတစ်ယောက်နဲ့အတူ ရှိနေတာလား"

"ဟုတ်တယ် နှစ် ..."

"ဒါဆို ရှင် အဲဒီမှာပဲ စောင့်နေလိုက်ပါ၊ ဟိုတစ်ခါလို နှစ် မရောက်လာခင် ရှောင်ထွက်သွားရင်တော့ နှစ်နဲ့ အဲဒီ လင်းလက်လနဲ့ ထိပ်တိုက်တွေ့ပြီး ပြဿနာရှင်းလိမ့်မယ်"





နှစ်က ဖုန်းချသွားသည်။ သူ ချွေးပြန်လာသည်။ မွန်းက တစ်ရှုးစကလေး တစ်စ လှမ်းပေးရင်း ...

"ချွေးသုတ်လိုက်ပါဦး ရောင်ဝါ၊ ဒီတစ်ခါတော့ မွန်းစားလက်စကြီး ထားခဲ့ပြီး ထ မပြေးချင်တော့ဘူးနော်"

ဟု အေးအေးဆေးဆေး နွေးနွေးထွေးထွေး ပြောလိုက်ပါသည်။

♥ ♥ ♥


www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

နှစ်သည် အိမ်နေရင်း ဝတ်ထားသည့် ပေါင်လယ်နားထိ ရှည်သော ရှေ့ပွဲနဲ့ အတိုလေးကို မလဲတော့ဘဲ ဖွပ်ကျယ်ချိုင်းပြတ်ပေါ်ကနေ ဂျာကင်အတိုလေး ထပ်ဝတ်ပြီး ဝေါ့လက်ကလေးယူကာ အိမ်မှ ထွက်လာပါသည်။ ခေါင်း မဖြီးခဲ့သောဆံပင်တွေကိုတော့ ဘေးတစောင်း သပ်တင်လိုက်သည်။

နှစ် ခြေတစ်လှမ်း လှမ်းတိုင်း ဒေါသက တစ်ကီလိုလောက် တိုးတိုးလာသည်။ ဒေါသ ကီလို ၃၀ လောက်ကိုလွယ်ပိုးပြီး နှစ်က နှစ်ရဲ့ ဂျစ်ကားလေးကို အရှိန်ခပ်ပြင်းပြင်းမောင်းထွက်လာပါသည်။

တွေ့လိုက်ချင်သည်။ အလင်းနဲ့ ဘယ်လောက်ထိရင်းနှီးပတ်သက်နေသည်မသိသော ထိုမိန်းမနှင့် တွေ့ကာ နှစ်ဟာ အလင်းရဲ့ ချစ်သူဖြစ်ကြောင်း မထ္တာပ်တိုင်တက်ပစ်လိုက်ချင်ပါသည်။





နှစ်ရဲ့ချစ်သူ လင်းရောင်ဝါဟာ နှစ်ကဲလွဲပြီး ဘယ် ...နုးကလေးနဲ့မှ လက်ပွန်းတတီး တွဲသွားတွဲလာလုပ်တတ်သူ ...ဟုတ်ပါ။ ဒီအရွယ်ထိ သူ့အဘွားကို ကပ်ရပ်ချဲကာ သူ့ ...င်တာနက်ကဖေးမှာ အေးအေးဆေးဆေး ကောင်တာထိုင်နေ ...တတ်သူမျိုး။ အဲဒီလိုမလည်ဝယ်တဲ့ ယောကျ်ားမျိုးမို့ မိန်းကလေး ...လည်လည်နဲ့ တွေ့ရင် အလွယ်တကူ မျောပါသွားလေမလား ...ဟု နှစ်က စိုးရိမ်သည်။

နှစ်သည် 'တွေ့မယ်' ဟု စိတ်ထဲမှာ မောင်းတင် ...ကာ ကားကို Signature စားသောက်ဆိုင်ဝန်းထဲသို့ ချိုးကွေ့ ...င်လာပါသည်။

နှစ် ကားပေါ်က ဆင်းဆင်းချင်းမှာပင် အလင်းနှင့် ...က်နှာချင်းဆိုင် ထိုင်နေသော သူမကို လှမ်းမြင်လိုက်ရသည်။ ...ပုံစံက ထင်းလင်းဝင်းပလွန်းတာမို့ နှစ်ရင်ထဲမှာ စိုးရိမ်စိတ် ...င် ဒိတ်ခနဲ ဖြစ်သွားသည်။ သူမက လည်သာ ဒေါက်မြင့် ...ယ် ဝတ်ထားသော ခြေနှစ်ဖက်ကို ပိပိရိရိ ပုံစံကျကျ ချိပ် ...က် ထိုင်ခုံလက်တန်းပေါ် တံတောင်ကွေးတင်ကာ ခပ်မတ် ...တ် ထိုင်နေသည်။ လိမ်ခွေထားသော မဟော်ဂနီရောင် စတက် ...ပင်ရှည်ရှည်က ပခုံးတစ်ဖက်တစ်ချက်မှ ရင်ညွှန့်ဆီ ခွေကျ ...နေသည်။ ကုတ်အကျႌ အစိမ်းနုရောင်ရဲ့ အနားစက ထိုင်ခုံပေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက် တစ်ချက်မှ ဆောဘက်သို့ ကျနေသည်။ အတွင်းက ဂါဝန်အဖြူရောင်က ခပ်တိုတိုမို့ သူမရဲ့ ခြေသလုံးသား ဖွေးဖွေးတွေက လှလှပပပေါ်လွင်နေသည်။ သို့သော် သူမပုံစံက လျှပ်ပေါ်လော်လီသော ပုံမျိုးတော့ မဟုတ်။ စတန်းဒတ်ရှိရှိ အနောက်ဟန်ပါပါ စမတ်တကျပုံမျိုး ...။ သူမက ဘာမှထူးထူးခြားခြား စိတ်လှုပ်ရှားဟန် မရှိသော တည်တည်ငြိမ်ငြိမ် မျက်ဝန်းမျိုးဖြင့် နှစ်ကို လှမ်းကြည့်နေသည်။

နှစ်သည် သူမတို့ စားပွဲသို့ လျှောက်သွားလိုက်ပြီး စားပွဲရှေ့မှာရပ်လျက် သူမကို စိုက်ကြည့်လိုက်တော့ သူမက နှုတ်ခမ်းလေး တစ်ချက်လွန့်ကာ ပါးပါးလေးပြုံးပြသည်။

နှစ်ကတော့ အထူလည်း မပြုံးနိုင်၊ အပါးလည်း မပြုံးနိုင်ဘဲ အလင်းကို ခပ်စူးစူးစိုက်ကြည့်လိုက်သည်။ အလင်းက ပျာပျာသလဲ ပုံစံမျိုးနှင့် ...

"နှစ် ... လာ ... ထိုင်လေ"

ဟု ပြောသော်လည်း နှစ်က မထိုင်ဘဲ လင်းလက်လထံ လက်ကမ်းလိုက်ရင်း ...

"ကျွန်မက လင်းရောင်ဝါရဲ့ ချစ်သူ ပုလဲနှစ်ပါ"

လင်းလက်လက ပြုံးသည်။ ပြီးတော့ မတ်တတ်ထရပ်၍ ပုလဲနှစ်ရဲ့ လက်ကို လှမ်းဆွဲဆုပ်ကိုင်လိုက်ရင်း ...





"တို့ နာမည်က လင်းလက်လပါ၊ မွန်းလို့ ခေါ်ကြပါတယ်၊ လင်းရောင်ဝါနဲ့ လူကြီးချင်း သဘောတူထားတဲ့ သူပါ ..."

"ဟင် ..."

နှစ်သည် ရုတ်တရက် ရှော့ခ်ရသလို မိုက်ခနဲ တစ်ချက် ဖြစ်သွားသည်။ ပြီးတော့ ... အလင်းဘက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ နှစ်ရဲ့ ချစ်သူ လင်းရောင်ဝါက နှစ်နှင့် မျက်လုံးချင်းမဆိုင်ဘဲ သူ့မျက်ခုံးစပ်ကို လက်ညှိုးနှင့် ဆုပ်ခြစ်နေသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ပုလဲနှစ် ..."

လင်းလက်လက ပုလဲနှစ်ရဲ့လက်ကို ဆွဲဆုပ်လှုပ်သိမ်းရင်း ပြောသည်။ ပုလဲနှစ်က လက်ကို ဆတ်ခနဲ ပြန်ဆွဲရုတ်ကာ ...

"ကျွန်မကတော့ ဝမ်းမသာဘူး"

ဟု ပြောပြီး စားပွဲပေါ်က တစ်ရှူးစတချို့ကို လှမ်းယူ လက်သုတ်ပစ်လိုက်ပြီးမှ လင်းရောင်ဝါကို အစိုးအငွေ့ထွက်တောက် ဒေါသမျက်ဝန်းများဖြင့် စိုက်ကြည့်နေရင်းက လင်းရောင်ဝါရှေ့ စားပွဲပေါ်သို့ လက်သီးဖြင့် ထုချလိုက်သည်။

"အလင်း ... ရှင် ထိမ်ချန်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေးဆေးဆေး ထိုင်ပြောပါလား ပုလဲနှစ်"

"ရှင် ဝင်မပါနဲ့"

ရောင်ဝါက ဘာပြောရမှန်း မသိချိန်မှာ မွန်းက ဝင်ပြောပေးတော့ နှစ်ရဲ့ ဒေါသက ပို၍ ကြီးထွားလာသည်။ အနီးအနား စားပွဲတချို့ကလည်း မသိမသာလေး လှမ်းကြည့်လာကြပြီမို့ ထိုင်ခုံမှာ အေးအေးဆေးဆေး ပြန်ထိုင်နေပြီဖြစ်သော မွန်းက နှစ်ကို ခပ်တိုးတိုး လှမ်းပြောပြန်သည်။

"တို့အရွယ်တွေက ခုလိုနေရာမျိုးမှာ လူ သတိထားမိတဲ့ အထိ ဝရုန်းသုန်းကား ဖြစ်ရမယ့် အရွယ်မဟုတ်ဘူးလေ၊ ဒီဆိုင်က လူတွေကို အားနာစရာလည်း ကောင်းနေပါပြီ၊ အေးအေးဆေးဆေး ဝင်ထိုင်ပြီး မင်းပြောချင်တာ ပြောပါ၊ မွန်း နားထောင်ပါ့မယ်"

"ကောင်းပြီလေ ... နားထောင်ချင်တယ်ဆိုတော့လည်း ပြောပြရတာပေါ့"

ပုလဲနှစ်က လင်းလက်လနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး လင်းရောင်ဝါရှေ့က လုံးဝ မတို့ မထိရသေးသော ကော်ဖီခွက်ကို ဆွဲယူ၍ တစ်ငုံသောက်လိုက်ပြီး ...

"ကော်ဖီက အရမ်းအေးစက်နေပြီဆိုတော့ ရောက်နေကြတာ ကြာပြီပေါ့နော်"





"နှစ် ... ကိုယ်တို့ ပြန်ကြရအောင်"

"မပြန်သေးဘူး၊ စကားပြောစရာ ရှိသေးတယ်"

"နှစ် ..."

"အလင်း ... ရှင် ဘာမှဝင်မပြောပါနဲ့၊ နှစ် သူ့ကိုပြောပြစရာတွေ ရှိတယ်"

"ပြောပါ ပုလဲနှစ်၊ မွန်း နားထောင်နေပါတယ်"

"ကျွန်မနဲ့ အလင်းနဲ့က သိပ်ချစ်ခဲ့ကြတာ နှစ်နှစ်ရှိခဲ့ပြီ လင်းလက်လ ...၊ ကျွန်မတို့ နှစ်ယောက်ကို ဘယ်လို အကြောင်းအရာမျိုးကမှ ဝေးကွာစေမှာ မဟုတ်ဘူး၊ ပြီးတော့ ကျွန်မချစ်သူ လင်းရောင်ဝါက သူ့ချစ်သူကို မျက်နှာပြောင်ပြောင်နဲ့ ထားခဲ့ပြီး လူကြီး ပေးစားတာကို မချစ်ဘဲ ယူမယ့် ခပ်ညံ့ညံ့ ခပ်တုံးတုံး ယောကျ်ားမျိုး မဟုတ်ဘူး"

"မချစ်ဘဲ မယူပေမယ့် ချစ်သွားရင်တော့ ယူနိုင်တာပဲ မဟုတ်လား"

"ဘာ ..."

"လူကြီးပေးစားတဲ့သူကို ချစ်မိသွားလို့ ယူလိုက်တဲ့ ယောကျ်ားမျိုးကိုတော့ ခပ်တုံးတုံး ယောကျ်ားလို့ ပြောလို့ မရနိုင်ဘူးလေ၊ အချစ်ဆိုတာ ခုချိန်မှာ မချစ်သေးပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

နောင်တစ်ချိန်မှာ ချစ်သွားတာမျိုးလည်း ရှိတတ်တာပဲ၊ ခုချိန်မှာ ချစ်ပေမယ့် နောင်တစ်ချိန်မှာ မချစ်တော့ဘူး ဆိုတာမျိုးလည်း ဖြစ်နိုင်တာပဲ ...၊

"အချစ်ဆိုတာ ကိုယ့်သဘောတစ်ခုတည်းနဲ့ တစ်သက်လုံး ဖမ်းဆုပ်ထားလို့ရတဲ့ အရာမျိုး မဟုတ်ဘူးလေ"

"ရှင် လုနေတာလား"

"မွန်းက ဘာကို လုရမှာလဲ"

"ကျွန်မဆီကနေ လင်းရောင်ဝါကို လုနေတာ မဟုတ်ဘူးလား"

"မွန်းဘဝမှာ ဘယ်အရာကိုမှ လုမယူခဲ့ဖူးပါဘူး ပုလဲနှစ်ရယ်၊ ပြီးတော့ အချစ်ဆိုတာ ဖမ်းဆုပ်ထားလို့မရနိုင်သလို လုယူသွားလို့လည်း မရနိုင်ပါဘူး၊ မွန်းက ရှင်နဲ့ လွတ်လပ်စွာ ကွဲလွဲနေတာပါ၊ ရှင်လည်း ရှင့်ချစ်သူကို ဆက်ချစ်နေခွင့် ရှိသလို မွန်းလည်း အဘွားသဘောတူထားတဲ့ သူကို မငြင်းဘဲ နေခွင့်ရှိတယ်လေ"

"ရှင်မငြင်းရင် ရှင်ဝဲ ငပေါမကြီး ဖြစ်သွားမှာပေါ့၊ ချစ်သူ ငုတ်တုတ် ရှိနေတာကြီးကို မြင်ရက်နဲ့ ရှင့် သိပ်မျက်နှာ ပြောင်ရာ မကျဘူးလား"

"နှစ် ..."

"အလင်း ... ရှင် ဝင်မပြောနဲ့လို့ နှစ် ပြောထားတယ်နော်၊ ရှင့်ကိုလည်း နှစ် လုံးဝမကျေနပ်ဘူး၊ ရှင် နှစ်ရှိနေတဲ့အကြောင်း သူ့ကို စောစောစီးစီး ဖွင့်ပြောပြီး ငြင်းခဲ့ဖို့ သင့်တယ်"

"သူ အခုပဲ သူ့မှာ ပုလဲနှစ်ရှိတဲ့အကြောင်း မွန်းကို ဖွင့်ပြောပြီး ငြင်းနေတာပါ ပုလဲနှစ်"

"ဟင် ... ဒါဆို သူက ငြင်းတာတောင် ရှင်က မငြင်းဘူးပေါ့"

"ဟုတ်တယ် ... မွန်း မငြင်းခဲ့မိပါဘူး"

"ဒါဆို ရှင်က ငပေါမကြီးပဲ ..."

မွန်းက နှစ်ကို တုံ့ပြန်မပြောဘဲ ငြိမ်သက်နေသည်။ အဲဒီလို တည်တည်ငြိမ်ငြိမ် ရှိနေနိုင်တာကိုပဲ နှစ်က အသည်းယားသာကာ ...

"ရှင် ဘာလို့ မငြင်းသလဲ"

"မငြင်းချင်လို့ပေါ့"

"ဘာလို့ မငြင်းချင်ရတာလဲ"

"အဲဒီမေးခွန်းကို မွန်း မဖြေနိုင်ပါဘူး"

"ဘာဖြစ်လို့ မဖြေနိုင်တာလဲ"







www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ဖြေရမယ့် အဖြေမဟုတ်လို့ပါ"

"ဒါဆို ဘယ်သူ့ကို ဖြေရမယ့် အဖြေမို့လို့လဲ"

"တစ်ချိန်ချိန်မှာ ရောင်ဝါမေးခဲ့ရင်တော့ ဖြေကောင်းဖြေ ဖြစ်မှာပါ"

"အရှူး ..."

"မွန်း ရူးခဲ့တာ ခုနစ်နှစ် ရှိပြီ ..."

နှစ်က မွန်း ဘာအဓိပ္ပာယ်နဲ့ ပြောသလဲဆိုတာ နားမလည်နိုင်ဘဲ သူမကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။ သူမ လည်း နှစ်ကို တည်တည်ငြိမ်ငြိမ် ပြန်ကြည့်နေသည်။ သူ မျက်လုံးတွေထဲမှာ တွန့်ဆုတ်တွေဝေမှုကို မတွေ့ရ။

ရောင်ဝါကတော့ သူမရဲ့ မျက်ဝန်းကြည်လဲ့လဲ့ တွေကို ငေးကြည့်ရင်း ရင်ထဲမှာ တုန်လှုပ်လာခဲ့မိပါသည်။ ရူးခဲ့တာ ခုနစ်နှစ်ရှိပြီဟု သူမပြောလိုက်ချိန်မှာ သူမ မျက်ဝ ထဲ၌ မျက်ရည်ကြည်တချို့ ရစ်ဝိုင်းလာတာ၊ သူမအသံ အနည် ငယ် တုန်သွားတာကို သူ အမိအရ သတိပြုမိလိုက်သည် သူမ စကားက ပဟေဠိဆန်သည်။ နောက်ကွယ်မှာ အဓိပ္ပာ တွေ အများကြီး ရှိနေသည်ဟု ထင်မိသည်။

ရောင်ဝါသည် စိတ်ရှုပ်တုန်လှုပ်လှုပြီမို့ တစ်ဝ သတ် ဒေါသတကြီးဖြစ်နေသော နှစ်ရဲ့လက်ကို လှမ်းဆွဲလို ရင်း ...





"နှစ် ... လာ ... ပြန်ရအောင်ပါ"

ဟု ခေါ်မိသည်။ နှစ်က သူ့ကို ဆတ်ခနဲလှည့် ကြည့်လိုက်ရင်း ...

"အလင်း ... နှစ်ကို ချစ်သလား"

"ဟာကွာ ... နှစ်ရာ ... ဒါ လူတွေရှေ့မှာ ပြောရမယ့် စကားမျိုးမှ မဟုတ်တာ"

"လူတွေရှေ့ မဟုတ်ပါဘူး၊ သူ့ရှေ့မှာပဲ ပြောရမှာပါ"

"နှစ် ကလေးမဆန်ချင်စမ်းနဲ့ ..."

"ပြောလိုက်ပါ ရောင်ဝါ၊ မွန်းကို အားမနာပါနဲ့"

"ရှင် ဝင်မပါစမ်းနဲ့ လင်းလက်လ ..."

"ကျွတ် ... ပြဿနာပဲကွာ နှစ်ရာ"

ရောင်ဝါက ရှက်လည်းရှက်၊ စိတ်လည်းတိုလာ ကာ ဖော့ချွေးတွေ ဘာတွေတောင် ပြန်လာရပါသည်။

"ဖြေလေ အလင်း၊ အလင်း မဖြေမချင်း နှစ်က မေးနေ မှာနော်"

ရောင်ဝါသည် မျက်စိကို စုံမှိတ်ကာ သက်ပြင်း ချလိုက်ရင်း ...

"ကိုယ် နှစ်ကို ချစ်ပါတယ်၊ သွားကြရအောင်ပါ ..."

နှစ်က မတော်နိုင်သေးဘဲ ...



www.burmeseclassic.com

www.burmeseclassic.com

"အလင်း ... သူ့ကို မချစ်ဘူးမဟုတ်လား"

"နှစ် တော်လောက်ပြီ ..."

"ဖြေပါ ... အလင်း၊ အလင်းဘက်က တုံ့ပြန်မှုကို သ
ရှင်းရှင်းလင်းလင်း သိမှဖြစ်မယ်"

လင်းရောင်ဝါမှာ မွန်းရှေ့မှာ ဘယ်လိုမျက်နှာထား
ရမှန်းမသိဘဲ ထူပူဖိန်းရှိန်းလာပါသည်။ နှစ်ရဲ့ လုပ်ရပ်တွေ
သိပ်ကိုရုပ်ပျက်ဆွင်းပျက် ရှိလှတာမို့ မွန်းကို သူ အားနာလာ
ဒိတာပင်။

"ပြောလေ ... အလင်း"

သူ မဖြေမိ ...။ မွန်းဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်
မိတော့ သူ့ကို ဆွေးရိရိ ငေးကြည့်နေသော မွန်းရဲ့မျက်ဝန်းတွေ
နှင့် ဆုံရသည်။ ထိုမျက်ဝန်းတွေထဲမှာလည်း အဓိပ္ပာယ်တွေ
အများကြီး ပျော်ဝင်နေသည်ဟု ထင်လိုက်မိသည်။ ပြီးတော့
သူမရဲ့ တည်ငြိမ်မှုတွေအောက်က စိုးရိမ်တုန်လှုပ်မှုကိုလည်း
သူ မြင်ရသည်။

"အလင်း ... နှုတ်က မဖြေချင်ရင် ခေါင်းညိတ် ခေါင်း
ပဲ လှုပ်လိုက်ပါ၊ အလင်း သူ့ကို မချစ်ဘူး မဟုတ်လား
နှစ် မေးတာမှန်ရင် အလင်း ခေါင်းတော့ ညိတ်ပြပေးပါ"

လင်းရောင်ဝါသည် ရှုတ်တရက်ကြီး အသက်





အုပ်၍ မွန်းနစ်သွားသလို ခံစားလိုက်ရသည်။ သို့သော် နှစ်
မေးတာကို သူ အခုမှ မဖြေမိလျှင် ပြဿနာတွေ ဆက်ဆတ်
ဘက်တော့မှာမို့ သူ ဖြည်းညှင်းစွာ ခေါင်းညိတ်ပြခဲ့ရသည်။
ခေါင်းညိတ်အပြီးမှာတော့ လင်းလက်လကို မကြည့်ရဲတော့ဘဲ
စိတ်ကျဉ်းကြပ်စွာ ခေါင်းငုံ့နေလိုက်သည်။

"ကဲ ... တွေ့တဲ့အတိုင်းပဲ လင်းလက်လ၊ အလင်းက
ရှင့်ကို မချစ်တာ သေချာတယ်၊ ရှင် လက်လျှော့ပြီး
အေးအေးဆေးဆေး နေလိုက်ပါတော့"

"ဒါ ... သဘာဝကျပါတယ် ပုလဲနှစ်ရယ်၊ ရောင်ဝါ့အနေ
နဲ့ လူကြီးချင်းသဘောတူထားတဲ့ မိန်းကလေးတစ်ယောက်
ကို ခုလောက် အချိန်တိုတိုလေးအတွင်းမှာ မချစ်နိုင်သေး
ဘူးဆိုတာ သဘာဝကျပါတယ်"

"မချစ်နိုင်သေးဘူးလို့ သုံးနှုန်းလိုက်ပုံကိုထောက်ရင်တော့
ချစ်လာနိုင်လိမ့်မယ်လို့ ရှင် မျှော်လင့်နေပုံရတယ်၊ ဒါဆို
ရင်တော့ ရှင် သက်သက်အရူးထတာပဲ လင်းလက်လ၊
အလင်းက ရှင့်ကိုမချစ်ဘူး၊ သူချစ်တာ ပုလဲနှစ်၊ ပြီးတော့
ရှင့်ကို လက်မခံနိုင်ကြောင်းလည်း သူငြင်းပြီးသား၊ ဒါနဲ့
တောင် ရှင်က ဘာဆက်လုပ်ချင်သေးလို့လဲ"

"မွန်း ဘာမှဆက်မလုပ်ပါဘူး၊ လက်ရှိအခြေအနေအတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပဲ ငြိမ်ငြိမ်လေး နေလိုက်ရုံပါပဲ၊ မွန်းဘက်က ဘာ
မကြိုးစားဘူး၊ သေးသိမ်တဲ့ နည်းလမ်းတွေသုံးပြီးတော့
လည်း နှစ်တို့နှစ်ယောက်ကို မခွဲပါဘူး"

"ခွဲလို့လည်း မရပါဘူး"

"မှန်တယ် ပုလဲနှစ်၊ ချစ်သူတွေကို ခွဲနိုင်တာ ဘေး
မဟုတ်ဘူး၊ သူတို့ကိုယ်တိုင်ပဲ ..."

"ရှင့်စကား မရှင်းဘူး"

"ကိုယ့်ချစ်သူတစ်ယောက်အပေါ် ဘယ်လိုစိတ်ထားမျိုး
ထားရမယ်၊ ဘယ်လိုအပြုအမူမျိုး ပြုမူရမယ်ဆိုတာ
လောက်တောင် မသိတဲ့ သူမျိုးကို ဘယ်သူကမှ ကြာရှည်
ချစ်မြတ်နိုးနိုင်မယ် မထင်ဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန်
မှာ ရှင့်ကို ရောင်ဝါက မချစ်တော့ဘူးဆိုခဲ့ရင် အဲဒါ
မွန်းကြောင့်မဟုတ်ဘူး၊ ရှင်ကိုယ်တိုင်ကြောင့်ပဲ ... မွန်းက
တော့ လက်ရှိအချိန်လေးမှာ ရိုးရိုးသားသားနေထိုင်သွား
မယ်၊ ပြီးတော့ ရှင်တို့နှစ်ယောက်ကြား ဝင်နှောင့်ယှက်
ပြီးတော့လည်း ကိုယ့်ကိုယ်ကို တန်ဖိုးမဲ့အောင် မလုပ်ဘူး
ရှင်လည်း မွန်းကို မုန်းတာတစ်ခုတည်းနဲ့ ကိုယ့်ကိုယ်ကို
တန်ဖိုးမဲ့အောင် မလုပ်မိပါစေနဲ့၊ ဒီပွဲမှာ တန်ဖိုးနိမ့်ကျ
သွားတဲ့ သူက အလိုလို ဘေးရောက်သွားရမှာပဲ ..."





"ကဲ ... မွန်း ပြန်လိုက်ပါဦးမယ်၊ ရောင်ဝါ မွန်းကို ခွင့်ပြုပါ၊ မွန်း ကားငှားပြီး ပြန်လိုက်ပါမယ်၊ မွန်းကို စိတ်ချပါ၊ ဘွားတို့ မေးရင်လည်း ရောင်ဝါ ပြန်လိုက်ပို့ပေးတယ်လို့ ပြောလိုက်ပါမယ်၊ ပြီးတော့ ဒီနေ့ဖြစ်တဲ့ ကိစ္စတွေကိုလည်း အဘွားတို့မသိအောင် လျှို့ဝှက်ထားလိုက်ပါမယ်"

မွန်းက စားပွဲပေါ်မှာတင်ထားသည့် ပိုက်ဆံအိတ်နှင့် နေကာမျက်မှန်လေးကို လှမ်းဆွဲယူပြီး ရောင်ဝါတို့ စားပွဲမှ ထပ်ထွက်လိုက်ချိန်မှာ နှစ်က လှစ်ခနဲ ခြေထိုးခံလိုက်လေသည်။

"အိုး ..."

"အဟက် ..."

"မွန်း ..."

မွန်းက ဟန်ချက်ပျက် လဲပြိုသွားချိန်မှာ နှစ်က ဟက်ခနဲ ခပ်တိုးတိုးရယ်လိုက်သည်။ ရောင်ဝါကတော့ မွန်းကို လှမ်းတွဲဖေးမလိုက်ပါသည်။

"မွန်း ... ရရဲ့လား၊ နှစ်ရဲ့ အပြုအမူအတွက် ကျွန်တော် တောင်းပန်ပါတယ်"

"ရပါတယ် ... ကိစ္စမရှိပါဘူး ရောင်ဝါ"

"အလင်း တောင်းပန်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"သွားတော့မယ် ရောင်ဝါ"

"ဟုတ်ကဲ့ ..."

မွန်းက နှစ်ဆီ တစ်ချက်လှမ်းကြည့်လိုက်ပြီး သူတို့ နှစ်ယောက်နားမှ အေးဆေးစွာ ထွက်ခွာသွားခဲ့ပါသည်။

♥ ♥ ♥



✦ ✦ ✦

"ကိုယ် ထိမ်ချန်တာမဟုတ်ဘူး နှစ်၊ အကြောင်းရင်းမှန်ကို နှစ်သိရင် စိတ်ဆင်းရဲမှာ၊ ဒေါသဖြစ်ရမှာကို ကိုယ်စိုးရိမ်လို့ ... မွန်းဟာ ကိုယ်နဲ့ သဘောတူထားတဲ့သူဆိုတာ မပြောဘဲထားခဲ့တာပါ၊ နှစ် မသိဘဲ ပြီးသွားမယ့်ကိစ္စတစ်ခုလို့ပဲ ကိုယ် ယူဆထားခဲ့တာပါ၊ ဒီနေ့မှ ကိုယ့်မှာ နှစ် ရှိနေတဲ့အကြောင်း၊ သူ့ကို လက်မထပ်နိုင်တဲ့အကြောင်း ပြောပြနေခဲ့တာပါ"

မွန်း ပြန်သွားပြီးနောက်မှာ ရောင်ဝါနှင့် ပုလဲနှစ်ယောက် စားသောက်ဆိုင်ထဲမှ ထွက်လာကာ ကန်တော်ကြီးထဲမှာ လမ်းလျှောက်ရင်း ရောင်ဝါက ပြေရာပြေကြောင်း ချော့မော့သော်လည်း နှစ်က ဒေါသမပြေနိုင်သေးဘဲ လမ်းပေါ်မှာကျနေသည့် ကျအေးဘူး အခွံတစ်ခုကို ပိတ်ကန်ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

"ဟာ ... လှထိသွားပြီ"

"နေပစေ ... ထားလိုက်၊ မသိချင်ယောင် ဆောင်နေလိုက်၊ လက်ဖျားကလေးပဲ ထိသွားတာကို သဲသဲလှုပ် အော်နေတာ"

"ဟာ ... မသိချင်ယောင်ဆောင်လို့ ဘယ်ဖြစ်မှာလဲ နှစ်ရယ်"

ရောင်ဝါက အအေးဘူးခွံ လက်ကိုထိသွားသဖြင့် လက်ခါရင်း ညည်းညူနေသည့်သူဆီ လှမ်းကြည့်ရင်း အားတုံ့အားနာ ဖြစ်နေသော်လည်း နှစ်က ဂရုမစိုက်ပုံနှင့် ...

"ကိုယ့်ကိစ္စနဲ့ကိုယ် စိတ်ရှုပ်ရတဲ့အထဲ၊ ဂရုစိုက်မနေစမ်းပါနဲ့ အလွှင်းရယ် ... ထားလိုက်ပါ"

"ဘယ်ဖြစ်မလဲ နှစ်၊ နှစ် မတောင်းပန်ချင်ရင်နေ၊ ကိုယ်သွားတောင်းပန်လိုက်မယ်"

ရောင်ဝါက ထိုသူ့ဆီ ခပ်သုတ်သုတ် လျှောက်သွားကာ အနူးအညွတ် တောင်းပန်စကားဆိုပြီးမှ နှစ်ဆီ ပြန်လျှောက်လာခဲ့သည်။ နှစ်မှာ အဲ့ဒီလို စိတ်ဓာတ်မျိုးရှိတာ၊ မယဉ်ကျေးတာတွေကို သူတွေ့ရတိုင်း စိတ်ညစ်မိရလျက် ... နှစ်ဟာ အဘွားနဲ့ ဘယ်လိုမှ အဆင်ပြေမှာမဟုတ်ဟု ထင်မိသည်။



နှစ်ကတော့ မပြေနိုင်သော ဒေါသတွေဖြင့် သူ့ကို ပြစ်တင်စကားတွေ ဆက်တိုက်ပြောနေပါသည်။

"အလင်း ကိုယ်တိုင်က မပြတ်သားလို့ ဒီအခြေအနေထိ ဖြစ်လာရတာပါ အလင်း၊ တကယ်ဆို အဘွားက အလင်းနဲ့ သဘောတူထားတဲ့အကြောင်း စပြောတဲ့အချိန်မှာပဲ အလင်းဘက်က နှစ် ရှိတဲ့အကြောင်း ဖွင့်ပြောပြီး လက်မထပ်နိုင်တဲ့အကြောင်း ပြတ်ပြတ်သားသား ငြင်းလိုက်ရမှာ"

"အဘွားက စိတ်ကြီးတယ် နှစ်ရဲ့၊ သူ့သဘောအတိုင်းဖြစ်ရမှ ကျေနပ်တတ်တဲ့ သူမျိုး၊ ကိုယ်တို့ တစ်အိမ်သားလုံးအပေါ် အဘွားက ဩဇာညောင်းတယ်၊ ကိုယ့်ဘက်က ဘယ်သူမှ ကူပြောပေးနိုင်မှာ မဟုတ်ဘူး၊ ဘွားဆန္ဒကို ကိုယ်က ချက်ချင်းကြီး ခါးခါးသီးသီး ငြင်းလိုက်ရင် အဘွားကို မလေးစားရာကျမှာစိုးလို့ အဘွားကို တိုက်ရိုက်မပြောဘဲ မွန်းနဲ့အရင် ဆွေးနွေးကြည့်ရတာပါ"

"ဆွေးနွေးပွဲက ထွက်လာတဲ့ ရလဒ်က ဘယ်လောက်ဆိုးသလဲ ...၊ အဲ့ဒီမိန်းမက ပျော့ပျော့နဲ့ နံတဲ့ ကြောင်ချေး"

"နှစ်ရယ် ဒေါသတွေထွက်မနေပါနဲ့တော့၊ ကိုယ်တို့ အေး



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဒီအတိုင်း ဆက်ချစ်နေရင် ပြီးတာပဲ မဟုတ်လား၊ မွန်းကလည်း ကိုယ်တို့နှစ်ယောက်ကို ဖွတ် နှောင့်ယှက်မယ့်သူမှ မဟုတ်တာ"

"အေးအေးဆေးဆေး နောက်ဆုတ်မသွားတာဟာ နှောင့်ယှက်နေတာနဲ့ အတူတူပဲပေါ့၊ သူ့ကိုပြောမရရင် အလင်းရဲ့ အဘွားကို အလင်း ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီး ငြင်းလိုက်ပေါ့ ..."

"ချက်ချင်းကြီးတော့ မဖြစ်သေးဘူးလေ၊ အချိန်တော့ ယူမှဖြစ်မယ်"

"အလင်း မပြောချင်နေလေ့၊ နှစ် ဘာသာပဲ သွားပြောလိုက်တော့မယ်၊ အဘွားမြေး လင်းရောင်ဝါနဲ့ နှစ်နဲ့ ချစ်နေကြလို့ လူကြီးချင်း သဘောတူထားတဲ့ကိစ္စ ရုတ်သိမ်းပေးပါလို့ ..."

"နှစ် အဲ့ဒီလိုသွားပြောရင် လူကြီးကို မလေးမစားလုပ်ရာကျမှာပေါ့၊ နှစ်လည်းမကောင်းဘူး၊ ကိုယ်လည်းမကောင်းဘူး၊ ဘွားလည်း ဒေါသထွက်မှာပဲ"

"အဲ့ဒါဆို အလင်းပဲ နှစ်ကို အဘွားဆီခေါ်သွားပြီး ဒါ ကျွန်တော့်ချစ်သူပါလို့ မိတ်ဆက်ပေးလိုက်ပေါ့"

"ခဏနေပါဦး နှစ်ရယ်၊ တချို့ကိစ္စတွေဆိုတာ အချိ





တန်ရင် သူ့အလိုလို အဆင်ပြေသွားတတ်ပါတယ်၊ စိတ်လောလောနဲ့ လျှောက်လုပ်ရင် ပိုရှုပ်ထွေးသွားတတ်တယ်"

"အလင်း အဘွားက လူငယ်တစ်ယောက်ရဲ့ အခွင့်အရေးကို ဝင်စွက်ဖက် ခြယ်လှယ်ပြီး သူသဘောတူတဲ့ သူနဲ့ ပေးစားမယ်ဆိုတာကိုက မဟုတ်တာ၊ လူကြီးဖြစ်ပြီး လူကြီးတစ်ယောက်ရဲ့ မှုတတဲ့စိတ်ထားမျိုးမှ မရှိတာ"

"အဘွားကိုတော့ အပြစ်မပြောပါနဲ့ နှစ်၊ အဘွား ဘာပဲလုပ်လုပ် ကိုယ် အဘွားကိုချစ်တယ်"

"ကောင်းပြီ ... အလင်းမကြိုက်ရင် အလင်းအဘွားကို နှစ် အပြစ်မပြောဘူး၊ ကောင်းကောင်းမွန်မွန်ပဲ ပြောမယ်"

နှစ်စကားက ဘာအဓိပ္ပာယ်မှန်းမသိတာမို့ ရောင်ဝါ စိတ်ရှုပ်ရှုပ်နှင့်ပင် နှစ်ကို ကြည့်နေလိုက်မိသည်။

"နှစ် အလင်း အဘွားဆီကိုသွားပြီး သူ့မြေးလေး အလင်းနဲ့ နှစ်နဲ့ ချစ်နေကြတဲ့အကြောင်း ကောင်းကောင်းမွန်မွန်ပဲ ပြောပြလိုက်မယ်လေ"

စကားက ဒီလမ်းကြောင်းပေါ်ပဲ ပြန်ရောက်လာပြန်တာမို့ ရောင်ဝါ ပိုစိတ်ရှုပ်သွားမိသည်။

"ဘယ်ဖြစ်မလဲ နှစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဖြစ်ရမှာလဲ ..."

"နှစ်ကိုယ်တိုင် သွားပြောတာကြီးက ဘယ်ကောင်း မလဲ၊ ကိုယ့်ဘာသာ အဘွားအခြေအနေကြည့်ပြီး အေ အေးဆေးဆေး ပြောပြပါ့မယ်"

"ပြောမယ်ဆိုလည်း မနက်ဖြန့်ပဲ ပြောလိုက်တော့လေ"

ရောင်ဝါ မဖြေမိ ...။

"ပြောမယ် မဟုတ်လား"

"ခဏလေး မစောင့်နိုင်တော့ဘူးလား နှစ်ရယ်"

"စောင့်ခဲ့ရတာ ကြာပြီလေ ...၊ နှစ်ဟာ အလင်းချစ်သ ပါဆိုတာ အလင်း အိမ်ကလူတွေကို ဘယ်တော့ ဖွင့်ပြေ မလဲလို့ နှစ် စောင့်နေခဲ့တာ ကြာပြီ၊ ဘာလဲ ... နှစ်ပုံ နှစ် အခြေအနေက အလင်း အဘွား လက်မခံနိုင်တဲ့ ပုံစံမျိုး ဖြစ်နေလို့လား၊ နှစ်မှာ ဘာချို့ယွင်းချက် ရှိ လို့လဲ"

နှစ်က ပြောရင်း ပြောရင်း ဒေါသပါလာသည် ရောင်ဝါ ပိုစိတ်ရှုပ်လာမိသည်။ တကယ်လည်း နှစ် ပုံစံ နှ စိတ်ဓာတ်ကို အဘွား သဘောကျမည့်ပုံ မပေါ်တာမို့ နှစ် အဘွားကို တွေ့ပေးဖို့ သူ ဝန်လေးခဲ့ရတာပင် ...။

"နှစ် တော်တော် အသည်းယားတယ် သိလား၊ အေး





အေးစက် လုပ်နေတဲ့ အလင်းကိုလည်း အသည်းယား တယ်၊ တစ်ယူသန်တဲ့ အဘွားကိုလည်း အသည်းယား တယ်၊ မျက်နှာအပြောင်သားနဲ့ အလင်းရဲ့ ဇနီးလောင်း နေရာကနေ တစ်လက်မမှ မရွေ့ဘဲ အခန့်သားထိုင်နေ နိုင်တဲ့ မွန်း ဆိုတဲ့ မိန်းမကိုလည်း အသည်းယားတယ်၊ နှစ် သူ့ကို တစ်ခုခု လုပ်မိတော့မယ်"

"ဘယ်သူ့ကိုလဲ ..."

"လင်းလက်လကိုလေ ..."

"သူ့ဘာသာ အေးအေးဆေးဆေး နေပါစေ နှစ်ရယ်၊ ထားလိုက်ပါ၊ သူလည်း အကြောင်းစုံသိပြီးမှတော့ တို့ နှစ်ယောက်ကို ဘာမှ နှောင့်ယှက်မယ်မထင်ပါဘူး"

"သူ့ဘာသာ အေးအေးဆေးဆေးနေနေတာကိုက နှစ်တို့ အတွက် အနှောင့်အယှက်တစ်ခုပဲ အလင်း ..."

နှစ်က အံကိုကြိတ်၍ အေးစက်စက် ပြောလိုက်ပါ

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

မှန်းသည် အခန်းပြတင်းဝမှာ လက်ပိုက်ရပ်လျက် ကောင်းကင်ကို မော့ကြည့်နေပါသည်။

ညကောင်းကင်က မလင်းသော်လည်း ပိန်းပိတ်အောင် မှောင်မနေပါ။

ကြယ်ကလေးတွေကို စုစုဝေးဝေး မတွေ့နိုင်ပေမယ့် ဟိုတစ်လုံး ဒီနားတစ်လုံး ပြန့်ကျဲနေတာကိုတော့ ထင်ထင်ရှားရှား မြင်ရသည်။

မှန်းသည် မှိန်ဖျော့ဖျော့ အဝေးကောင်းကင်ထဲသို့ ဆော်ရမ်းမှန်းဆ ကြည့်နေမိပါသည်။ အဝေးကောင်းကင်ထဲမှာ ဘာတွေ့ရမယ်ဆိုတာ မသေချာ၊ ဘာကိုမှ တွေ့မှာမဟုတ်မှန်း သေချာပေမယ့်လည်း တစ်ခုခု မြင်တွေ့ရနိုး မျှော်လင့်ချက်ဖြင့် ဆက်ဆက်ကြည့်နေချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မွန်း ... မင်းကို ချစ်မိခဲ့တာဟာ အဝေးညကောင်းကင်ထဲမှာ တစ်စုံတစ်ခု တွေ့ရှိ ရမ်းရော်ကြည့်နေမိတဲ့ လူတစ်ယောက်ရဲ့ မျှော်လင့်မှုမျိုးနဲ့ပါ ရောင်ဝါ ...။

မွန်းက လည်ပင်းကလေး အစင်းသားဖြစ်တဲ့အထိ ကောင်းကင်ဆီ မော့ငေးလိုက်ချိန်မှာ ကြယ်ကလေးတစ်လုံး ကြွေကျသွားတာကို မြင်လိုက်ရတာမို့ ပြုံးလိုက်မိပါသည်။

မွန်း အသက် ၁၇ နှစ်။ မြီးကောင်ပေါက်စအရွယ် သာသာလေးတုန်းက အဲ့ဒီ ကြယ်ကလေးတွေကို အမှာစကား ပါးဖူးသည်။

ကြယ်ကြွေတာ မြင်တိုင်း ဖျတ်ခနဲ မျက်စိမှေးမှိတ် လက်ချင်းပူးယှက်ကာ ...

"မင်းနဲ့ အရမ်းဝေးတဲ့နေရာတစ်ခုမှာ မင်းကို အမြဲသတိရနေတဲ့ မွန်းဆိုတဲ့ ကောင်မလေးတစ်ယောက် ရှိနေတယ် ရောင်ဝါ ..."

ဟု တီးတိုး ရေရွတ်လိုက်မိမြဲ ဖြစ်သည်။ မွန်း ပြောလိုက်တဲ့ စကားကို ကြယ်ကလေးက သယ်ဆောင်သွားပြီး ရောင်ဝါ့ရှေ့သို့ ကြွေကျသွားကာ ရောင်ဝါ့အား ထိုစကားကို သိကြားစေလိမ့်မည်ဟု မွန်းက စိတ်ကူးယဉ်အတွေးဖြင့် ယုံ ရှင်ခဲ့တာဖြစ်သည်။





မွန်းသည် ညကောင်းကင်ကို ကျောခိုင်းလျက် ...တင်ဆီသို့ ပြန်လျှောက်လာပါသည်။ ထို့နောက် ခုတင်ဘေး ...ဒီရှိဗိုကလေးကိုဖွင့်ကာ အတွင်းမှ CD အယ်လ်ဘမ်လေးတစ်ခု ကို ထုတ်ယူလိုက်သည်။

အဖုံးကို ဖွင့်လှန်လိုက်တော့ အတွင်းမှာ အစဉ် ...လိုက်ရှိနေသော CD ၈ ချပ်ကို တွေ့ရသည်။ စီဒီ ချပ်တိုင်းမှာ ...စာရေးထားသည်။ ရောင်ဝါ့ အသက် ၁၇ နှစ်။ ရောင်ဝါ့အသက် ၁၈ နှစ် ... စသဖြင့် အစဉ်အတိုင်းပင်။ နောက်ဆုံး စီဒီ ချပ်မှာ ...တော့ ရောင်ဝါ့အသက် ၂၄ နှစ်ဟု ရေးထားသည်။ ၁၇ နှစ်မှ ...သည် ၂၃ နှစ်အထိ နှစ်စဉ် ကျင်းပမြဲ မွေးနေ့အစီအစဉ်လေး ...တွေကို မှတ်တမ်းတင်ထားသော စီဒီ ချပ်များ ဖြစ်ပါသည်။

မွန်းက ရောင်ဝါ့ အသက် ၁၇ နှစ်ဟု ရေးထား ...သော ရှေ့ဆုံး စီဒီ ချပ်လေးကို ထုတ်ယူပြီး ဒီဗီဒီ စက်ထဲသို့ ...သွားထည့်လိုက်သည်။ ထို့နောက် ခုတင်ပေါ်မှာ ပြန်လာထိုင် ...ကာ ရီမု ခလုတ်ကို နှိပ်လိုက်သည်။

"Happy birthday to you... "

"Happy birthday လင်းရောင်ဝါ"

မွေးနေ့ သီချင်းသံတွေ လျှံကျလာသည်။

မျက်လုံးတွေ ပိတ်သွားအောင် အားရပါးရ ရယ် ...မောနေသော ကောင်မလေးတစ်ယောက်ကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

၁၇ နှစ်အရွယ်မို့ ရောင်ဝါ့ပုံစံလေးက ကလေးရုပ် ပေါက်နေဆဲ။ အသားက ဖြူဖြူ၊ ပါးကလေးတွေက ဖောင်းဖောင်းလေး၊ မျက်နှာလေးက ဝိုင်းဝိုင်း ဖောင်းဖောင်းလေး ... ။ နှုတ်ခမ်းမွှေးလေးတွေက ရေးတေးတေး။ တိရှပ်ခရမ်းရောင်နှင့် ဘောင်းဘီဖြူဖြူလေး ဝတ်ထားသည်။

ရောင်ဝါ့ အပြုံး၊ ရောင်ဝါ့ အသံ၊ ရောင်ဝါ့ ဟန်ကို အသေးစိတ် မြင်နေရသည်။ သူငယ်ချင်းတွေက နောက်ပြောင် လိုက်တိုင်း ဟိုးဟိုးဟားဟား ရယ်မော ခုန်ပေါက်နေတတ်သော မြူးတူးဟန်ကလေး ... ။

"ကဲ ... ကဲ ... မွေးနေ့ရှင် မွေးနေ့ကိတ် လှီးပါတော့ကွ"

သူငယ်ချင်းတွေရဲ့ အော်သံ ... ။

ရောင်ဝါက မွေးနေ့ကိတ် လှီးရမည့် ဓားကလေး ကို လှမ်းယူလိုက်သည်။ ပြီးတော့ ချက်ချင်း မလှီးသေးဘဲ မွေးနေ့ကိတ်နားမှာ ဝိုင်းအုံနေသည့် သူငယ်ချင်းတွေရဲ့ မျက်နှာ ကို ဝေ့ဝဲကြည့်လိုက်ရင်း ...

"အင်း ... ဘယ်သူ့ကို အရင်ကျွေးရင် ကောင်းမလဲ"

"ဟေ့ကောင် ... ရောင်ဝါ ငါ့အရင်ကျွေးကွာ"

"ဟဲ့ ... ရောင်ဝါ ငါ့ကိုအရင်ကျွေးနော် ... "

ရောင်ဝါက ပြုံးစေ့စေ့ရုပ်ကလေးနှင့် ကိတ်မုန့် အစိတ်အကြီးကြီး လှီးချပစ်လိုက်သည်။ ပြီးတော့ ... ဓားဖြင့်ထော





ဘာ ပန်းကန်ပြားထဲထည့်ပြီး ပန်းကန်ကို ပင့်မြှောက်ထားသည်။ သူငယ်ချင်းတွေက လိုက်လုတော့မှ ပန်းကန်ကို အောက်ချပြီး သူငယ်ချင်းတွေကို ကျွေးတော့မလိုလိုနှင့် ကိတ်မုန့်တစ်ခုလုံး ကို လက်ဖြင့်ကိုင်ကာ သူ့ပါးစပ်ထဲ အကုန်ထိုးထည့်လိုက်လေ သည်။

မွန်းက ရောင်ဝါ့ အပြုအမူလေးကိုကြည့်ရင်း ပြုံး လိုက်မိသည်။ အဲ့ဒီပုံလေးကို ဘယ်နှစ်ကြိမ်ပဲကြည့်ကြည့် မွန်း အမြဲပြုံးမိရပါသည်။

"လည်ပင်းနင်ပါစေ ... လည်ပင်းနင်ပါစေ ... "

"မနင်ဘူးကွ ... မနင်ဘူး"

သူငယ်ချင်းတွေက သံပြိုင်ဝိုင်းအော်နေကြသည်။ သူက ပလုတ်ပလောင်း ဝါးရင်း ဝူးဝူးဝါးဝါး ပြန်အော်ပြောနေ သည်။

မွန်းသည် သူ့ပုံစံလေးကို ကြည့်ရင်း အသံထွက်၍ ပင် ရယ်မောလိုက်မိချိန်မှာ နေ့ခင်းဆီက ခံစားခဲ့ရသည့် နာကျင် နှမ်းကြပ်မှုတွေအားလုံး ပျောက်ပျက်သွားခဲ့ရသည်။

ထိုအခွေဆုံးသည်အထိ သူ့ရဲ့ ပြုံးပျော်ရွှင်မြူးနေ သော ပုံစံလေးကို မွန်းက ပြုံးလျက် စိုက်ကြည့်နေခဲ့သည်။ ခွေဆုံးသွားတော့ ကိတ်မုန့်တုံးကြီးကို ပါးစပ်ထဲ တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com

ထည့်၍ မျက်လုံးပြူး မျက်ဆန်ပြူး ဝါးမျိုချနေသော သူ့ပုံစံကို မြင်မြင်ရစ်ကြည့်ရင်း ထပ်ထပ် ပြုံးမိနေသည်။

လွန်ခဲ့သော ခုနစ်နှစ်လောက်က ...

ရောင်ဝါရဲ့ အဲဒီပုံစံလေးကို စမြင်ကတည်းက မွန်း ချစ်ခဲ့ရတာပါ ရောင်ဝါရယ် ...။

နှစ်စဉ်နှစ်တိုင်းလိုပင် ဘွားဘွားကျော့က သူတို့ မိသားစု လုပ်လေ့ရှိသည့် မွေးနေ့၊ အလှူ စသဖြင့် အခမ်းအနား မှတ်တမ်းတင် ခွေလေးတွေကို မွန်းရဲ့ဘွားဘွားဆီ လှမ်းလှမ်း ပို့ပေးတတ်သည်။ အဲဒီအခွေထဲက ရောင်ဝါရဲ့ မွေးနေ့ခွေလေး ကို ကြည့်ရင်း မွန်းရဲ့အာရုံမှာ သူက စတင်စွဲထင်လာသည်။ ထိုအချိန်မှစကာ မွန်းရဲ့အာရုံထဲမှာ သူက နေရာအပြည့် ယူထား တာမို့ တခြား ဘယ်ယောကျ်ားလေးကိုမှ မွန်း စိတ်မဝင်စားဘဲ နေနိုင်ခဲ့သည်။

အချိန်တွေ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးသွားသည်။

မွေးနေ့ခွေတွေ တစ်ခွေပြီးတစ်ခွေ ရောက်လာ သည်။ ရောင်ဝါက မွန်းရဲ့ နှလုံးသားမှာ တစ်နှစ်ထက်တစ်နှစ် ပို၍ နေရာယူလာသည်။

ရောင်ဝါလည်း အသက်တွေ တစ်နှစ်ပြီးတစ်နှစ် ကြီးကာ ရုပ်ရည် ... စတိုင်လ်လေးတွေ မသိမသာ ပြောင်းပြောင်း လာသည်။





ရောင်ဝါ အသက် ၁၈ နှစ် ...။

ရောင်ဝါ ဆံပင်က အတိုကနေ ဘေးခွဲအရှည် စတိုင်လ် ပြောင်းလာသည်။

မျက်နှာလေး မသိမသာ သွယ်ပြီး မေးရိုးလေး ပေါ်လာသည်။

ရှပ်အင်္ကျီလက်ရှည်လေးကို ကြယ်သီးစေ့ပိတ်လျက် နက်ခ်တိုင်လေးတပ်ဝတ်ကာ အပေါ်ကနေ ဝေစ်ကုတ် မီးခိုးရောင် လေး ထပ်ဝတ်ထားသည်။ အနဲ့ားဝိုင်း ဦးထုပ်မြင့်မြင့်လေးကို စတိုင်လ်လုပ်၍ ဆောင်းထားသည်။

သူ့ခြံဝန်းထဲမှာ မွေးနေ့ အခမ်းအနားအတွက် ပြင်ဆင်နေချိန်မှ စ၍ ရိုက်ယူထားတာမို့ သူ မျက်စိစုံမှိတ်လျက် ပါးကလေး တအားဖောင်း၍ ပူစီဖောင်းမှုတ်နေသော ပုံကလေး ကိုပါ မြင်ရသည်။

"ချစ်စရာလေး ..."

မွန်းက ထိုသို့ရေရွတ်ကာ ထိုနေရာမှာပင် Pause ခလုတ်နှိပ်၍ ရုပ်ကာ အကြာကြီး ငေးကြည့်ခဲ့ရသည်။

ရောင်ဝါ အသက် ၁၉ နှစ် ...။

ဆံပင် အတိုအထောင်လေး ဖြစ်သွားသည်။ ပြီးတော့ ... နီညိုရောင်လေး ဆိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြုံးက, ကလေးသိပ်မဆန်ဘဲ နည်းနည်းပဲများလာသည်။

ရောင်ဝါ့ အသက် ၂၀ ...။

မေးစေ့များလေးမှာ မုတ်ဆိတ်မွေး မည်းမည်းလေးတွေကို တွေ့ရသည်။

ဆံပင်က ထောင်တချို့ လှဲတချို့ ...။

ဆံပင်ရောင်က သဘာဝ အမည်းရောင် ...။

နည်းနည်း ရင့်ကျက်လာသည်။ လက်မောင်းလက်ရုံး ပြည့်ဖြိုးကာ ဗလထွက်လာသည်။

ရောင်ဝါ့ အသက် ၂၁ ...။

ဆံပင် ဆေးမဆိုးတော့ ...။

ရောင်ဝါ့ အသက် ၂၂ ...။

မုတ်ဆိတ်မွေး မထားတော့ ...။

ရောင်ဝါ့ အသက် ၂၃ ...။

သပ်ရပ် စမတ်ကျစွာ ဝတ်တတ်လာသည်။

ပိုပြီး ကြည့်ကောင်းကာ ဆွဲဆောင်မှု ရှိလာသည်။

ခပ်ဖောင်းဖောင်း ဖြစ်နေခဲ့သော မျက်နှာလေးက တစ်နှစ်ထက်တစ်နှစ် ပြေလျှောကာ ရင့်ကျက်သောအသွင်သို့ ပြောင်းပြောင်းလာသည်။ ထိုရင့်ကျက်ခြင်းတွေထဲကမှ တချို့





စ်ဝက် ကျန်နေသော နုနယ်မှုကလေးတွေကိုလည်း တွေ့ရသည်။

တစ်နှစ်ထက်တစ်နှစ် ပြောင်းပြောင်းလာသော ပြောင်းအလဲတွေကြားမှာ မပြောင်းလဲတာ တစ်ခုကတော့ တ်မှန်ကြီးကြီး လိုးတတ်ခြင်းနှင့် ထိုကိုတ်မှန့်တုံးကြီးကြီး သူ အရင်လုလုစားပြီးမှ သူများတကာကို လိုက်ခွံ့တတ်ခြင်း း။

မွန်းသည် ရောင်ဝါ့ မွေးနေ့ခွေလေးတွေကို သေချာ မ်းထားပြီး သတိရတိုင်း ဖွင့်ကြည့်နေခဲ့သည်။

သူများတကာတွေ date လုပ်လည်ပတ်နေချိန်မှာ က ရောင်ဝါ့ခွေလေးကို ဖွင့်ကြည့်ရင်း ကျေနပ်ပျော်ရွှင်နေခဲ့ သည်။

စိတ်ကူးယဉ်တယ်လို့ပဲ ဆိုချင်ဆို မွန်းက သူ့ကို ကိုယ်တိုင် မမြင်ရခင်ကတည်းက စွဲလမ်းချစ်မက်ခဲ့ရပါသည်။

ညစဉ်ညတိုင်း မွန်းရဲ့ အခန်းပြတင်းဝမှာရပ်လျက် ကောင်းကင်ဆီ ငေးမျှော်ကြည့်ရင်း သူ့အကြောင်းတွေးသည်။ ယ်ကြွေတာကို လှမ်းမြင်ရရင်တော့ ကမန်းကတန်း လက် လေး ယှက်၍ မျက်စိစုံမှိတ်ကာ ...

"ကြယ်ကလေးရေ ရောင်ဝါ့ကို ပြောလိုက်ပါ၊ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းဝေးတဲ့ နေရာတစ်ခုမှာ သူ့ကို အမြဲ သတိရနေတဲ့ မွန်း ဆိုတဲ့ ကောင်မလေးတစ်ယောက် ရှိနေပါတယ်လို့"

ဟု ခပ်တိုးတိုး ရေရွတ်ရသည်။

မွန်း ခပ်ငယ်ငယ်က မြန်မာပြည်ကို ခဏခဏ ရောက်သည်။

အဲဒီတုန်းက ရောင်ဝါတို့မိသားစုကလည်း ရောင်ဝါ့ ဖခင် အလုပ်လုပ်နေသည့် စင်ကာပူမှာ လိုက်နေကြတာမို့ မွန်းနဲ့ ရောင်ဝါတို့ မဆုံဖြစ်ခဲ့ကြ။

အဲဒီတုန်းက မွန်းတို့ မြေးအဘွားက မြန်မာပြည်မှာ နှစ်လလောက်အထိ နေသည်။ မွန်းက အဘွားနှင့်အတူ သွားလာလည်ပတ်ရင်း မြန်မာမှုနှင့် ရင်းနှီးထိတွေ့ရသည်။ အဲဒီ အချိန်တုန်းကဆို ဘွားဘွားကျော့ကလည်း သူ့လုပ်ငန်းတွေကို ဦးစီးနိုင်တုန်းပင်။ ရောင်ဝါ့ ဖေဖေကတော့ ဘွားဘွားကျော့ရဲ့ လုပ်ငန်းတွေကို မဦးစီးခင် အတွေ့အကြုံလည်းရ၊ ပညာလည်းရ ရအောင် ဟိုမှာ အလုပ်သွားလုပ်နေခဲ့တာပင်။

ရောင်ဝါတို့ မိသားစု မြန်မာပြည်ပြန်လာပြီး ရောင်ဝါ့အဖေက ဘွားရဲ့လုပ်ငန်းတွေကို ဦးစီး တိုးချဲ့လာချိန်မှာတော့ မွန်းတို့ မြန်မာပြည် ပြန်မလာဖြစ်တော့။ ကျောင်းစာတွေ တွေနှင့်သာ နပန်းလုံးနေခဲ့ရသည်။



နှစ်တွေက အကြာကြီး ကြာပြီး အခု ရောင်ဝါ့ အသက် ၂၄ နှစ်ပြည့် မွေးနေ့သို့ မကျရောက်မီကာလလေးမှာမှ မွန်းတို့ မြေးအဘွား မြန်မာပြည်သို့ ပြန်လာဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

သူ့အတွက်တော့ မွန်းက တစိမ်းတစ်ယောက်ပေါ့။

မွန်းအတွက်တော့ သူက ကလေးသာသာ အရွယ် ငယ်ငယ်ကတည်းက စွဲခဲ့ရသူ ဖြစ်ပါသည်။

သူ့မွေးနေ့ခွေတွေတိုင်းမှာ သူနဲ့ ရင်းနှီးပတ်သက်မှုရှိသော မိန်းကလေးမျိုးကိုလည်း မတွေ့မိတာမို့ သူလည်း မွန်းလိုပဲ အခုချိန်ထိချစ်သူမရှိသေးဘူးဟုပင် မွန်းကထင်ခဲ့သည်။

ရောင်ဝါ့မွေးနေ့ နီးလာပြီဆို အဘွားက မွန်းကို အကူအညီတောင်းလေ့ ရှိပါသည်။

"မြေးရေ... ကျော့ကျော့ မြေးလေးအတွက် ဘွား မွေးနေ့ လက်ဆောင် ပို့ချင်တယ်၊ မြေးကလူငယ်ဆိုတော့ လူငယ် အကြိုက်ကို ပိုသိမှာပေါ့၊ မြေးပဲ ဝယ်ပေးစမ်းပါကွယ်"

ဘွား ဒီလိုပြောတိုင်း မွန်း ပျော်ရသည်။

ရောင်ဝါ့ရဲ့ ၁၈ နှစ်မြောက် မွေးနေ့မှ စကာ သူ့အတွက် မွေးနေ့လက်ဆောင်ကို မွန်းပဲ အမြဲဝယ်ပေးရသည်။

ရောင်ဝါ့ မွေးနေ့ နီးလာပြီဆို အဘွားမခိုင်ခိုင်



www.burmeseclassic.com

www.burmeseclassic.com

ကတည်းက ဒီနှစ်တော့ ဘာလေးပေးရင် ကောင်းမယ်ဆိုတာ စဉ်းစားပြီးပြီ။ အဘွားက မွေးနေ့လက်ဆောင် ဝယ်ပေးဖို့ ပြောလာချိန်မှာ မွန်းက အသင့်ဝယ်ပြီးသွားပြီ။

နှစ်တိုင်း နှစ်တိုင်း ရောင်ဝါပုံစံလေးကို မြင်ယောင်ပြီး ရောင်ဝါအတွက် မွေးနေ့လက်ဆောင် လျှောက်ဝယ်ရတာကို မွန်း ပျော်သည်။ စိတ်ကူးထဲမှာ သူ့ကို ဦးထုပ်ကလေး ဆောင်းကြည့်ပေး၊ နေကာမျက်မှန်လေး တပ်ကြည့်ပေး၊ သူ့လက်မှာ နာရီလေး ပတ်ပေး၊ သူ့လည်ပင်းမှာ မာဖလာလေး ပတ်ပေး၊ နက်ခ်တိုင်လေး ဆင်ပေး ...။ သူနဲ့လိုက်ဖက်တယ်လို့ ထင်တဲ့ ပစ္စည်းကိုဝယ်။

သူ့အသက် ၂၃ နှစ်ပြည့် မွေးနေ့တုန်းက မွန်း Valentino ရေမွှေး နှစ်ပုလင်းဝယ်သည်။ တစ်ပုလင်းကို သူ့အတွက် လက်ဆောင်ပို့ပေးပြီး တစ်ပုလင်းကို မွန်း ယူထားကာ နေ့တိုင်း နှစ်နှစ်သက်သက် ဆွတ်သည်။ သူလည်းဆွတ်ဖြစ်ရင် မွန်းတို့နှစ်ယောက် ရေမွှေးဆင်တူသုံးသည်ဟု ဆိုရမည်။ အဲဒီလို ရေမွှေးရနံ့တူတာကို တွေးတွေးပြီး မွန်း ကျေနပ်ရသည်။ မွန်း ရေမွှေးဆွတ်တိုင်းလည်း သူ့ကို သတိရမိသည်။

သူ့အသက် ၂၂ နှစ်ပြည့် မွေးနေ့တုန်းကလည်း နာရီတစ်စုံဝယ်ကာ ယောကျ်ားဝတ် နာရီကို သူ့အတွက် လက်





ဆောင်ပို့ပေးပြီး မိန်းမဝတ်နာရီကို မွန်း ပတ်သည်။ မွန်းနဲ့သူ နာရီလည်း ဆင်တူပေါ့။

မွန်းဘဝမှာ အပျော်ဆုံးနေ့တစ်နေ့ ရှိခဲ့ပါသည်။

အဲဒီနေ့ကတော့ မွန်းရဲ့ အဘွားက မွန်းနဲ့ လင်းရောင်ဝါကို အဘွားချင်း သဘောတူထားကြောင်း ဖွင့်ပြောခဲ့သော နေ့ပင်။

"မွေးနေ့ခွေတွေထဲမှာ မြေးမြင်ဖူးထားမှာပေါ့၊ ကျော့ကျော့ မြေးလေး လင်းရောင်ဝါလေ ...၊ ကောင်လေးက အရမ်း ရည်ရည်မွန်မွန်နဲ့ ချစ်စရာကောင်းတယ်၊ မြေးကို လင်းရောင်ဝါနဲ့ လက်ထပ်ပေးဖို့ အဘွားတို့ချင်း တိုင်ပင်ထားတယ်"

အဘွားစကားကို ကြားကြားချင်း မွန်း မျက်လုံး[illegible] ရွှင်မြူးတောက်ပသွားမှာ သေချာတာမို့ ဘွားမရိပ်မိအောင် [illegible]မန်းကတန်း မျက်လွှာချရသည်။ ရင်ထဲမှာ ပျော်လိုက်တာများ [illegible]သော အနားမှာမရှိရင် ထတောင် ခုန်လိုက်ချင်သေးသည်။

"ဘယ်လိုလဲ ... မြေး စိတ်ဝင်စားရဲ့လား၊ ဘွားကို မြေး စိတ်ထဲရှိတာ ပြောပြစမ်း ..."

ဘွားက မေးတော့မှ မွန်းက ရှုန်းရီသော မျက်ဝန်း[illegible]လေးများဖြင့် ဘွားကို မော့ကြည့်မိရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မွန်း အမှန်အတိုင်း ပြောရင် ဘွား မရယ်ရဘူးနော်"

"အေးပါ ... မရယ်ဘူး ပြော ..."

"ဟိုလေ ... မွန်းက ... မွန်းက ... သူ့ရဲ့ ၁၇ နှစ်ပြည့် မွေးနေ့မွေလေးကို ကြည့်ပြီးကတည်းက သူ့ကို စိတ်ဝင်စားနေခဲ့တာပါ"

"အိုး မိုင် ဂေါ့ ..."

ဘွားက သူ့နဖူးသူ လက်ဝါးနှင့် ရိုက်၍ရယ်လိုက်ပါသည်။ ဘွားရယ်တော့ မွန်း နည်းနည်းရှက်သွားသည်။

"အိုကေ ... အိုကေ ... ဒီတစ်ခါ ရောင်ဝါ မွေးနေ့ကျရင် ရောင်ဝါ့ဆီမှာ မြေး ရှိနေနိုင်ပါစေလို့ ဘွား ဆုတောင်းပေးမယ် ..."

ဘွားက ပြုံးပြုံး ပြုံးပြုံးနှင့် သဘောတွေကျနေသည်။

မွန်းကတော့ ဘွားနှင့်အတူ မြန်မာပြည် ပြန်ရမည့်နေ့ကိုမျှော်ရင်း ရောင်ဝါနဲ့ တွေ့ခွင့်ကို စိတ်စော မျှော်မောနေရပါသည်။

ရန်ကုန်လေဆိပ်သို့ လေယာဉ်ဆိုက်ရောက်ချိန်မှာတော့ မွန်းစိတ်တွေ လှုပ်ရှားကာ လက်များ ခြေများတွေ အေးစက်လာခဲ့ရသည်။





လေယာဉ်ပြတင်းမှတစ်ဆင့် လှမ်းမြင်နေရသည့် ရောင်ဝါနေထိုင်သော မြန်မာပြည်က မွန်းကို နွေးထွေးစွာ ကြိုဆောင့်နေသည်ဟု ထင်မိ၏။

လေယာဉ်ပြေးလမ်းပေါ်သို့ လေယာဉ်ဘီး ချလိုက်ချိန်မှာ မွန်းရဲ့ ဘယ်ဘက်ရင်အုံဆီက ဒိတ်ခနဲ မြည်သွား၏။

လေယာဉ်ပေါ်က ဆင်းလာခဲ့ချိန်မှာတော့ မွန်းရဲ့ အထက်က ကောင်းကင်ကပင်လျှင် မွန်းကို နွေးထွေးစွာ အုပ်ဆိုင်းထားသည်ဟု ခံစားရ၏။ မွန်း စိတ်တွေ ပေါ့ပါး ပျော်ရွှင်သိုက်ပုံများ ကိုယ့်ကိုယ်ကိုတောင် အံ့ဩမိရသေးသည်။ တစ်သက်နဲ့ တစ်ကိုယ် ခုလောက် စိတ်လှုပ်ရှား ပျော်ရွှင်ရတာမျိုး မကြုံခဲ့ဖူးလို့ပင် ... ။

လေဆိပ်အတွင်း ခန်းမထဲက ထွက်လာချိန်မှာတော့ မွန်းရဲ့ခြေလှမ်းတွေဟာ ကြမ်းပြင်သို့ပင် မထိလောက်အောင် ပေါ့ပါးနေသည်။

သူ့ကို လှမ်းမြင်ရသည်။

မှန်နံရံခြားသည့် နေရာဆီကပင် မွန်း သူ့ကိုမြင်သည်။

ခြေလှမ်းတိုင်း ရင်ခုန်သံပြင်းပြစွာဖြင့် မွန်း သူ့ဆီ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မွန်းကို ချက်ချင်း သတိမထားမိ။

မွန်းကတော့ ပြုံးတော့မယောင် ဖြစ်ဖြစ်လာသော ကိုယ့်နှုတ်ခမ်းလေးကို တင်းတင်းစေ့ရင်း သူ့ကို တမေ့တမော ငေးမိသွားသည်။

သူ့ကိုတွေ့ရခြင်းဟာ မွန်းအတွက်တော့ နှစ်ရှည်လများ ကွဲကွာနေသော ချစ်ခင်သူတစ်ယောက်ကို ပြန်တွေ့လိုက်ရသလိုပင် ...။

သူနဲ့ မျက်လုံးချင်းဆုံခိုက်မှာတော့ မွန်းရဲ့ လှုပ်ရှားနေသော စိတ်အာရုံက ငြိမ်သက်အေးမြသွားခဲ့ရပါသည်။

သူနဲ့ တွေ့ခွင့်ရသော နေ့ရက်တွေက ယစ်မူးဖွယ် ချိုမြိန်လွန်းသည်။

သူ့ရှေ့မှာ ခပ်တည်တည် ဣန္ဒြေဆည်ထားရပေမယ့် သူလစ်ရင်တော့ သူ့မျက်နှာကို ခိုးခိုးကြည့်ရသည်။ ဖြစ်နိုင်လျှင် သူ့မျက်ဝန်းတွေကို ရှည်ကြာစွာ စိုက်ကြည့်နေလိုက်ချင်သည်။

မွန်း အဲဒီလောက်ထိ တမ်းတမ်းတတ ချစ်ခဲ့ရသူကတော့ မွန်းရဲ့အချစ်ကို မသိဘဲ သူ့ရဲ့အချစ်ကို ဖွင့်ဟပြောသည်။

လင်းရောင်ဝါဆိုတာ ချစ်သူရှိသော ယောကျာ်း





တစ်ယောက်မှန်း မွန်း တဖြည်းဖြည်း ရိပ်မိနားလည်လာချိန်မှာ မွန်း နှလုံးသားတွေ ခပ်အက်အက် ဖြစ်လာခဲ့ရသည်။

မွန်း ခံစားချက်ကို မွန်းကိုယ်တိုင် ထိန်းချုပ်လို့ မနိုင်နင်းသေးခင်မှာပဲ ရောင်ဝါက မွန်းကို ငြင်းပယ်ခြင်းဖြင့် မွန်းရဲ့ အက်ရာထင် နှလုံးသားကို ပွဲပွဲကျစေခဲ့သည်။

ထိုနှလုံးသား အပဲ့အစတွေကို မှုမှုကြေအောင် လုပ်ခဲ့သူကတော့ ရောင်ဝါ့ချစ်သူ ပုလဲနှစ် ဖြစ်ပါသည်။

မွန်းသည် ပျော့ခွေနွမ်းရိ အားယုတ်သွားသော်လည်း ထူထူထောင်ထောင် ရဲရင့်ဟန်ဆောင်သည်။

မွန်း ... နောက်ဆုတ်သင့်သော်လည်း ရှေ့ကိုသာ ထပ်တိုးသည်။

ပင်ကိုက နူးညံ့သော်လည်း ရိုင်းပျပျဟန် အရဲကိုး ရသည်။

ငယ်ငယ်ကတည်းက စွဲမြဲချစ်မက်ခဲ့တဲ့ ရောင်ဝါ့ကို မွန်း ဘယ်လိုစွန့်လွှတ်ရမှာလဲ ...? ဘာ့ကြောင့် စွန့်လွှတ်ရမှာလဲ။

အဘွားရဲ့ 'သဘောတူခြင်း' ဟူသော ကောက်ရိုးလေး တစ်မျှင်ကို မွန်းက ကယောင်ချောက်ချား ဆုပ်ကိုင်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မွန်းကို မင်းဘဝထဲက ချက်ချင်းကြီး ဖယ်ထုတ် မပစ်လိုက်ပါနဲ့ဦး ရောင်ဝါရယ် ...။

မျှော်လင့်ချက် အလင်းမှျင်ကလေး တစ်မျှင်ပဲရှိ ဒီအချိန်လေးမှာ မွန်းကို ရပ်တည်နေခွင့် ပေးပါဦးနော် ...။

"ဒေါက် ... ဒေါက် ..."

"မြေးရေ ..."

အခန်းတံခါး ခေါက်သံ၊ ဘွားရဲ့ ခေါ်သံကြောင့် မွန်း အတွေးထဲက ပြန်နိုးလာကာ တံခါးဝဆီ လှမ်းကြည့် သည်။

အခန်းတံခါးချပ်က ခပ်ဟဟပွင့်လာကာ အဘွား မျက်နှာ ပြုံးပြုံးဝိုင်းဝိုင်းကြီး ပေါ်လာသည်။

"မြေး ... ရောင်ဝါနဲ့ အတူသွားပြီး ပြန်လာတာလား"

"ဟုတ်ကဲ့ ဘွားဘွား"

"အစစအရာရာ အိုကေရဲ့လား မြေး"

အဘွားက လက်မလေးထောင်ပြပြီး မေးလိုက် သည်။ မွန်းက အားယူပြုံးရင်း လက်မပြန်ထောင်ပြရကာ ...

"အိုကေတယ် ဘွား ..."

ဟု ပြောလိုက်တော့ ဘွားက 'ဆက်လုပ် ဆက် လုပ်' ဟု ပြောပြီး တံခါးကိုပြန်ပိတ်သွားသည်။ မွန်ရဲ့ လက်မ တော့ လေထဲမှာ ထောင်လျက်သား ကျန်ခဲ့သည်။





မွန်းက မွန်းရဲ့ ထောင်ထားသော လက်မလေးကို ဖြည်းဖြည်း အောက်သို့ စိုက်ချလိုက်မိရင်း မချိတရိလေး ပြုံးကာ ပခုံးတစ်ချက်တွန့်၍ သက်ပြင်းလေး ချလိုက်ရပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

နှစ်သည် နှစ်ရဲ့ ဂျစ်ကားလေးကို မောင်းလာရင်း က ear phone လေးတပ်ပြီး အလင်းဆီ ဖုန်းလှမ်းခေါ်လိုက်[illegible]သည်။

"ဟဲလို ..."

"အလင်း ဘယ်ရောက်နေလဲ ..."

"ဗျူဟာဆလွန်းမှာ နှစ် ..."

"ဘာ ...၊ ဘယ်သူနဲ့လဲ၊ ဘာသွားလုပ်တာလဲ"

"ဘွားနဲ့လေ၊ ဘွား ဆံပင်ဆေးဆိုးမယ်ဆိုလို့ လိုက်[illegible] ရတာ ..."

ကျွတ် ... အာရုံနှောက်တယ်။ အာရုံနှောက်တ[illegible] တကယ်ပဲ။

အလင်းတို့ မြေးအဘွားချင်းချစ်နိုင်ပုံ၊ ဂရုစိ[illegible]





[illegible] အလင်းအဘွား ဟောဲရှော့ကြီးရဲ့ ဇွတ်တရွတ်နိုင်ပုံတွေကို ကြားသိရတိုင်း နှစ် အာရုံတကယ်နှောက်သည်။

"ဟွန့် ... ဆံပင် ဆေးဆိုးတာပဲ၊ အိမ်မှာဆိုးလည်း ရသားနဲ့"

"ဘွားက ဗျူဟာဆလွန်းမှာပဲ ဆိုးနေကျလေ၊ ဒီမှာက ခေါင်းလျှော်ခုံနဲ့ဆိုတော့ ပိုပြီး အဆင်ပြေတာပေါ့"

"အဲ့ဒီတော့ အလင်းက မိန်းမတွေကြီးစိုးတဲ့ နယ်မြေမှာ အဘွား ဆံပင်ဆေးဆိုးပြီးတဲ့အထိ စောင့်နေရမှာလား"

"စောင့်နေရမှာပေါ့၊ စောင့်နေကျပဲဟာ နှစ်ရဲ့၊ ပြီးတော့ ဒီမှာက မိန်းမတွေ သိပ်မကြီးစိုးပါဘူး နှစ်ရဲ့၊ အခြောက်တွေပဲ ကြီးစိုးတာပါ၊ ဟဲဟဲ ..."

ဟွန့် ... ကြည့်ပါလား ... ရယ်လိုက်သေးတာ၊ သူ့အဘွားကိစ္စတွေကို အဲဒီလို ရယ်ရယ်မောမော လုပ်ပေးနေကျ။

"ရှုးချင်ယောင် ဆောင်မနေနဲ့ အလင်း၊ ဘယ်သူပဲ ကြီးစိုး ကြီးစိုး လာတဲ့သူတွေကတော့ မိန်းမတွေချည်းပဲလေ၊ ယောကျ်ားကြီးတန်မဲ့ အဲဒီမှာ အကြာကြီး ထိုင်နေရတာ အနေမခက်ဘူးလား"

"မခက်ပါဘူး၊ မဂ္ဂဇင်းစာအုပ် ဖတ်နေတယ်လေ၊ စာ[illegible] တစ်အုပ်ပြီးတာနဲ့ အဘွားကိစ္စပြီးတာနဲ့ ကွက်တိ[illegible]"



www.burmeseclassic.com

www.burmeseclassic.com

"မဂ္ဂဇင်း ဖတ်နေတာမှ ဟုတ်ရဲ့လား၊ မျက်စိစားပွဲထိုင် နေတာ မဟုတ်ဘူးလား"

"ခုလောလောဆယ်တော့ မျက်စိစားပွဲထိုင်လောက်စရာ တစ်ယောက်မှ မတွေ့သေးဘူး၊ ကိုယ့် ရှေ့တည့်တည့်မှာ အန်တီဝဝကြီးတစ်ယောက်တော့ ပြောင်းဖူးမွှေးလောက် ကျဲတောက်နေတဲ့ သူ့ဆံပင်လေးတွေကို များတယ်ထင် ရအောင် လာကောက်ဖွနေတယ်"

"ကဲ ... အလင်း အရေးမပါတဲ့ စကားတွေ ပြောမနေနဲ့ တော့၊ ခုတလော အလင်းနဲ့ စကားပြောရတာ အာရုံ နှောက်တယ်"

"ဒါဆို အနည်ကျပြီး ကြည်လာအောင် နှစ်စိတ်ကို ငြိမ် ငြိမ်လေး ထားလိုက်လေ ..."

"မငြိမ်နိုင်ပါဘူး၊ လူက ထိုင်နေပေမယ့် အာရုံက အလင်း ဆီရော ဟိုတစ်ယောက်ဆီကိုပါ ပြေးလွှားနေရတာ အရမ်း ပင်ပန်းလာပြီ၊ ဒီကိစ္စကို မြန်မြန်ရှင်းမှ နှစ် စိတ်အေးနိုင် မယ်"

"ကိုယ်လည်း ဘာလုပ်ရရင်ကောင်းမလဲဆိုတာ စဉ်းစား နေပါတယ် နှစ်ရယ်၊ နှစ် အခုဘယ်မှာလဲ၊ ဘယ်သွားရော ရှိလဲ၊ ကိုယ် အဘွားကိုပြန်ပို့ပေးပြီးရင် နှစ်ဆီ လာခဲ့ မယ်လေ"





"မလာခဲ့နဲ့၊ နှစ် ဒီနေ့ ဦးနှောက်ဆေးမလို့ သူငယ်ချင်း တွေနဲ့ ချိန်းထားတယ်"

"ဦးနှောက်က ဘယ်လိုဆေးမှာလဲ"

"စကားတွေ ပြော၊ အတင်းတွေ ပြော၊ ကိုယ်မကျေနပ်တဲ့ သူတွေကို မှိုချိုးမှုစ်ချိုးတွေ အားရပါးရ ပြောပြီး ဆေးမှာ ပေါ့၊ အလင်းက အဲဒီကပြီးရင် ဘယ်သွားဦးမလဲ ..."

"အဘွားကတော့ ဘာမှမပြောသေးဘူး၊ အိမ်ပြန်မယ်လို့ တော့ ထင်တာပဲ"

"ဒီနေ့ လင်းလက်လနဲ့ တွေ့ဖို့ရှိသလား"

"မရှိပါဘူး နှစ်ရယ် ..."

"သေချာလို့လား ..."

"သေချာပါတယ်"

"ပြီးရော ...၊ အဲဒါဆို နှစ် သူငယ်ချင်းတွေနဲ့ တွေ့ပြီးရင် အလင်းဆီ ဖုန်းလှမ်းဆက်လိုက်မယ်"

"အိုကေ ... အိုကေ"

နှစ်က ဖုန်းပိတ်လိုက်ပြီးနောက် နှစ်ရဲ့ ဂျစ်ကား လေးကို စိမ်းလန်းစိုပြေဘက်သို့ ဦးတည်မောင်းလာခဲ့ပါသည်။

ပန်းခြံရှေ့မှာ ကားပါကင်ထိုးပြီး နှစ် ပန်းခြံထဲ ဝင်လာတော့ ရေစပ်နားက ခုံတစ်ခုံမှာ ဝိုင်းထိုင်နေသော နှစ်



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေက နှစ်ကို လက်မြှောက်ပြသည်။ ဂျူလီ၊ ပွစိ၊ ရှဘီ၊ ပန်ပန်၊ ပုပု ... မိန်းကလေး သူငယ်ချင်းတွေအားလုံး ရောက်နေကြသည်။ ဟိုကောင် ... မာန်ရဲကိုတော့ မတွေ့။ ဒင်းက နောက်ကျနေကျ။ ပွဲသိမ်းခါနီးမှ ရောက်လာပြီး ပွဲဆူအောင် လုပ်တတ်သူပင် ...။

နှစ်တို့ သူငယ်ချင်းအုပ်စုကို သိသူ တော်တော်များများက 'အဆိုးလေးများအဖွဲ့' ဟု အမည်ပေးထားသည်။ ပုံစံလေးတွေက အီမိုစတိုင်လေးတွေ၊ လူသတိထားမိချင်စရာ ဝတ်စားဆင်ယင်ပုံကြောင့်လည်း နှစ်တို့အုပ်စုကို လူသိများပြီး သိသူများကလည်း လန့်ဖျပ်အမြင်တွေ ကတ်ကြသည်။ ဂျူလီက နာမည်ရင်း၊ ရှဘီကလည်း နာမည်ရင်းမို့ မျက်လုံးဝိုင်းဝိုင်းနှင့် တစ်ယောက်ကိုပါ ကာရန်ညီအောင် ပွစိဟု နာမည်ပေးထားခဲ့တာပင်။ ပြီးတော့ ... အရုပ်ပုသော တစ်ယောက်ကို ပုပု၊ ပန်ပန်ကတော့ အစကတည်းက သူ့အိမ်နာမည် အတိုင်းပင်။

နှစ်တို့ သူငယ်ချင်းတွေဟာ နေ့တိုင်း မတွေ့ဖြစ်ပေမယ့် ညညဆို အင်တာနက်ဆိုင်ထဲ သွားထိုင်ကာ အသည်းအသန် chat ကြသည်။ website တွေ မွှေကြသည်။ မာန်ရဲကဆို လူသိများသော ဘလော့ဂါ ...။

"ဟိတ် ... နှစ်၊ ဘယ်လိုလဲ၊ ကြည့်ရတာ မလန်းပါလား"





"မလန်းဆို အာရုံနောက်နေတယ်လေ"

နှစ်က မျက်မှန်အကြီးကြီးကို ချွတ်ကာ စားပွဲပေါ် ချတင်ပြီး ခုံပေါ်မှာ ခြေပစ်လက်ပစ် ထိုင်လိုက်ရင်း ...

"လုပ်ကြပါဦး ... ရေ ... ရေ၊ ရေလေး တစ်ခွက်လောက် တိုက်ကြပါဦး"

နှစ်ရောက်လာတော့ စတင်ပွဲဆူလာသည်။ နှစ်က ဖန်ခွက်ကြီးကို လှမ်းယူကာ ရေအပြည့်ထည့်ပြီး တစ်ခါတည်း မော့ချပစ်လိုက်ပါသည်။

"အခြေအနေ မကောင်းဘူးဟေ့၊ တော်တော် ရင်ပူလာပုံရတယ်၊ ရေသန့်နှစ်ဘူးလောက် ထပ်မှာပေးကြပါဦး"

"နှစ် ဘာဖြစ်လာလဲ၊ ပြောစမ်း ..."

နှစ်က ဖန်ခွက်အလွတ်ကို စားပွဲပေါ်သို့ ဆောင့်ချပစ်လိုက်ရင်း ...

"မိန်းမတစ်ယောက်ဟာ၊ ငါ့ရည်းစားကို လာကြောင်နေတာ ..."

"ဟ ... တကယ်လား၊ ငြိမ်မနေနဲ့လေ၊ ဖိုက်ပစ်လိုက်ပါလား"

"ဖိုက်မှာ ... ဖိုက်မှာ၊ အခြေအနေကို နည်းနည်း သုံးသပ်နေတာ၊ သည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်ဆုံးသွားရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ခပ်ကြမ်းကြမ်း ဖိုက်သင့်ရင် ဖိုက်ပစ်မှာ ...”

“မှန်တယ်၊ ငါတို့လည်း တစ်တပ်တအား ကူလို့ရရင် ကူမယ်”

ရှုဘီက အားမာန်ပါပါ ပြောသည်။ ပန်ပန်က

မျက်ခုံးတွန့်ကာ ...

“ဟဲ့ ... နှစ်၊ နှင်အခုပြောနေတာ ငါ ဟိုတစ်လော

မားသားကို ဘုရားလိုက်ပို့ရင်း ဘုရားပေါ်မှာ မြင်လိုက်တဲ့

တစ်ယောက်လား”

“ဟုတ်သပ ...”

“ကြော် ... အဲ့ဒီတစ်ယောက်လား ...၊ ပန်ပန် နှင် အဲ့

တုန်းက မားသားကို ဘုရားမှာ ခဏထားခဲ့ပြီး သူ့

နောက်က နောက်ယောင်ခံလိုက်ကြည့်ပြီး နှစ်ဆီ သတင်း

ပို့ပေးတာဆို ...”

“ဟုတ်တယ်လေ ...”

“ငါက အဲ့ဒီကိစ္စက ပြီးသွားပြီပဲ မှတ်တာ၊ ဒါက နောက်

တစ်ကိစ္စမှတ်လို့ ...”

နှစ်က တစ်ချက် မဲ့လိုက်ရင်း ...

“အလင်းလိုငါ့ကိုသိပ်ချစ်တဲ့ ငြိမ်းငြိမ်းချမ်းချမ်း ယောကျ်ား

တစ်ယောက်မှာ မိန်းကလေးဘက်ကမှ စလာမကြော





ရင် သစ္စာပျက်မယ့်လမ်းပေါ်ကို ရောက်စရာအကြောင်းမှ

မရှိတာ၊ ဒါမျိုးကိစ္စမျိုး ဘယ်နှကိစ္စ ရှိနိုင်မှာမို့လို့လဲ၊

သူ့ သဲသဲမဲမဲ ကြောင်နေလို့သာ ငါ အာရုံနှောက်နေရ

တာ ...”

“ဟဲ့ ... ပန်ပန် အဲ့ဒီမိန်းမပုံစံက ဘယ်လိုမျိုးလဲ၊ တော်

တော် လန်းသလား”

ရှုဘီက လှမ်းမေးသည်။

“လန်းတော့ လန်းတယ်ဟ”

“ငါတို့ရဲ့ ပုလဲနှစ်ထက်တောင် လန်းသလား”

“မတူဘူးဟ၊ တစ်မျိုးစီပဲ၊ နှစ်က ခပ်သွက်သွက်လေး

လန်းတာ၊ ဟိုက ခပ်ငြိမ်ငြိမ် လန်းတာ”

“ကြောင်သူတော် ကြွက်သူခိုး ပုံမျိုးပေါ့ဟာ”

နှစ်က ပျစ်ပျစ်နှစ်နှစ်လေး ဝင်ပြောပေးလိုက်သည်။

ချိန်မှာ လင်းလက်လအကြောင်းကို ချိုးချိုးနှိမ်နှိမ်လေး ပြော

အာသာပြေမှာမို့လို့ပင်။

“နေစမ်းပါဦး ... အဲ့ဒီတစ်ယောက်နဲ့ လင်းရောင်ဝါနဲ့က

ဘယ်လိုကဘယ်လို စ,နွယ်လာတာလဲ”

“လင်းရောင်ဝါနဲ့ နွယ်လာတယ်လို့ မပြောနဲ့၊ လင်းရောင်

ဝါကို လာနွယ်တာလို့ ပြော ...”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟယ်... သူက လင်းရောင်ဝါကို ဘယ်လို စနွယ်လာတာလဲဆိုတာသာ ပြော"

"လမ်းရိုးကြီးနဲ့ နွယ်လာတာလေ၊ သူ့ဘွားအေကြီးနဲ့ အလင်း ဘွားအေကြီးက ချစ်သူငယ်ချင်းတွေဆိုတော့ လူကြီးချင်း သဘောတူထားကြလေသတည်းပေါ့"

"ဟယ် ... ဒီခေတ်ကြီးမှာ ဒီကိစ္စမျိုးကို အရေးစိုက်ရေ... လား၊ ဘယ်လို ခေတ်၏သားပျို သမီးပျိုမှ လူကြီးမိဘ... ပေးစားတဲ့သူကို မချစ်ဘဲ လက်မထပ်ပါဘူးဟာ"

"အလင်းကတော့ သူ့ကိုမှချစ်တာ သေချာပါတယ်"

"သူကရော ..."

"သူကတော့ ချစ်ချင်ချစ်မှာပေါ့၊ သူ့ကြည့်ရတာ မျက်... နည်းနည်းပြောင်တယ်"

"နေပါဦး... နာမည်က ဘာတဲ့လဲ"

"လင်းလက်လ ... တဲ့၊ သူကတော့ သူ့ကိုယ်သူ မှန်... စကားပြောရင် တမွှန်းမွှန်းနဲ့ သူနဲ့ စကားပြောရ... တကယ်မွှန်းတယ်၊ ရေနစ်နေသလိုပဲ"

"ဂရုစိုက်မနေစမ်းပါနဲ့ဟယ် ...၊ သူတစ်ယောက်တည်း... ကြောင်နေရုံနဲ့ ဘာလုပ်လို့ရမှာလဲ၊ အရေးကြီးတာ... လင်းရောင်ဝါ နင့်ဘက်မှာ ရှိနေဖို့ပဲ၊ ဒီအချိန်မှာ နင်... နှစ်ယောက် အရမ်း နီးကပ်စည်းလုံးနေသင့်တာ ..."





"ခုတလော အလင်းနဲ့ တွေ့ရတာလည်း အာရုံနောက်ပါတယ်ဟာ၊ သူက သူ့အဘွားမှ သူ့အဘွား၊ သူ့အဘွားကို လွန်ဆန်ဖို့ အင်အားလေး ချိနဲ့ရှာတယ်"

"ဘယ်သူလဲကွ၊ အင်အားချိနဲ့တာ"

"ဟယ် ... မာန်ရဲ နင်က အခုမှလာတော်မူတယ်၊ ဒီမှာကဖြင့် ပွဲတောင်ပြီးတော့မယ်"

"ပွဲပြီးလို့ မရဘူးလေ၊ ပွဲဆူအောင်လုပ်မယ့်သူက ခုမှ ရောက်တာဟ၊ ဟက် ဟက် ..."

မာန်ရဲက နှစ်ရှေ့မှာ ဇွေ့ခနဲ ဝင်ထိုင်လိုက်သည်။ ...တော့ နှစ်ရှေ့ရှိ အာလူးကြော်ပန်းကန်ထဲက အာလူးကြော် ...ကို နှိုက်စားလိုက်ရင်း နှစ်မျက်နှာကို စေ့စေ့ကြည့်လျက် ...

"မျက်နှာကလည်း အီးမှန်ထားတဲ့ အတိုင်းပဲ"

"ဟဲ့ ..."

နှစ်က မာန်ရဲပခုံးကို လှမ်းရိုက်ပစ်လိုက်ပါသည်။ ...န်ရဲက နှစ်ရဲ့ လက်ကို ဖမ်းဆွဲထားလိုက်ပြီး အချဉ်ရည် ...ခွက်လေးထဲက အချဉ်ရည်ကို လက်ညိုးနှင့်တို့ယူကာ နှစ်ရဲ့ ...ပါးနှစ်ဖက်ကို ပေပွသွားအောင် သုတ်ပစ်လိုက်ပါသည်။

"ကြည့်စမ်း ... ပေကုန်ပြီဟဲ့"

"နင် ဘာလို့ ငါ့ကို လာရိုက်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်ရော ဘာလို့ ငါ့ကို အီးမှန့်ထားတယ်လို့ ပြောသေး
လဲ"

"ငါပြောတာ မဟုတ်လို့လား၊ နှင့်ရုပ်က လဒကို အီးမှ
ပြီးမှ မျောက် အကိုက်ခံထားရတဲ့ ရုပ်"

"ဟယ် ... ကြည့်စမ်း၊ သူများတကာကို ဒီလောက် မှိုချိုး
မျှစ်ချိုး ပြောရသလားဟဲ့"

"မှိုချိုးမျှစ်ချိုး မပြောပါဘူး၊ ကျွဲရိုက် နွားရိုက်သလောက်
လေးပဲ ပြောတာပါ"

"ဒီနှစ်ကောင်ကတော့ တွေ့ရင်ကိုက်ပြီ"

"ခွေးချင်းခွေးချင်းကိုက်တာတော့ မဟုတ်ဘူးနော်၊ ခွေး
လူကိုကိုက်တာ၊ ငါကလူ ဟဲဟဲ ..."

"မာန်ရဲနော်"

"ဒေါ်မပွနဲ့ ပြောပြ ..."

"ဘာကိုလဲ ..."

"နှင့်ကို အီးမှန့်စေတဲ့ အကြောင်း ..."

"ပြောကို မပြောချင်တော့ပါဘူးဟာ"

"အဲ့ဒါ ပြောကိုပြောချင်နေတာ"

နှစ်က လင်းလက်လအကြောင်း မာန်ရဲကို ပြော
လိုက်တော့ မာန်ရဲက ဟက်ခနဲရယ်ကာ ...





"ဒါလေးများဟာ ..."

"နှင်က ဒါလေးများဆိုပေမယ့် ငါ့အတွက်တော့ ချီးထုပ်
ကြီးဟ ..."

"ချီးထုပ်က ရှုပ်နေရင် ရှင်းထုတ်ပစ်လိုက်ရုံပေါ့"

"ဘယ်လိုရှင်းရမှန်းမသိလို့ ဦးနှောက်စားနေရတာပေါ့
ဟဲ့ ..."

"ရုပ်ရှင်ဆန်ဆန်လေး ရှင်းလိုက်ရုံပေါ့ဟာ၊ ခပ်ပါးပါး
လေးပေါ့ ..."

"ပြောပြ ..."

"ဒီအတိုင်းတော့ ပြောမပြနိုင်ဘူးလေ၊ ဟဲဟဲ ... မီနူးလေး
ပေးကြပါဦး"

"ကောင်စုတ် ... ဈေးကိုကိုင်တယ်"

နှစ်က မီနူးစာအုပ်ကို မာန်ရဲရှေ့သို့ ဆောင့်ခနဲ
ချပေးလိုက်ပြီး မာန်ရဲ ဗိုက်ဝတော့မှ မာန်ရဲ ပါးစပ်က ထွက်လာ
သည့် ဉာဏ်နီဉာဏ်နက်တွေကို နားဆင်ဖို့ စောင့်ဆိုင်းနေလိုက်
ရပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

"မြေး ... ဘွားကို သေသေချာချာကြည့်စမ်း၊ ဘွား ဆံပင် နည်းနည်း ထပ်လိပ်လာတယ်၊ အဆင်ပြေရဲ့လား"

"ပြေတယ် ဘွား၊ ဘွားပုံစံကို ကြည့်ရင်း ကြည့်ရင်း ဘယ်သူနဲ့ တူနေပါလိမ့်လို့ စဉ်းစားနေတာ လက်စသတ်တော့ ဘွားက အဲလစ်ဇဘက် ဘုရင်မကြီးနဲ့ တူနေတာကိုး"

"မြေးစုတ်ကလေးနော်၊ မုန့်ဖိုးလိုချင်လို့ မြှောက်ပြောနေတာ မဟုတ်လား"

"မဟုတ်ပါဘူး ဘွားဘွားရဲ့၊ တကယ်ပြောနေတာပါ၊ ဘွားက ဒီအရွယ်ထိလည်း ဆံပင် အရမ်းမပါးသေးဘူး၊ ခုန အန်တီကြီးတစ်ယောက်ဆို ဘွားသမီးအရွယ်ပဲ ရှိသေး တာ ဆံပင်လေးတွေများ ပြောင်းဖူးမွေးလေးတွေ ကျနေ တာပဲ၊ ကျဲတောက်ပါးလျားလိုက်တာ ..."

"အေး ... အေး ... ဒါဆို ဘွားက သိပ်မအိုသေးဘူးပေါ့၊ သိပ်မအိုခင် မြစ်တော့ချီချင်တယ်ကွယ်"





"မကြာခင် ချီရမှာပါ ဘွားဘွားရယ်၊ သားမှာလည်း ရည်းစားရှိနေပြီပဲ ဥစ္စာ"

"ဘွားက မြေး ရောင်ဝါနဲ့ မြေး မွန်းရဲ့ ကလေးကိုမှ ချီမှာနော်"

ဘွားက ရောင်ဝါ စကားဖြင့်ချည်တာတောင် အချည်မခံဘဲ ရုန်းထွက်သွားပါသည်။

ကားပေါ်ရောက်တော့ ရောင်ဝါက ဘွားကိုမေးရသည်။

"ဘွား ... အိမ်ပြန်မှာလား၊ ဘယ်သွားဦးမလဲ"

"ရှင်းရှင်းတို့အိမ်ကို မောင်းကွယ်၊ သူတို့မြေးအဘွားကို အိမ်အလည်ခေါ်ရအောင်၊ ဒီနေ့ အိမ်မှာ ရှင်းရှင်းကြိုက်တဲ့ ငါးရံ့အူရယ်၊ ငါးဘတ်မွှေရယ်၊ ငါးခူကြော်ရယ်၊ ငါးသလဲထိုးအိုးကပ်ရယ်၊ ငါးဖယ်ငါးဆုပ်ရယ် ချက်ထားတယ်"

"ဘွားဟင်းတွေကလည်း ငါးထဲကကို မထွက်တော့ဘူး၊ ကြားရတာတောင် ညှီစော်နံလာပြီ၊ ဘွားရှင်းက ငါးချည်းပဲဆို မကြိုက်လောက်ပါဘူး ဘွားရား၊ နောက်နေ့ကျမှ ဟိုတယ်တစ်ခုခုမှာ လိုက်ကျွေးပါလား၊ ဒီနေ့တော့ အိမ်ပဲ ပြန်လိုက်ကြရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com

"မြေး ဘာသိလို့လဲ၊ ရှင်းရှင်းက ငါးဆို အသေကြိုက်တာ၊ သူ့အမေရှိတုန်းက ဘွားကိုပြောပြတာတော့ သူ့ကို မွေးတုန်းကဆို ကလေးက အမိဝမ်းက ကျွတ်ကျွတ်ချင်း အူဝဲ အူဝဲလို့မအော်ဘဲ ငါး ... ငါး လို့ အော်တာတဲ့"

ရောင်ဝါသည် ကြဲကြဲဖန်ဖန် ဘွားအပြောကြောင့် ရယ်ချလိုက်မိရင်း ...

"နားကြားမှားတာ နေမှာပါ အဘွားရာ၊ ကလေးငိုသံဆိုတာ စာထဲမှာ အူဝဲလို့ အတိအကျ ရေးတတ်ကြပေမယ့် တကယ့် ငိုသံက အဲလို အတိအကျကြီးမှ မဟုတ်တာ၊ ငါး ... ငါး ... ဝါး ... ဝါး ... ဒီလိုပဲ အော်အော်ငိုနေတာကို လူကြီးတွေက ကြားချင်သလို ကြားနေကြတာပါ"

"အူဝဲပဲဖြစ်ဖြစ် ငါးပဲဖြစ်ဖြစ် ဒီနေ့ ငါးဟင်းတွေကတော့ သူ့ကိုကျွေးရမှဖြစ်မယ်၊ သူမှ လိုက်မစားရင် ဟင်းတွေအားလုံး အလကားဖြစ်သွားမှာ၊ သူ့မြေးကလည်း သူ့လိုပဲ ငါးဟင်းကြိုက်သတဲ့၊ ကဲ ... ကဲ ... မောင်းတော့ မောင်းတော့ ..."

ရောင်ဝါက ဘွားကို မလွန်ဆန်နိုင်တော့ဘဲ ကားကို မွန်းတို့အိမ်ဘက်သို့ ဦးတည်၍မောင်းလာခဲ့ရပါသည်။





မွန်းနဲ့တွေ့ရမှာကို သူ လန့်နေမိသည်။ မနေ့က ဖြစ်ပျက်ခဲ့သည့် ကိစ္စတွေအတွက် မျက်နှာလည်း ပူသည်။ အားလည်းနာသည်။ နှစ် ဖုန်းဆက်လာတဲ့အချိန်မှာ သူနဲ့ မွန်းနဲ့ အတူရှိနေရမှာကိုလည်း ကျော့မလုံ၊ နှစ်ရဲ့ ဒေါသကိုလည်း လန့်သည်။ နှစ်ဘက်က ဒေါသတကြီး ဝူးဝူးဝါးဝါး ထလုပ်မှာကိုလည်း စိုးရိမ်လန့်ဖျပ်နေသည်။ ဘွားကိုလည်း ချစ်ကြောက်ရိုသေရတာမို့ ဘွားလုပ်ချင်တဲ့ အလုပ်တစ်ခုကို လုပ်မပေးဘဲလည်း မနေနိုင်ချေ။

အဘွားရှင်းတို့အိမ်ရောက်တော့ မွန်းက တံခါးလာဖွင့်ပေးရင်း မနေ့တုန်းက ဘာကိစ္စမှမရှိခဲ့သလိုမျိုး ကြည်ကြည်လင်လင် ပြုံးပြသည်။ သူကတော့ မွန်းလို မပြုံးနိုင်ဘဲ အိုးတိုးအမ်းတမ်း ဖြစ်နေသည်။ ဒီလိုအချိန်မှာ နှစ်ထံမှ ဖုန်းလာမှာကိုလည်း စိုးထိတ်နေမိသည်။

"မြေးရေ ... ရှင်းရှင်းရော"

"ရှိပါတယ် အဘွား၊ ရေချိုးခန်းဝင်နေလို့ပါ"

"ဒါဆိုအတော်ပဲ၊ ရေချိုးခန်းကထွက်တာနဲ့ အဝတ်အစားသစ် တန်းလဲလိုက်တော့လို့ ..."

"ဘယ်သွားစရာရှိလို့လဲ ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com

"ခြေးတို့ မြေးအဘွားကို ဘွားအိမ်ကို ခေါ်သွားမလို့လေ၊ အိမ်မှာ ထမင်း အတူလိုက်စားလှည့်"

"မွန်းပါ လိုက်မှဖြစ်မှာလား ဘွား"

"လိုက်ရမှာပေါ့၊ လိုက်ကိုလိုက်ရမှာပေါ့၊ ငါ့မြေးမပါလို့ ဘယ်ဖြစ်မှာလဲ ..."

မွန်းက ရောင်ဝါ့ကို ခွင့်တောင်းသလို လှမ်းကြည့်သည်။

"ဟယ် ... ကျော့ကျော့ ရောက်နေတာကိုး"

အဘွားရှင်းက အိမ်ထဲမှ ထွက်လာပြီမို့ ထုံးစံအတိုင်း သူတို့အာရုံနှင့်သူတို့ ဖြစ်သွားပါသည်။

"ရှင်းတို့ မြေးအဘွားကို အိမ်မှာထမင်းလိုက်စားဖို့ လာခေါ်တာ၊ အိမ်က ဟင်းတွေကို ရှင်း မြင်လိုက်ရင် ဘုရားတမိလိမ့်မယ်၊ အဝတ်အမြန်လဲတော့ ...၊ ဟိုတစ်နေ့က ဝတ်တဲ့ ဂါဝန်အသားရောင်လေး ဝတ်ခဲ့နော်၊ ငါ အဲဒီ ဂါဝန်လေးကို သိပ်သဘောကျတာ ..."

ကျော့ သဘောကျရင် လက်ဆောင်ပေးမယ်လေ၊ ဝတ်မလား"

"မဝတ်ရဲပါဘူးဟယ်၊ ငါ့မှာ ဘောင်းဘီရှည်လေး ဝတ်မိတာတောင် အိမ်က သွားနဲ့ ချွေးမက ယော့ရှော့လို့ပြော





ချင်ကြတာ၊ ဂါဝန်သာဝတ်မိရင် ပြောလို့ဆုံးမှာမဟုတ်တော့ပါဘူး၊ ခုတောင် အိမ်သားတွေရဲ့ မျက်စိထဲမှာ ငါက ဒစ္စကို အဘွားကြီးဖြစ်နေတာ"

အဘွားနှစ်ယောက် ရယ်မောပြောဆိုနေကြတုန်းမှာ မွန်းက ရောင်ဝါ့ကို တည်တည်ငြိမ်ငြိမ်လေး လှမ်းမေးပါသည်။

"မွန်း လိုက်ခဲ့လို့ ဖြစ်ရဲ့လား ရောင်ဝါ"

မလိုက်ခဲ့နဲ့ မဖြစ်ဘူးလို့ ဘယ်ပြောကောင်းပါမလဲ။ ရောင်ဝါက အဲဒီလောက် ရိုင်းပျနိုင်သည့်သူမျိုး မဟုတ်တာမို့ ခေါင်းညိတ်ရပါသည်။

"လိုက်ခဲ့ပါ မွန်း ...၊ ကျွန်တော့်ကို ခွင့်တောင်းဖို့မလိုပါဘူး"

မွန်းက ပြုံးပါသည်။

သူမ၏အပြုံးထဲမှာ အဓိပ္ပာယ်တစ်ခုခု ဖွက်ထားသလိုပဲဟု ထင်မိပါသည်။

"အဲဒါဆို ခဏလေးနော်၊ မွန်း အဝတ်အစား လဲလိုက်ဦးမယ်"

"ဟုတ်ကဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



မွန်းက အိမ်ထဲဘက်သို့ ဝင်သွားပြီး သိပ်မကြာခင် ပြန်ထွက်လာသည်။ အိမ်နေရင်းဝတ်ထားသည့် ဒူးအထိ လက်ပြတ် ဂါဝန်လေးပေါ်မှာ ဂျာကင်ရှည်ရှည် ထပ်ဝတ်ထားပြီး ဘာမှ အထွေအထူးပြင်ဆင်မလာသော မွန်းပုံစံက အပွအပင် ကင်းကင်း ကြည်ကြည်လင်လင်ပုံမျိုးပင် ...။

"ကဲ ... တို့မြေးအဘွားတွေ သွားကြမယ်ဟေ့"

အဘွားနှစ်ယောက်က မွန်းကိုတစ်လှည့်၊ ရောင်ဝါ ကို တစ်လှည့် ကြည့်လိုက်ကြပြီးနောက် ရှေ့ကနေ ပြုံးပြုံးကြီး ထွက်ခွာသွားသည်။

ကားပေါ်ရောက်တော့ ထုံးစံအတိုင်း အဘွားနှစ်ယောက်က နောက်မှာ စကားတွေအလုအယက်ပြောလျက်၊ ရောင်ဝါက ကားမောင်း၊ ရောင်ဝါ့ဘေးမှာ မွန်း ...။

ထုံးစံအတိုင်း မွန်းထံမှ Valentino ရေမွှေးနံ့ရသည်။ မွန်းလည်း သူ့ထံမှ ထိုရေမွှေးနံ့ ရမှာပင် ...။

သူ ကားမောင်းနေရင်း နေအပူရှိန် ပြင်းလာတာမို့ နေကာမျက်မှန်တပ်ဖို့သတိရသည်။ မျက်မှန်က ကားဒက်ရှ်ဘုတ် ထဲမှာမို့ သူက ကားမောင်းနေရင်းက ဒက်ရှ်ဘုတ်ကို လှမ်းဖွင့် ပြီး အထဲသို့ လက်ဖြင့်စမ်းရင်း မျက်မှန်ဘူးကို ရှာသော်လည်း အလွယ်တကူ ရှာမတွေ့၊ မွန်းက ရောင်ဝါ့ကို လှည့်ကြည့်ရင်း





"ရောင်ဝါ ... ဘာရှာတာလဲ"

"မျက်မှန်ပါ"

"ဩော် ... မွန်း ရှာပေးပါမယ်"

မွန်းက ဒက်ရှ်ဘုတ်အတွင်းထောင့်က မျက်မှန်ဘူး ကို ယူပြီး ဘူးထဲက မျက်မှန်ကို ထုတ်ယူပေးလိုက်သည်။

ရောင်ဝါက မျက်မှန်ကို လှမ်းယူတပ်လိုက်တော့ မွန်းက မျက်မှန်တပ်ထားသည့် ရောင်ဝါ့ပုံကို ခပ်ပြုံးပြုံးတစ်ချက် စိုက်ကြည့်လိုက်သည်။

ထိုအကြည့်ကို ရောင်ဝါက သတိထားမိသွားကာ "ဘာဖြစ်လို့ ပြုံးတာလဲ မွန်း၊ မျက်မှန်တပ်ထားတဲ့ ကျွန်တော့်ပုံက ရယ်စရာကောင်းနေလို့လား"

"မဟုတ်ပါဘူး၊ အဲ့ဒီမျက်မှန်နဲ့ ကြည့်ကောင်းလို့ပါ"

"ဒီမျက်မှန်က အဘွားသူငယ်ချင်းတွေထဲက အဘွားတစ်ယောက် ကျွန်တော့်အတွက် မွေးနေ့လက်ဆောင် ပို့ပေးတာလေ၊ အဘွားသူငယ်ချင်းတွေဆီက မွေးနေ့လက်ဆောင်တွေ ကျွန်တော် အမြဲရတယ်၊ ဒီမျက်မှန်လေးက ကျွန်တော်ကြိုက်လို့ အမြဲတပ်ဖြစ်နေတာ၊ အဘွားသူငယ်ချင်းတွေက အဘွားကြီးတွေဆိုပေမယ့် ခေတ်မီတယ်၊ ဒီ Oakley မျက်မှန်က -အရမ်းမိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘွားနှစ်ယောက်က သူတို့ချင်း စကားလက်ဆုံပြောလာကြတာမို့ မွန်းနဲ့ ရောင်ဝါ ပြောနေကြတာကို မကြားပါ။ မွန်းကတော့ မွန်း ဝယ်ပေးသည့် မျက်မှန်လေးနှင့် အရမ်းကြည့်ကောင်းနေသော ရောင်ဝါ့ကို မကြာခဏ ငဲ့ငဲ့ကြည့်ရင်း ကြည်နူးနေမိပါသည်။ ရောင်ဝါက မွန်း ဝယ်ပေးတဲ့ လက်ဆောင်ကို မွန်းဝယ်ပေးမှန်း မသိဘဲ ကြိုက်နှစ်သက်နေသည့်အတွက်လည်း မွန်း ကျေနပ်ရပါသည်။

မွန်းသည် အခြေအနေတွေ ဘယ်လိုပဲရှိရှိ ခုလို ရောင်ဝါ့နံဘေးမှာ ရှိနေခွင့်ရသည့် အခိုက်အတန့်လေးမှာတော့ အားလုံးကို မေ့ထားပြီး သာယာငြိမ်းချမ်းစွာ နေလိုပါသည်။

ရောင်ဝါတို့အိမ် ရောက်လာတော့ အားလုံး အတူ ဝိုင်းထိုင်၍ ထမင်းစားကြသည်။ အဘွားနှစ်ယောက်ကတော့ စကားတပြောပြော တသောသော၊ လူငယ်နှစ်ယောက်ကတော့ တိတ်တိတ်ဆိတ်ဆိတ်ပင်။ ရောင်ဝါ့မေမေနှင့် ညီမလေးက ဈေးဝယ်ထွက်ကြတာမို့ အိမ်မှာမရှိမနေ။ ရောင်ဝါ့ ဖေဖေကတော့ မနက်ကတည်းက ကုမ္ပဏီရုံးခန်းသို့ ထွက်သွားပြီမို့ အိမ်မှာ ဒီလေးယောက်နှင့် အိမ်ဖော်နှစ်ယောက်သာ ရှိနေကြပါသည်။

ထမင်းစားပြီးတော့ အဘွားရှင်းက အဘွားကျော့ အခန်းထဲ ဝင်သွားသည်။





"ရောင်ဝါ မင်း အခန်းက ဘယ်မှာလဲ"

မွန်းက ဧည့်ခန်းထဲမှာထိုင်၍ ပန်းသီးစားနေရင်းက ရောင်ဝါ့ကို လှမ်းမေးလိုက်သည်။

"ကျွန်တော့်အခန်းက အပေါ်ထပ်မှာ ..."

"မွန်း ကြည့်လို့ရမလားဟင်"

မွန်း မေးခွန်းကြောင့် ရောင်ဝါ စိတ်အိုက်သွားမိပါသည်။ နိုင်ငံခြားမှာတော့ မိန်းကလေး ဧည့်သည်ကို ယောကျ်ားလေး အခန်းထဲထိ ဝင်ခွင့်ပြုတာ ဘာမှမဆန်းပေမယ့် ဒီမှာတော့ ဒီလို တစိမ်းဧည့်သည်ကို အခန်းထဲထိ ဖိတ်ခေါ်လေ့မရှိကြပါ။ သို့သော် ... မွန်းကိုတော့ ငြင်းလို့မကောင်း၊ ငြင်းရမှာသည်း အားနာရတာမို့ ...

"ရပါတယ် မွန်း ...၊ ကျွန်တော့်အခန်းက သိပ်ခမ်းခမ်းနားနားတော့ မဟုတ်ပါဘူး"

ဟု ပြောပြီး သူ့အခန်းသို့ ဖိတ်ခေါ်လိုက်ရသည်။

ရောင်ဝါက အခန်းတံခါးကို ကျယ်ကျယ်လွင့်လွင့် ဆွဲဖွင့်ပြီး ပြန်မပိတ်ဘဲ ထားလိုက်သည်။

မွန်းသည် ရောင်ဝါ့အခန်းထဲသို့ လှမ်းဝင်လိုက်ချိန်မှာ နွေးထွေးသွားသလို ခံစားလိုက်ရသည်။ ရောင်ဝါ့အခန်းက ရိုးရိုးရှင်းရှင်း သပ်သပ်ရပ်ရပ်ကလေးပင်။ မွန်းက အခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com

ဝေ့ဝဲကြည့်ဆဲမှာ အိပ်ခန်းထောင့်ရှိ စင်ကလေးပေါ်က ပစ္စည်းလေးက မွန်းကို ညို့ခေါ်လိုက်သည်။

မွန်းသည် အံ့ဩပျော်ရွှင်စွာဖြင့် ထိုစင်ကလေးဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားမိသည်။

စင်လေးပေါ်မှာ မွန်း အဘွားကိုယ်စား မွန်းပို့လိုက်သော စုံတွဲရုပ်တုကလေး ရှိသည်။ ထိုစုံတွဲက ကောင်လေးကောင်မလေးစုံတွဲပုံ မဟုတ်၊ အဘိုးကြီး အဘွားကြီးစုံတွဲပုံပင်။ အဘွားကြီးက ကြောင်လေးကိုပိုက်၍ ထိုင်နေသည်။ အဘိုးကြီးက ပန်းစည်းလေးကိုင်လျက် အဘွားကြီးဘေးမှာ ရပ်နေသည်။ ထိုရုပ်တုလေးက လက်ရာမြောက် အသက်ဝင်ကာ ကြည်နူးစရာကောင်းလှတာမို့ မွန်းက ရောင်ဝါနှင့်အတူ အဘိုးအဘွားအရွယ်ရောက်သည့်တိုင် အတူတကွရှိနေချင်သော အဓိပ္ပာယ်ဖုက်ဖြင့် ပို့ပေးခဲ့တာဖြစ်သည်။ ထိုရုပ်တုကလေးဟာ နှစ်အတော်ကြာတဲ့တိုင် သူ့အိပ်ရာဘေးမှာ နေရာယူထားခဲ့သောအဖြစ်က တော်တော် ကြည်နူးစရာ ကောင်းပါသည်။

"ဒါလေးကလည်း မွေးနေ့လက်ဆောင် ရထားတာတွေထဲက တစ်ခုပဲလေ၊ ကျွန်တော်က ကျွန်တော်ကြိုက်တာလေးတွေဆိုရင် အဲလိုအလှကြည့်၊ မကြိုက်တာတွေကတော့ ဗီရို တစ်လုံးလုံးထဲမှာ တံခါးပိတ် ဂျိတ်ပေါ့ဗျာ၊





ဒါလေးတွေလည်း ဘွားသူငယ်ချင်းတွေထဲက တစ်ယောက်ယောက် ပို့ပေးတာထင်တယ်၊ ရုပ်တုလေးက အရမ်းအသက်ဝင်ပြီး ကြည်နူးစရာကောင်းတာနဲ့ ကျွန်တော့်အခန်းထဲမှာထားပြီး အလှကြည့်ဖြစ်နေတာ၊ စိတ်ရှုပ်နေတဲ့အချိန် ဒီရုပ်တုလေးကို တွေ့လိုက်ရင် ဘာဖြစ်လို့မှန်းမသိဘူး၊ ကြည်နူးသွားတတ်တယ်"

"ရောင်ဝါက အဘွားကို တော်တော်ချစ်ပုံရတယ်နော်"

"ချစ်တာပေါ့၊ အဘွား ဂဂျီဂဂျောင်ကျရင်သာ နည်းနည်းစိတ်ညစ်မိတာ၊ ဒါပေမယ့် အဘွားနဲ့ နေရတာ ပျော်စရာကောင်းပါတယ်၊ အိမ်မှာဆို ကျွန်တော်က အဘွားရဲ့တော်ဒီဂတ်လို ဖြစ်နေတာ၊ ဖေဖေနဲ့ မေမေက အလုပ်မအား၊ ညီမလေးကလည်း သူ့သင်တန်းတွေနဲ့ ရှုပ်၊ ကျွန်တော်တစ်ယောက်ပဲ အားသလိုဖြစ်နေတာ၊ ကျွန်တော့်အင်တာနက်ဆိုင်မှာက ဝန်ထမ်းတွေလည်း ရှိတော့ ကျွန်တော် အချိန်ပြည့် ထိုင်နေစရာမလိုဘူးလေ၊ အဲ့ဒီတော့ ဘွားဘွားကခိုင်းစရာရှိရင် ကျွန်တော့်ကို ခေါ်ရော"

ရောင်ဝါက ဘာ့ကြောင့်မှန်းမသိ မွန်းကို စိတ်ပါလက်ပါ ရှင်းပြပြောပြရင်း ရုပ်တုလေးကိုကိုင်ထားသော မွန်းရဲ့လက်ကလေးတစ်ဖက်ကို သတိထားကြည့်မိသွားသည်။ ထိုလက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပတ်ထားသည့် နာရီလေးဟာ သူ့နာရီနဲ့အတူတူပင် ...။ ယောကျ်ားဝတ်နှင့် မိန်းမဝတ်မို့ အကြီးအသေးကွဲပေမယ့် ဒီနာ နှစ်လုံးဟာ စုံတွဲနာရီ တစ်စုံဆိုတာ သေချာပါသည်။

သူ့နာရီဟာ လက်ဆောင်တွေအများကြီးထဲ တစ်ခုမို့ ဘယ်သူ့ဆီက ရတာယ်ဆိုတာတောင် မေ့နေပြီ။ ဘွ သူငယ်ချင်းတွေထဲက အဘွားရှင်းကြီး ပို့ပေးတာများလား။ ဘွ ရှင်းက နာရီတစ်စုံဝယ်ပြီး သူ့အတွက်တစ်လုံး ပို့ပေးကာ မိန်း ပတ် နာရီလေးကို သူ့မြေးမဖို့ ပေးခဲ့လေသလား ...။

ခုဆို ... မွန်းနဲ့ ရောင်ဝါဟာ သုံးသည့် ရေမွှေး လည်း အတူတူ ...

နာရီကလည်း ဆင်တူ ...။

ဒါဟာ တိုက်ဆိုင်မှု သက်သက်လား ...

အဘွားနှစ်ယောက်ရဲ့ ကြိုတင်ကြံစည်မှုလား ...

"ရောင်ဝါ မင်းဖုန်းမြည်နေတယ်လေ ..."

ခပ်တိုးတိုးမြည်နေသော ဖုန်းသံကို ရောင်ဝါ မကြားဘဲ အတွေးနက်နေတာမို့ မွန်းက သတိပေးရသည်။

နှစ်ဆီက ဖုန်းမို့ ရောင်ဝါက အထိတ်တလန့်ဖြ ဖြင့် ဖုန်းဖွင့်ကိုင်ရင်း အခန်းထဲမှ ထွက်လာမိသည်။

"ဟဲလို ... အလင်း where are you ?"





"ကိုယ် အိမ်မှာ ..."

"သြော် ... အိမ်ပြန်ရောက်သွားပြီပေါ့၊ နှစ်က အလင်းတို့ မြေးအဘွား ဟိုမြေးအဘွားအိမ် ရောက်နေသလားလို့"

ဟိုမြေးအဘွားအိမ်ကို ခုရောက်မနေပေမယ့် ဒီမြေး ဘွားအိမ်ကို ဟိုမြေးအဘွား ရောက်နေကြောင်းကိုတော့ ပြော ဖို့ မဖြစ်ပါ။

"ဒီနေ့ လင်းလက်လနဲ့ တွေ့ဖို့ရှိသေးလား အလင်း"

"မရှိပါဘူး"

နားအေးဖို့အတွက် ပြောင်လိမ်ရပါသည်။ နှစ် က ငြိမ်သွားပြီးမှ ...

"မုသားဖော်စက် ရှိရင် ကောင်းမှာပဲနော်၊ နိုင်ငံခြား စုံထောက်ကားတွေထဲကလိုလေ၊ အသံလှိုင်း တုန်ခါမှုကို ဖမ်းယူပြီး ညာနေတာလား အမှန်ပြောတာလားဆိုတာ တိုင်းတာကြည့်လို့ရရင် အရမ်းကောင်းမှာ၊ ထားလိုက်ပါ တော့ ...၊ ဒီကိစ္စပြောရတာ အာရုံနောက်တယ်၊ နှစ် ဒီနေ့တော့ သူငယ်ချင်းတွေနဲ့ပဲ လျှောက်သွားလိုက် ဦးမယ်၊ မနက်ဖြန်မှ တွေ့မယ်၊ ဒါပဲ ... ဘိုင့်ဘိုင်"

နှစ် ဖုန်းချသွားတော့မှ ရောင်ဝါက သက်ပြင်းချ အခန်းဘက်သို့ ပြန်လှည့်ဝင်လာတော့ မွန်းက သူ့ကို ကြည့်လင်စွာ ပြုံးပြရင်း ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အောက်ထပ် ပြန်ဆင်းရအောင် ရောင်ဝါ၊ ဘွားတို့နဲ့ သွားစကားပြောရအောင်"

ဟု လှမ်းပြောသည်။

မွန်းနဲ့ ရောင်ဝါ အခန်းထဲကထွက်လာတော့ အခန်းထဲမှာ Valentino ရေမွှေးနံ့တွေ နှစ်ဆ လွှင့်ပျံ့ကျန်ရစ်ခဲ့ပါသည်။



BURMESE CLASSIC .com

အေးချမ်းသော မနက်ခင်းတစ်ခုမှာ အဘွားနှစ်ယောက်နှင့်အတူ မွန်းက လမ်းလျှောက်လာပါသည်။

ခုနောက်ပိုင်းရက်တွေမှာ ရောင်ဝါက မွန်းတို့နဲ့အတူ လမ်းလိုက်မလျှောက်တော့ပါ။ အကြောင်းတစ်မျိုးမျိုးပြ၍ ကျန်ရစ်ခဲ့ပါသည်။ ဒါဟာ ပုလဲနှစ်ကြောင့် ရှောင်ဖယ်ခြင်းဆိုတာ မွန်း နားလည်သော်လည်း ရောင်ဝါ အနေခက်စေမည့်စကားမျိုးကို မွန်း လုံးဝမပြောခဲ့။ အဘွားနှစ်ယောက်သိအောင်လည်း အတို့အထောင် မလုပ်ခဲ့ပါ။

အဘွားကျော့ကတော့ သူ့မြေးအကြောင်းကို မကျေမနပ် ပြောလာပါသည်။

"ခေတ်လူငယ်ဆိုတာ ညဥ့်နက်မှအိပ်ပြီး နောက်ကျမှ ထရမယ်ဆိုတဲ့ ပုံသေနည်းများ ရှိသလား မသိပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com

မြေး ရောင်ဝါတို့က ညဆို ကွန်ပျူတာရှေ့က မထရေး မထ၊ မနက်ဆိုလည်း နှိုးတဲ့သူသာ အမေ့ဆို အသင် ထွက်သွားမယ်၊ သူက ပေအိပ်နေတာပဲ၊ မြေး ယောက်ျား လေး မွေးထားရတာ မလွယ်ပါဘူး၊ မြေး မိန်းကလေး မွေးရင်သာ အားကိုးလို့ရတာ၊ မြေးလေး မှုန်းကိုကြည့် လိုက်ရင် အဘွားနားမှာကပ်ပြီး ပြုစုယုယ ဂရုစိုက်နေ တာပဲ"

မှုန်းက ရယ်မောလိုက်မိရင်း ...

"ရောင်ဝါကလည်း လိမ္မာပါတယ် အဘွားရယ်၊ သူ့ အရွယ် တခြား ယောက်ျားလေးတွေဆို အိမ်ကပ်တာ မဟုတ်ဘူး၊ လူကြီး သူမကို ရိုသေရကောင်းမှန်းမသိတဲ့ သူတွေ အများကြီး၊ လူကြီးနဲ့ နီးနီးနေရရင်ပဲ ရှုပ်တယ် ထင်နေကြတာ၊ ရောင်ဝါက အဘွားကို သိပ်ချစ်တာပဲ သူစကားပြောရင်လည်း အဘွားအကြောင်း မပါရင်မပြော ဘူး"

"အေးလေ ... အဲဒီလို အလိမ္မာတုံးကလေးမို့လို့ အမိုက် အမဲမလေး တွေနဲ့ တွေ့သွားမှာကို အဘွားက စိုးရိမ်နေ တာပေါ့"

အဘွားကျော့က ပြောပြောဆိုဆို မှုန်းလက်ကို





သိမ်းဆွဲပြီး ရပ်လိုက်သည်။ အဘွားရှင်းကတော့ ရှေ့ဆက် လျှောက်သွားနှင့်သည်။ အဘွားကျော့က မှုန်းနှင့် မျက်နှာချင်း ဆိုင် ရပ်လိုက်ရင်း ...

"မြေး အဘွားကို မှန်မှန်ပြောစမ်း ...၊ အဘွားမြေး ရောင်ဝါကို မြေး သဘောကျလား"

"အာ ... အဘွားကလည်း ..."

မှုန်းက ရှက်လည်းရှက် အဖြေလည်း ခက်တာ ခေါင်းငုံ့နေလိုက်မိသည်။

"ကဲ ... ကဲ ... မြေးရှက်လို့ မဖြေလည်းနေ၊ မြေး ပုံစံ လေးကိုကြည့်တာနဲ့ မြေးစိတ်ထဲမှာ ဘာရှိတယ်ဆိုတာ အဘွားသိတယ်၊ အဘွားပြောမယ် သေချာနားထောင်စမ်း မြေး"

"ဟုတ်ကဲ့ ..."

မှုန်းက ခေါင်းငုံ့နေရာမှ အဘွားမျက်နှာကို ကြည့် လိုက်သည်။ အဘွားက မှုန်းကို စိုက်ကြည့်ရင်း ...

"တကယ်လို့များ မြေး ရောင်ဝါက သူ့မှာ ရည်းစားရှိ တယ်လို့ ပြောလာခဲ့ရင် မြေး လုံးဝနောက်မတွန့်ရဘူး နော်၊ မိန်းကလေးတစ်ယောက်ယောက်က မြေး ရောင်ဝါ ရည်းစားပါလို့ ပြောလာခဲ့ရင်လည်း မြေး လုံးဝ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မပေးရဘူး၊ ဒီခေတ်ကြီးမှာ ဒါမျိုးတွေက ဘာမှမဆန်း ဘူး၊ 'ရည်းစားထားခြင်း' တိုင်းမှာ အချစ်မရှိဘူး၊ ဘ လည်း မရှိဘူး၊ အချစ်က သပ်သပ်၊ ဘဝက သပ်သပ် ရည်းစားထားခြင်းက သပ်သပ်၊ အဲဒီသုံးခုလုံးကို အချိ ညီညီ ပေါင်းစပ်နိုင်မှ လက်ထပ်ခြင်းဆိုတာ ဖြစ်လာတာ ကွယ့် မြေးရဲ့၊ အဘွားပြောတာမှတ်ထား၊ ကြားလား ..."

ခေတ်မီလှသော ဘွားက သူ့ရဲ့ ခေတ်နဲ့တပြေးညီ ဒဿနတွေကိုပို့ချရင်း မွန်းရဲ့ လက်နှစ်ဖက်ကို လှမ်းဆွဲဆု ကိုင် ဖျစ်ညှစ်လိုက်ပါသည်။

ထိုအခိုက်မှာ လူတစ်ယောက်က ဘွားနှင့်မွန်းကြာ သို့ အလွန်လျင်မြန်စွာ ပြေးဝင်တိုးတိုက်ပြီး အဘွားလက်က နာရီကို ဖြုတ်ယူပြေးထွက်သွားလေသည်။

"ဟာ ... ဟေ့ ... ဟေ့ ..."

"ဟင် ... ဘွားနာရီ လုပြေးပြီ၊ အလစ်သမားဟေ့ အလ သမား၊ အဘွားကြီးပစ္စည်းတောင် မရှောင်တဲ့ အလ သုတ်သမားဟေ့၊ ဖမ်းကြပါ ... ဖမ်းကြပါ ..."

အဘွားကျော့က ဆွတ ဆွတခုန်ရင်း ဒေါသဖြ လက်သီးလက်မောင်းတန်းကာ အော်ဟစ်နေသည်။ ရှေ့က လျှောက်နှင့်နေသော အဘွားရှင်းက မွန်းတို့ဆီ ကွတကွ



BURMESE CLASSIC .com



န်ပြေးလာသည်။ မွန်းက ဒေါသူပုန်ထနေသော အဘွားကျော့ ကို ဖေးမထိန်းထားရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေဆဲမှာ ရုပ် သန့်သန့်လူရွယ်တစ်ယောက်က အလစ်သမားနောက်သို့ ပြေး လိုက်သွားသည်။ ခဏကြာတော့ မွန်းတို့ဘက်သို့ ပြန်လှည့်ပြေး လာသည်။ သူ့လက်ထဲမှာ ဘွားကျော့ နာရီ ပါလာသည်။

"ဒီမှာ အဘွားနာရီ၊ ဟိုအလစ်သမားကို သမပြီး ရုန်းတော့ ပြန်လုလာတာ ..."

မွန်းက ထိုနာရီကို လှမ်းယူရင်း ထိုသူ့ကို ကျေးဇူး တင်စွာ ပြုံးပြလိုက်သည်။

"ကျေးဇူးပါပဲရှင်၊ ရှင့်ကိုရော ထိခိုက်သွားသေးလား"

"နည်းနည်းပါ ...၊ အ ..."

ကောင်လေးက သူ့လက်ဖျံကိုဖိညှစ်ရင်း တစ်ချက် ညည်းသည်။ ကောင်လေး လက်မှာ သွေးစွန်းနေတာကို တွေ့ လိုက်ရတာမို့ မွန်း အားနာသွားရပါသည်။

"ရှင့်လက်မှာ ထိခိုက်မိသွားတာပဲ၊ ဆေးခန်းသွားမလား ဟင်၊ မွန်းတို့မှာ ကားပါပါတယ်၊ မွန်း လိုက်ပို့ပေးပါ့ မယ်"

"ရပါတယ် ... ကိစ္စမရှိပါဘူး၊ ဒီလောက်ကတော့ မိုင်နာ ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်ရတာ မွှန်းတို့အရွယ်လောက်ထဲ... သို့သော် စကားပြောပုံ၊ အမူအရာနှင့် ဝတ်စားဆင်ယင်ပုံ... လူငယ်ဆန်လွန်းနေသည်။

"သွေးတွေထွက်နေတယ်လေ၊ ဒီအတိုင်းထားလို့ အ... ဖြစ်မလဲ"

"ရပါတယ်၊ ဟိုကောင့်လက်ထဲက ဓားနဲ့ အပေါ်ယံ... မိသွားတာပါ"

"ဟယ် ... အဲဒီလူက ဓားနဲ့လား၊ ဒီလောက်ပဲထိ... ကံကြီးပေလို့ပဲ ..."

"အံမလေး ... ဘွားကို နာရီပဲလုပြီး ဓားနဲ့ထိုးမသွား... တော်သေးတာပေါ့၊ ရှင်တွေတောင် တုန်ပါတယ်ဟ... လုစရာရှားလို့ အဘွားကြီး နာရီမှ လုရတယ်လို့၊ ကျေး... ပဲနော် ငါ့မြေး၊ ရှင်းရှင်းရေ ... အမောပြေ ခဏသွားထိုင်... ရအောင်ပါ"

ဘွားကျော့နှင့် ဘွားရှင်းက လက်ချင်းတွဲ... ကန်စပ်ခုံတန်းမှာ သွားထိုင်နေသည်။

ကောင်လေးက မွှန်းကို စိုက်ကြည့်ရင်း ...

"နာမည်က မွှန်းလား"

"ဟုတ်ကဲ့ ..."





"ဟိုအဘွားနှစ်ယောက်က မွှန်းရဲ့ အဘွားတွေလား"

"တစ်ယောက်က မွှန်း အဘွား၊ တစ်ယောက်က မွှန်း အဘွားရဲ့ သူငယ်ချင်းပါ"

"ဟော့ရှော အဘွားတွေပဲနော်"

သူ့အပြောကြောင့် မွှန်းက ရယ်လိုက်မိရင်း ...

"ဟုတ်တယ် ... အဘွားတို့က ခေတ်မီကြတယ်လေ"

"ခေတ်မီတာ ကောင်းတာပေါ့၊ စိတ်ပျိုရင် ကိုယ်နုတယ်၊ ကိုယ်ပျိုအောင်နေရင်လည်း စိတ်နုတယ်"

"ရှင့်ကို တကယ် ကျေးဇူးတင်ပါတယ်နော်"

"ကျေးဇူးတင်ရင် တရှင်ရှင်နဲ့ မပြောကြေး၊ ကျွန်တော့် နာမည် ဖွဲ့"

"ဖွဲ့ တစ်လုံးတည်းလား"

"ဟုတ်တယ် ... ငယ်တုန်းက မောင်ဖွဲ့၊ နည်းနည်းကြီး လာတော့ ကိုဖွဲ့၊ လူကြီးဖြစ်သွားရင်တော့ ဦးဖွဲ့ပေါ့၊ သူငယ်ချင်း အချင်းချင်းဆိုရင်တော့ ဖွဲ့လို့ခေါ်ကြတယ်၊ မွှန်းလည်း ကျွန်တော့်ကို ဖွဲ့လို့ ခေါ်ပေါ့၊ ကိုဖွဲ့ဆိုရင် နာမည်တစ်လုံးတည်း အဖျားဆွတ်ခေါ်တာနဲ့ တူနေဦး မယ်"

သူ့အပြောအဆိုက သွက်လက်လွန်းတာမို့ ခဏချင်း ရင်းနှီးလာသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင့် ကျေးဇူးကို ဘယ်လိုတုံ့ပြန်ရမှန်းတောင် မသိတော့ဘူး"

"ကျေးဇူးဆပ်ချင်ရင် မုန့်ကျွေးပေါ့"

"အခုလား … ကျွေးမယ်လေ၊ ဒီထဲမှာလည်း ဆိုင်တွေ အများကြီး ရှိတာပဲ"

"အခုတော့ မစားအားသေးဘူး၊ ချိန်းထားတာလေးရှိလို့ သွားရဦးမယ်၊ နောက်မှ ကျွန်တော် ဖုန်းဆက်လိုက်မယ် မွန်း ဖုန်းနံပါတ်လေး ရွတ်ပြ၊ ကျွန်တော် ဒီထဲ ထည့်သွားမယ်"

သူက သူ့ခေါင်းကို လက်ညှိုးနှင့်ထောက်ပြရင်း ပြောတာမို့ မွန်း ဖုန်းနံပါတ်ကို ရွတ်ပြလိုက်ရသည်။ သူက မွန်းနံပါတ်ကို နှစ်ခါ သုံးခါ ရွတ်ကြည့်ပြီး …

"အိုကေ … ဘိုင့်ဘိုင်"

ဟု ပြောပြီး မွန်းရှေ့မှ ပြေးထွက်သွားသည်။

♥ ♥ ♥



✦ ✦ ✦

"ဟဲလို … မွန်းလား၊ ကျွန်တော် ဖွဲပါ"

အဲဒီလောက် မြန်ဆန်လိမ့်မည်ဟု မထင်မိခဲ့ပါ။

မနက်က တွေ့ခဲ့သူက နေ့လယ်ဘက်မှာ ဖုန်းဆက်လာသည်။ တစ်မျိုးတော့ တစ်မျိုးပဲဟု တွေးလိုက်မိပါသည်။

"မွန်း ကျွန်တော် အခုအားသွားပြီ၊ ကျွန်တော် ဗိုက်လည်း ဆာနေပြီ၊ ကျွန်တော့်ကို နေ့လယ်စာ လိုက်ကျွေးတော့မှာလား"

လတ်တလော ကျေးဇူးတင်ထားရသည့် သူက ကျွေးခိုင်းတော့လည်း ဟင့်အင်း ပြောလို့မကောင်း …။

"ကျွေးမယ်လေ၊ ဘယ်မှာစားချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မွန်းကြိုက်တဲ့နေရာမှာ ကျွေး၊ စေတနာရှိလို့ ကျွေးရင် ဘယ်နေရာမဆို စားပြီးသားပဲ"

"မွန်းက ဆိုင်တွေကို သိပ်မသိလို့ပါ၊ စားမယ့်ဆိုင်ကို ရှင်ပဲ ရွေးလိုက်ပါ"

"အိုကေ ... ဒါဆို 'မွန်း' ကိုသွားမယ်"

"ရှင် ..."

"မွန်းလို့အမည်ရတဲ့ ဆိုင်ကို မွန်းနဲ့အတူ သွားမယ်လေ၊ အမှတ်တရ ဖြစ်သွားအောင်လို့ ..."

"ဆိုင်က ဘယ်နားမှာလဲ"

"မွန်း အိမ်က ကားနဲ့လာမှာလား"

"မွန်း တက္ကဆီနဲ့ လာမှာပါ"

"ဒါဆို ... အင်းယားကန်ဘောင်ရှေ့က မွန်းဘောက် ဆိုင်လို့ ပြောလိုက်ရင် ရတယ်"

"ကောင်းပြီ ... မွန်း ခုပဲထွက်ခဲ့ပါ့မယ်"

မွန်းက အိမ်နေရင်းဝတ်သည့် ချည်သားဘောင်းဘီ ရှည်နှင့် တီရှပ်လက်ပြတ်ပေါ်မှ အပေါ်ဝတ်အင်္ကျီလေး ထပ် ဝတ်ပြီး ပိုက်ဆံအိတ်လေးယူကာ အိမ်ရှေ့သို့ထွက်လာသည်။ ညောင်ခန်းမှာ ထိုင်နေသော ဘွားက မွန်းကို လှမ်းကြည့်ရင်း ...





"မြေး ... ဘယ်သွားမလို့လဲ"

"မနက်က ဘွားကျော့ နာရီ အလုပ်ခံရတုန်းက ကူညီခဲ့တဲ့ သူလေ၊ မွန်း သူ့ကို ထမင်းကျွေးမယ် ပြောထားတာ၊ အခု သူ့အားလို့ ဖုန်းဆက်တာနဲ့ မွန်း သွားလိုက်မလို့"

"ဘယ်ကိုလဲ ..."

"အင်းယားကန်ဘောင်ရှေ့က မွန်းကို ..."

"ရှောင်ဝါ့ကို လှမ်းခေါ်လိုက်ပါလား၊ သူ့ကားနဲ့ လိုက်ပို့ခိုင်းလေ"

"ရပါတယ် ဘွား၊ မွန်း တက္ကဆီငှားသွားလိုက်မယ်"

"သတိတော့ ထားနော် မြေး၊ အဲဒီကောင်လေးကြည့်ရတာ တစ်မျိုးပဲ၊ သိပ်ပုံမှန်မဟုတ်ဘူး၊ ကိုယ့်ကို ကူညီတိုင်း လူကောင်းလို့မမှတ်နဲ့၊ အေးလေ ... ငါ့မြေးလည်း မညံ့ပါဘူး၊ အကဲခတ်မိမှာပါ"

"စိတ်ချပါ ဘွားရဲ့၊ မွန်း နားလည်ပါတယ်"

မွန်းက လမ်းထိပ်ထွက်ကာ တက္ကဆီငှားပြီး ဖွဲ့ ချိန်းသည့်ဆိုင်သို့ ထွက်လာခဲ့ပါသည်။ ဟိုမှာလည်း မွန်း တစ် ယောက်တည်း သွားလာနေကျမို့ တစ်ယောက်တည်း အပြင်သွား များကို မွန်း မကြောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ထိုဆိုင်လေးသို့ မွန်းရောက်သွားတော့ သူရောက်နှင့်နေတာကို တွေ့သည်။ ဆိုင်ထဲမှာ လူသိပ်မများလှ။ ဖွဲထိုင်နေသည့် စားပွဲနှင့် မလှမ်းမကမ်း စားပွဲမှာ အအေးသောက်ရင်း ဟန်းဖုန်းကိုယ်စီ ကလိနေကြသော ကောင်မလေးအုပ်စုကိုသာ တွေ့ရသည်။

"ဟိုင်း ... မွန်း ..."

ဖွဲ့က လက်လှမ်းပြသည်။ သူ့လက်မှာ ပတ်တီး ဖြူဖြူ စည်းထားတာ တွေ့ရသည်။ သူ့ကိုလှမ်းပြုံးပြရင်း သူ စားပွဲဆီ လျှောက်သွားလိုက်သည်။

"ရောက်နေတာ ကြာပြီလား"

"မကြာသေးဘူး၊ ခုနလေးကပဲ ရောက်တာ"

"မွန်း တက္ကဆီ စောင့်ငှားနေရလို့ နည်းနည်းကြာသွားတယ်၊ ရှင့်လက်က ဒဏ်ရာ သက်သာရဲ့လား"

"နည်းနည်းတော့ ကိုက်တာပေါ့ဗျာ၊ ဒါပေမယ့် ရတယ်၊ ကိစ္စမရှိပါဘူး၊ မွန်းကို ကူညီခွင့်ရလိုက်တဲ့အတွက်ပဲ ကံကြမ္မာကို ကျေးဇူးတင်လှပါပြီ၊ မွန်းအတွက် ဒဏ်ဖြစ်ရတာ တန်ပါတယ်"

မွန်းက ပြုံးရုံသာပြုံးပြီး ဘာမှပြန်မပြောဘဲ နေလိုက်သည်။ ပြီးတော့ မီနူးစာအုပ်ကို လှမ်းယူလှန်လျှောရင်း





"ဖွဲ့ ဘာစားမလဲ၊ စားချင်တာ မှာနော်"

"မစားခင်က ဝနှင့်နေပြီ"

"ဘာစားထားလို့လဲ"

"ဘာမှမစားဘဲ ဝနေတာပါ"

"စောစောက မွန်းဆီ ဖုန်းဆက်တော့ ဗိုက်ဆာနေပြီဆို၊ မွန်းလည်း ဆာနေပြီ၊ မှာရအောင်၊ ကြိုက်တာမှာနော်၊ မွန်းကို အားမနာနဲ့၊ ရှင် နေ့လယ်စာ တဝစားတာ ဘယ်လောက်မှ မကုန်ဘူး၊ ရှင် ပြန်လုပေးတဲ့ နာရီက သုံးသိန်းလောက်တန်တာ၊ ရှင် တစ်သိန်းဖိုးလောက် စားသွားရင်တောင် ကျေးဇူးက မကျေသေးဘူး"

"ဟား ... ဟား ... မွန်းကတော့ဗျာ တကယ့်ကို အတွက်အချက် ကျွမ်းတာပဲ"

ဖွဲ့က ခေါင်းမော့ ရယ်မောလိုက်ရင်း ဆံပင်တွေကို သပ်တင်လိုက်သည်။ မွန်းနဲ့ သိပ်ရင်းနှီးခင်မင်သလိုပုံမျိုး သူ ဆက်ဆံနေတာကို မွန်း သဘောမတွေ့လှပေမယ့် အလိုက်သင့် သား ဆက်ဆံနေရပါသည်။ သူ့စကားတွေက ဘာလိုလိုဆိုတာ ပေမယ့် မသိချင်ယောင် ဆောင်ရင်း ပေါ့ပေါ့ပါးပါး စကား ပြောရသည်။ လူတွေကို သိပ်အဆိုးအဝါးကြီး မဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



မွန်းဘက်က ခါးခါးသီးသီး ရှောင်ဖယ်ပစ်လိုက်ဖို့ မလိုဟု မွန်း ထင်သည်။ သူ့အဆင့်နှင့်သူ တန်ရာတန်ရာ ဆက်ဆံတတ် သာ အရေးကြီးသည်။ ဒီက လူများများနဲ့ စကားပြောလေ မွန်း အတွက် ဒီက ဗဟုသုတများများ ရလေဟု ထင်သည်။

မွန်းက ဒီမြေမှာပဲ ရာသက်ပန် နေထိုင်သွားချ သည်လေ။ ဒီမြေပေါ်က မွန်းချစ်ရသူနဲ့ အတူတကွ သက် တိုင်ထိပေါ့။

"ကဲ ... မွန်း ကျွန်တော် အားမနာတမ်း မှာပြီနော်"

"မှာ ... မှာ ...၊ ပါဆယ်ယူသွားချင်လည်း ရတယ်နော်"

"ပါဆယ်တော့ ယူမသွားပါဘူး၊ နောက်တစ်ခါ စား တော့မှ ဖုန်းဆက်လိုက်မယ်လေ"

မွန်းက နောက်လိုက်ပေမယ့် သူက အတည် ကွက် ထပ်နင်းလိုက်ပါသည်။

ပြီးတော့ သူက ဟင်းပွဲတွေ အများကြီးမှာလို သည်။ စကားလည်းပြော၊ စားလည်းစား၊ သူ့ကြည့်လိုက် မွန်းနဲ့ ကာလရှည်ကြာ ရင်းနှီးခင်မင်ခဲ့သူဟု ထင်ရသည်။ မ မကမ်း စားပွဲက ဖုန်းကလိနေသည့် ကောင်မလေးတွေကတော မွန်းတို့ စားပွဲကို မကြာခဏ လှမ်းလှမ်းကြည့်နေကြပါသည်





"မွန်း ... ခဏ ... ခဏလေး ... အဲ့ဒီတိုင်း ငြိမ်ငြိမ်လေး နေ ..."

အတူစားနေကြရင်း သူက စားပွဲပေါ်က တစ်ရှူးစ ကို လှမ်းဆွဲယူကာ မွန်း မရှောင်ထိမ်း မတားမြစ်နိုင်ခင်မှာပင် ရဲ့ နှုတ်ခမ်းထောင့်စွန်းလေးကို ဖျတ်ခနဲ တို့သုတ်ပစ်လိုက် သည်။ ပြီးတော့ ...

"အဟင်း ... မွန်းနှုတ်ခမ်းမှာ ပေနေလို့ ..."

ဟု ပြောပြီး ဟန်မပျက် ထမင်းဆက်စားနေသော အပြုအမူကို မွန်းမကြိုက်ပေမယ့် ယဉ်ကျေးမှုအရ ဘာမှ ပြောဘဲ နေလိုက်ရပါသည်။

ထမင်းစားပြီးတော့ သူက အအေးထပ်မှာသည်။ ကော်တော်နဲ့ ပြန်ချင်ပုံမရ။ အအေးခွက် ရောက်လာတော့ ပိုက်ဆွဲကာ တစိမ့်စိမ့်စုပ်သောက်ရင်းက မွန်းကို မျက်လွှာပင့်၍ ရီရီကြည့်ရင်း ...

"နောက်တစ်ခါကျရင်တော့ ထိုင်းစာ ကျွေးနော် မွန်း၊ ကျွန်တော် ထိုင်းစာကြိုက်တယ်"

မွန်းက မျက်ခုံးလေးပင့်၍ ယဉ်ကျေးမှုအရပြုံးသော ကြီးဆန်ဆန် အကာပြုံးလေး ပြုံးနေရင်း ခွန်းတုံ့မပြန်ဘဲ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါတဲ့ ...။

သူက မွန်းနဲ့ မကြာခဏတွေ့ဖို့ မျှော်မှန်းထား ရလေသည်။

♥ ♥ ♥



✦ ✦ ✦

"အလင်းကို ဓာတ်ပုံတွေ ပြစရာရှိတယ်"

"ဘာဓာတ်ပုံလဲ နှစ်ရဲ့၊ နှစ် အလှရိုက်ထားတဲ့ ဓာတ်ပုံတွေလား၊ ဘယ်စတူဒီယိုမှာ ဘယ်ဓာတ်ပုံဆရာနဲ့ သွားရိုက်ထားပြန်တာလဲ"

"နှစ် ဓာတ်ပုံ မဟုတ်ပါဘူး"

"ဘယ်သူ့ဓာတ်ပုံလဲ ..."

"အလင်းကို အရမ်းအံ့သြသွားစေမယ့် ဓာတ်ပုံမျိုးပေါ့၊ အလင်းကို ပြရမှာ အားတော့နာပါတယ်၊ အလင်း စိတ်မကောင်းဖြစ်မှာလည်း စိုးတယ်၊ ဒါပေမယ့် ဒီကိစ္စက အလင်းသိထားရမယ့် ကိစ္စဆိုတော့ မပြလို့လည်း မဖြစ်ပြန်ဘူးပေါ့လေ ..."

ရောင်ဝါက ပယောင်ပွဲလုပ်နေသော နှစ်ကို မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။ ရောင်ဝါက ခုံမှာထိုင်နေပေမယ့် နှစ်က ခုံထော
စည်းရိုးတန်းကလေးကို လက်နောက်ပြန်ထောက်ရင်း ရပ်နေ
ပင် ...။ ခြေသလုံးတစ်ဝက်ခန့်အရှည် ဂျင်းပဲန်ကျပ်ကျပ်လေး
ရင်ဘတ်မှာ အရုပ်ကြီးကြီးပါသော လိမ္မော်ရောင်တောက်တော
တီရှပ်ရှည်ရှည်ပွပွကို ဝတ်ထားသော နှစ်က ကြိုးရှည်ရှည် ပိ
လွယ်အိတ်ကြီးကို စလွယ်သိုင်းလွယ်ထားသည်။ လက်နော
ပြန်ပစ်ထောင်လျက် ခေါင်းကိုမော့ထားသဖြင့် အားခွဲဆံပင်
တစ်ခြမ်းက မျက်နှာပေါ်အုပ်တင်နေသည်။ နှစ်ပုံစံက အ
မိုက်သည်။ ခိုက်စရာကောင်းသည်။ ကောင်လေးတွေကလ
လိုက်ကြသည်။ သူလည်း နှစ်ပုံစံ ဆန်းဆန်းသွက်သွက်လေး
သဘောကျခဲ့မိတာပါပဲ။ ဒီပုံစံကို သူသဘောကျသလို ဘွားဘွ
လည်း သဘောကျစေချင်ပါသည်။ ခုလောလောဆယ်မှာ
နှစ်ရဲ့ မထိတရိပုံစံက သူ့ကိုအသက်ရှူကျပ်စေပါသည်။

"ကဲ ... ဒီမှာ စိတ်ခိုင်ခိုင်ထားပြီးတော့သာ ကြည့်
တော့"

နှစ်က သူ့အိတ်ကြီးရဲ့ ဇစ်ကို ဗြီးခနဲ ဆွဲဖွင့်
အိတ်ထဲက စက္ကူအိတ်ထူထူ တစ်ထုပ်ကို နှိုက်ကာ ရောင်
ရှေ့ စားပွဲပေါ်သို့ ဘုတ်ခနဲ ပစ်ချပေးလိုက်သည်။

"ဘာတုန်း ..."

"ဖွင့်ကြည့်ပေါ့"

ရောင်ဝါက စာအိတ်ထူကို ကောက်ယူဖွင့်ဖောက်
ကြည့်လိုက်တော့ ...

မွန်းရဲ့ ဓာတ်ပုံတွေ ...။

တိတိကျကျ ပြောရရင် မွန်းနဲ့ ရွယ်တူ ယောက်ျား
လေးတစ်ယောက် မျက်နှာချင်းဆိုင် ထိုင်၍ စားသောက်နေကြ
သောပုံ ...။ ကောင်လေးက ရယ်လျက်၊ မွန်းက ပြုံးလျက်။
တစ်ပုံမှာတော့ ကောင်လေးက မွန်းရဲ့နှုတ်ခမ်းထောင့်ကို တစ်ရှူး
ဖြင့် လှမ်းတို့သုတ်ပေးနေသော ပုံ ...။

သူက ဓာတ်ပုံတွေကို တစ်ပုံချင်း စေ့စေ့စပ်စပ်
ကြည့်ပြီး ပြန်ထပ်လိုက်သည်။

"တွေ့ပြီလား ..."

"ဘာကိုတွေ့ရမှာလဲ ..."

ရောင်ဝါက ဓာတ်ပုံတွေကို အိတ်ထဲပြန်ထည့်ရင်း
အေးအေး ပြန်မေးတာမို့ နှစ်က သူ့ရှေ့ခုံတစ်လုံးပေါ်မှာ
ခုန်းသုန်းကား ပစ်ထိုင်ချလိုက်ပြီး ရောင်ဝါ့ကို စူးစူးရဲရဲ ကြည့်
ရင်း ...

"အလင်းရဲ့ အဘွားက အင်မတိ အင်မတန် သဘော
ကျလှပါတယ်ဆိုတဲ့ လင်းလက်လက ရှင် မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com

တခြားတစ်ယောက်နဲ့ တွဲနေတဲ့ပုံတွေလေ၊ မမြင်ဘူးလား
မျက်စိကို ဘာဖုံးနေတုန်း ...”

“နှစ် ဒီပုံတွေကို ဘယ်ကရသလဲ ...”

“ဘယ်က ရရပေါ့ ...”

“နှစ် ကိုယ်မေးတာကို အမှန်အတိုင်း ဖြေပေးပါ”

“နှစ်ကို မေးခွန်းပြန်မထုတ်ပါနဲ့၊ ဓာတ်ပုံကြည့်ပြီးရင်သာ
အလင်း လုပ်သင့်တာကို လုပ်ပါ”

“ဓာတ်ပုံက ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမလဲ ...၊ အဲဒီလောက် ရယ်မောရင်းနှီးနေတာ
မမြင်ဘူးလား”

“ဒါ ရိုးရိုးမိတ်ဆွေလည်း ဖြစ်နိုင်တာပဲလေ၊ လူမြင်ကွင်း
စားသောက်ဆိုင်ထဲမှာပဲ၊ ပြီးတော့ ... စားသောက်ဆိုင်
ထဲမှာ လူလည်း သိပ်မရှင်းဘူး၊ မှောင်လည်းမမှောင်
ဘူး”

“ဪ ... ဪ ... ဒါဆို အလင်းက ထီးကလေးတစ်
ချောင်းကွယ်ပြီး ပူးကပ်နေတဲ့ ပုံတို့၊ ကားနောက်ခန်းထဲ
မှာ နမ်းနေတဲ့ပုံမျိုးတို့ကို မြင်ရမှ မရိုးမသားပုံလို့ သတ်
မှတ်ချင်တယ်ပေါ့၊ အဲဒီမှာ သေသေချာချာလေးလည်း
ကြည့်လိုက်ပါဦး၊ နှုတ်ခမ်းကိုတောင် သုတ်ပေးနေတာ
မမြင်ဘူးလား”





“စားပွဲခြားပြီး လှမ်းတို့သုတ်နေတာပဲ၊ မြင်တယ်လေ၊
ဒါကတော့ ကိုယ့်ရှေ့ကလူရဲ့ မျက်နှာမှာ တစ်ခုခုပေနေ
တာ မြင်ရင် အမှတ်တမဲ့ လှမ်းတို့သုတ်ပေးတတ်ကြတာ
ပဲ၊ ကာယကံရှင်က အမှတ်တမဲ့မို့ မတားနိုင်လိုက်တာမျိုး
လည်း ရှိတတ်တာပဲလေ”

“ဪ ... အင်းလေ ... အလင်းသဘောက အတူကပ်
ထိုင်ပြီး မျက်နှာကို ပယ်ပယ်နယ်နယ် ပွတ်သုတ်နေရင်
တောင် ရိုးရိုးပဲလို့ ယူဆမယ့်သဘောမှာ ရှိတယ်၊ ရှင့်
အယူအဆတွေက သိပ်ဘက်လိုက်နေပြီ အလင်း ...”

“သူ ဒီလူနဲ့ ဒီလိုထိုင်နေတာ သူ့မှာအကြောင်းတစ်ခု
တော့ ရှိမှာပဲ နှစ်၊ ဒီပုံကိုမြင်တာနဲ့ မှန်းနဲ့ ဒီလူနဲ့
မရိုးမသား ပတ်သက်နေပြီလို့ ကိုယ်က တစ်ဖက်သတ်
တွေးထင်လိုက်ရတော့မှာလား နှစ်ရယ်၊ မှန်းကိုမှ မဟုတ်
ပါဘူး၊ နှစ် ဓာတ်ပုံတွေကို တစ်ယောက်ယောက်က
လာပြရင်လည်း ကိုယ် မစူးစမ်း မဆင်ခြင်ဘဲ ယုံလိုက်
မှာ မဟုတ်ဘူး”

နှစ်က ရောင်ဝါ့ကို စကားဆက်မပြောတော့ဘဲ
...နှီးအငွေ့ထွက်မတတ် ပူလောင်သော အကြည့်မျိုးဖြင့် ရောင်ဝါ
ကို စိုက်ကြည့်နေသည်။ စားပွဲပေါ်တင်ထားသည့် လက်အစုံက
...ည်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ရောင်ဝါက နှစ်ကို အေးအေးချမ်းချမ်းပင် ကြည့်လိုက်ရင်း ...

"နှစ် ... နှစ် မွန်းနောက်ကို နောက်ယောင်ခံ လိုက်ကြည့်နေတာလား"

"ကြည့်စရာလား"

"ဒါဆို ဒီဓာတ်ပုံတွေကို ဘယ်လိုရတာလဲ ..."

"နှစ်သူငယ်ချင်းတွေ အမှတ်တမဲ့ မြင်လိုက်လို့ ဖမ်းရိုက်ယူထားတာ"

"သူတို့က မွန်းကို ဘယ်လိုသိသလဲ ..."

"ရှင်နဲ့ တွဲသွားတာကို မြင်ဖူးထားတယ်လေ"

"ဒါဆို နှစ်သူငယ်ချင်းတွေက မွန်းကို နောက်ယောင်းလိုက်ကြည့်နေကြတာပေါ့"

"အမှတ်တမဲ့ မြင်လိုက်တာပါဆို ..."

ရောင်ဝါက ဂျစ်တစ်တစ် ပြန်ဖြေနေသော နှစ်ကို ကြည့်၍ သက်ပြင်းချရပါသည်။ ပြီးတော့ နှစ်ရဲ့ လက်သီးဆုပ်တစ်ဖက်ကို လှမ်းဆွဲကာ ဖြန့်ဖြည်လိုက်ရင်း ...

"ကိုယ်ကတော့ ပါပါရာဇီဆန်တဲ့ အကျင့်မျိုးကို သဘောမကျဘူး နှစ်ရဲ့၊ လူတစ်ယောက်ကို နောက်ယောင်ခံလိုက်တာတို့၊ ဓာတ်ပုံခိုးရိုက်ထားတာတို့ဆိုတာ သူတစ်ဖက်





သားရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို မလေးမစား ထိပါးလိုက်တာနဲ့ အတူတူပဲ ...၊ မွန်း တခြားယောကျ်ားလေးနဲ့ ပတ်သက်တယ် မပတ်သက်ဘူးဆိုတာက တစ်ကဏ္ဍ၊ ဒီလိုမလုပ်သင့်တာက တစ်ကဏ္ဍပဲ ...၊

"ပွင့်ပွင့်လင်းလင်း ပြောရရင် နှစ်သူငယ်ချင်းတွေကို ကိုယ် သိပ်သဘောမကျဘူး၊ သူတို့ကြည့်ရတာ စိတ်ရောလူပါ သိပ်ကို မော်ဒန်ဖြစ်လွန်းတယ်၊ နှစ် အပေါင်းအသင်းဆေါင်းတာ ကြည့်ပေါင်းစေချင်တယ်၊ လူတကာရဲ့ အရောင်စုံတွေ နှစ်ဆီမှာ စွန်းပေမလာစေချင်ဘူး"

ရောင်ဝါက နှစ်ရဲ့လက်သီးဆုပ်ကို ဖြည်လိုက်ပြီး နှစ်လက်ဖဝါးကို ဆုပ်ကိုင်၍ ညင်ညင်သာသာ ပြောသည်။ နှစ်က ခေါင်းမငုံ့တငုံ့ အနေအထားနှင့်ပင် ဆံပင်စတွေကြားမှ မျက်လုံးကို ပင့်ကြည့်လိုက်ရင်း ...

"အလင်းပြောတဲ့ သဘောက နှစ်က အပေါင်းအသင်းမှားလို့ မကောင်းတဲ့ အကျင့်တွေ တတ်လာတယ်လို့ ဆိုလိုချင်တာလား ...၊ နှစ် သော်ဒါတွေကိုတော့ လာမထိနဲ့ အလင်း၊ သူတို့မှာ အစွယ်ကြီးတွေ ပြူးထွက်လာတောင် နှစ်ကပေါင်းမှာပဲ၊ အလင်းသာ အဲဒီ ဓာတ်ပုံတွေကို ယူသွားပြီး အလင်းရဲ့ ဘွားဘွားကြီးကို ပြလိုက် ..."



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့် အဲဒီလိုလုပ်ဖြစ်မယ် မထင်ဘူး"

"အဲဒါဆိုလည်း အဲဒီမှာပဲ ငုတ်တုတ်သေလိုက်တော့ပေါ့ကွဲ ..."

"အ ..."

နှစ်က လင်းရောင်ဝါရဲ့ လက်ကို အားထည့်၍ ဖျစ်ညှစ်ဆုပ်ကိုင် ဆွဲမြှောက်ယူကာ စားပွဲပေါ်သို့ ဆောင့်ချလိုက်ပြီးမှ လက်သီးဆုပ်ကို ဖြည်လွှတ်လျက် တစ်ယောက်တည်း ထွက်ခွာလာခဲ့ပါသည်။

✦ ✦ ✦

"အသုံးမဝင်ပါဘူး၊ နှင့် ရုပ်ရှင်ဇာတ်ကွက်ကြီးက ..."

နှစ်က လွယ်လာသော အိတ်ကို ဆွဲဖြုတ်ကာ မာန်ရဲရဲ့ ရင်ဝတည့်တည့်သို့ ချိန်ရွယ်၍ ပစ်ပေါက်လိုက်ပြီးမှ ထိုင်ခုံတစ်လုံးပေါ်သို့ ပစ်ထိုင်ချလိုက်ပါသည်။

မာန်ရဲက နှစ်ရဲ့ အိတ်ကြီးကို ကမန်းကတန်း ဆီးဖမ်းပွေ့ပိုက်ထားလိုက်ပြီး နှစ်ဘေးမှာ ဝင်ထိုင်ကာ နှစ်ကို ပခုံးချင်း တိုက်လိုက်ရင်း ...

"ဘာဖြစ်တာလဲ ... နှင့်မျက်နှာက အီးအလုံးတစ်ထောင် မှန်လာသလိုပဲ"





"မာန်ရဲ ... နောက်တစ်ခါ ငါ့မျက်နှာကို အီးမှန်တယ်လို့ ပြောရဲပြောကြည့်၊ ငါ နှင့်မျက်နှာကို လက်သီးနဲ့ ဆွဲထိုးမှာနော်"

နှစ်က မာန်ရဲမျက်နှာကို လက်သီးနဲ့ရွယ်ရင်း ပြောလိုက်တာမို့ မာန်ရဲက ပခုံးတွန့်လိုက်ရင်း ...

"အေးပါ ... နှင့်ကို အီးမှန်တဲ့အကြောင်း မပြောတော့ပါဘူး၊ နှင် ချီးထုပ်ကျတဲ့အကြောင်းလေးပဲ ပြောချင် ..."

"မာန်ရဲ ..."

နှစ်က ဆောင့်အော်လိုက်တော့မှ မာန်ရဲက ဖြီးစေ့စေ့နှင့် ငြိမ်သွားပြီး နှစ်ကို စွေကြည့်ရင်း ...

"ဘယ့်နှယ့်လဲ ... နှင့်လူက ဇာတ်ပုံတွေမြင်တော့ အံ့ဩမသွားဘူးလား"

"မအံ့ဩပါဘူး"

"ဒေါသရော မဖြစ်ဘူးလား"

"မဖြစ်ပါဘူး"

"ကြေကွဲသွားလား"

"မကွဲပါဘူး"

"ဒါဆို ဘာဖြစ်သွားလဲ ..."

"ဘာဖြစ်သွားလဲ ဆိုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



နှစ်က စကားစ ခဏဖြတ်လိုက်ပြီးမှ မာန်ရဲ့မျက်နှာကို ခပ်ဖြည်းဖြည်း လှည့်ကြည့်သည်။ ထို့နောက် မာန်ရဲ့မျက်နှာနားသို့ လက်ဖဝါးကပ်လျက် လက်ခါပြကာ မျက်လုံးပြူး နှုတ်ခမ်းရွဲ့လိုက်ရင်း ...

"ဘာ ... မှ ... ကို ... မဖြစ်ဘူး ..."

ဟု လေသံ ခပ်ဩဩဖြင့် အသံကိုညှစ်၍ ပြောလိုက်သည်။

"ဘာမှမဖြစ်ရအောင် သူက ကန်းနေလားကွ"

မာန်ရဲက စားပွဲကို လက်သီးနှင့် ထုချရင်း ကျိတ်မနိုင် ခဲမရ အော်သည်။ နှစ်ကလည်း အားကျမခံ ပြန်အော်သည်။

"မကန်းလို့ ဘာမှမဖြစ်တာပေါ့ဟဲ့၊ နင့်ဓာတ်ပုံကဖြင့် မပီပြင်ဘဲနဲ့ ..."

"ဘာလို့ မပီပြင်ရမလဲ ... ငါ ဟိုကောင့်ကို သေသေချာချာ သရုပ်ဆောင်ခိုင်းထားတာ"

"အေး ... တွေ့ပါတယ်၊ စားပိုးနင့်အောင်ကို သရုပ်ဆောင်ထားတာ ..."

"ဘာ ..."

"နင့်လူက ဘယ်တုန်းကတည်းက ငတ်ကြီးကျလာသလဲ





မှ မသိတာ၊ ရိုက်လာတဲ့ ဓာတ်ပုံတော်တော်များများက အဲဒီကောင် ပလုတ်ပလောင်း ပြူးတူးပြဲတဲ စားနေတဲ့ ပုံက ပိုများတယ်၊ ရယ်ရင်တောင်မှ ရယ်ရင်း ပြဲဟနေတဲ့ ပါးစပ်ထဲမှာ ဝါးလက်စ ထမင်းဟင်းတွေ ပြည့်နေတာ ရွံစရာကြီး ...၊ ရိုမန်တစ်ဆန်ဆန်ပုံမျိုးရဖို့ မနည်းကို ချွေးပြန်အောင် ရွေးထုတ်လိုက်ရတယ်"

"ငါသော်ဒါ ကောင်မလေးအုပ်စုကို သူတို့စားပွဲနားက သွားဆောင့်ပြီး ဖုန်းနဲ့ သေသေချာချာ ရိုက်ယူခိုင်းလိုက်တာပဲ"

"နင့်ကောင်မလေးတွေကလည်း အလကားစားရတိုင်း ပါးဖြဲ နားဖြဲစားရင်း ရိုက်နေတော့ ပုံကောင်းကောင်း ဘယ်ရပါ့မလဲ၊ အဲဒီဝိုင်းအတွက် နင့်ဆီက တစ်ဆင့် စာရင်းထွက်လာလို့ ငါရှင်းပေးလိုက်ရတဲ့ ပိုက်ဆံက သုံးသောင်းတောင်ဟဲ့ ...၊ ခုတော့ ပိုက်ဆံသာကုန်တယ် ဘာမှအကြောင်းမထူး အကျိုးမရှိတဲ့အပြင် သူများ လွှတ်လပ်ခွင့်ကို ထိပါးလို့ဆိုပြီး ငါတောင် အထင်သေးခံ၊ ဆုံးမခံလိုက်ရသေးတယ်၊ အရှုံးချည်းပဲ"

"ကဲ ... ဒါဆိုလည်း နောက်တစ်နည်း ကြံတာပေါ့၊ အဲဒီ ပုံတွေကို အင်တာနက်မှာ တင်လိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"နှင် လဲသေလိုက်ပါလား၊ အဲဒီပုံတွေ အင်တာနက်
တက်သွားရင် ငါ့လက်ချက်ခဲ့ဆိုတာ အလင်းက မသိ
နေမလားဟဲ့၊ သူ့အရှက်မကွဲခင် ငါက အရင် အထ
သေးခဲ့ရမှာ၊ ပြီးတော့ ... နှင့်ပုံတွေက ဘာမှထိရော
တာလည်း မဟုတ်ဘူး"

"ငါ ကြံပါဦးမယ်ဟာ ..."

"နှင့်ဆီက အကြံလည်း ထွက်လာရော အလင်းလည်း
သူများနောက် ပါသွားရော"

"နှင့်လူက ဒီလောက်လေးတောင် ယုံကြည်စိတ်ချ
မရရင်လည်း ပါပစေပေါ့ဟာ၊ ဘာလွမ်းစရာ ရှိလို့လဲ"

"အလင်းက ငါ့ကိုသိပ်ချစ်ပါတယ်၊ ဒါပေမယ့် သူ့
ဘွားအေကြီးကိုလည်း သိပ်ချစ်တော့ သူ့အဘွားစကား
ကို နားထောင် ခေါင်းညိတ်လိုက်မှာတော့ စိုးရိမ်ရတာ
ပေါ့"

"နှင်က သူ့ကို လုံးဝအဆုံးရှုံး မခံနိုင်ဘူးလား"

"ဟုတ်တယ် ... ငါ သူ့ကို ဆုံးရှုံးမခံနိုင်တဲ့ အချက်
သုံးချက်ရှိတယ်၊ တစ်–ငါချစ်လို့၊ နှစ်–'ရည်းစားဝေး'
မဖြစ်ချင်လို့၊ သုံး–တခြား မိန်းမတစ်ယောက်က အနိုင်
ယူသွားတာကို မခံချင်လို့"





"ဪ ... ဪ ... မှတ်သားလောက်ပါပေတယ်ကွယ်"

မာန်ရဲက ခေါင်းတညိတ်ညိတ်လုပ်၍ နှစ်ကိုကြည့်
ကာ မဲ့မဲ့ရွဲ့ရွဲ့ ပြောလိုက်တာမို့ နှစ်က မာန်ရဲ ပခုံးစွန်းကို
လက်သီးဖြင့် လှမ်းထိုးလိုက်သည်။ မာန်ရဲက နောက်သို့ ဖတ်ခနဲ
ဆုတ်၍ ရှောင်ရင်း လှောင်ပြောင်ရယ်မောလိုက်ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

◆ ◆ ◆

"မိုက်ရိုင်းလိုက်ပုံများတာ အဘွားကြီးတောင် မရှောင်ဘူး
အဘွားကြီးတောင် မရှောင်ဘူး၊ အလကား ကောင်လေး
မိမဆုံးမ ဖမဆုံးမလေး၊ အယုတ်တမာ ကောင်လေး
လက်က ခုထိနာတုန်း၊ မြေး ရောင်ဝါရေ ... လာစမ်း
ကွယ်၊ ဘွားလက်ကို ဆေးလာလိမ်းပေးစမ်းပါ"

အဘွားက တဗျစ်တောက်တောက် ညည်းညူရင်း ရောင်ဝါ့ကို လှမ်းအော်ခေါ်လိုက်တာမို့ ရောင်ဝါက နေ့ခင်းဆီ မှုန်းရဲ့ ဓာတ်ပုံကိစ္စကို စဉ်းစားနေရင်းက အဘွားဆီ ပျာ ထပြေးသွားလိုက်ရသည်။ ဘွားက သူ့ခေါ်ရင် အေးတိအေးစေ လာတာမကြိုက်၊ ပျာပျာသလဲ ပြေးလာမှ သဘောကျတော့ ပါသည်။





"ဘွား ... ဘာတွေ မကျေမနပ် ဖြစ်နေတာလဲ ... လက်က ဘာဖြစ်လို့လဲ ..."

"ဘယ်က ကလေကချေ ကောင်လေးမှန်း မသိပါဘူးအေ၊ မှုန်းနဲ့ အဘွားနဲ့ မျက်နှာချင်းဆိုင် ရပ်ပြီး စကားပြောနေတုန်း ဖြုန်းဆို ဘွားတို့နှစ်ယောက်ကြားကို အတင်းဖြတ် ပြေးဝင်လာပြီး အဘွားလက်က နာရီကို ဆွဲဖြုတ်သွား တာ၊ လက်ကိုပွန်းပြီး နာကျန်နေခဲ့တာပဲ၊ အဲ့ဒါ မြေး ကြောင့် ...၊ မြေး မလိုက်လို့ ဖြစ်ရတာ၊ အဘွားကြီး နှစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်တည်းမို့လို့ မထီ မဲ့မြင် အနိုင်ကျင့်သွားတာ၊ မြေးပါရင် ဒီလိုအဖြစ်မျိုး ကြုံစရာအကြောင်းမရှိဘူး"

"ဖြစ်ရလေ အဘွားရယ်၊ တော်တော်နာနေလားဟင်"

"နာတာပေါ့ဟဲ့၊ ဒီအဘွားကြီး လက် အရေပျော့ကလေး က အကြမ်းပတမ်း ထိခိုက်တာမှ မခံနိုင်တာ၊ သွား ... ဒဏ်ကြေဆေးဘူး သွားယူလာခဲ့"

ရောင်ဝါက ဒဏ်ကြေဆေးဘူး ပြေးယူလိုက်ပြီး ဘွားလက်ကို ယုယုယယ ဆေးလိမ်းပေးနေရင်း ...

"ကျွန်တော် တောင်းပန်တယ်နော် ဘွားဘွား၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မလိုက်လို့ ဘွား ဒီလိုဖြစ်ရတာ ကျွန်တော် တကယ်စိ
မကောင်းဘူး”

“စိတ်မကောင်းရင် နောက်နေ့တွေကျ အဘွားကို လိုက်
စောင့်ရှောက်ပေါ့”

“ဟုတ်ကဲ့ပါ ဘွား၊ ကျွန်တော် လိုက်ပါမယ်”

“အေး … ဒါဆို အဘွား လက်နာ တစ်ဝက်သက်သာ
သွားပြီ”

အဘွားက အားရပါးရ ပြုံးပြီးပြောလိုက်တော့
ရောင်ဝါက သက်ပြင်းချရင်း ပြုံးမိသည်။ နှစ် မကြိုက်
သိပေမယ့် မတတ်နိုင်၊ သူ့မှာ အဘွားကို စောင့်ရှောက်ရမည့်
ဝတ္တရား ရှိသည်။

“ဒါနဲ့ … အဲ့ဒီ လုပြေးတဲ့လူက လွတ်သွားလား ဘွားဘွား
ဘွားတို့ အော်ပြီး အကူအညီတောင်းသေးလား”

“တောင်းတာပေါ့၊ အဲ့ဒီအချိန်မှာ ကံကောင်းတာလား
ကံဆိုးတာလားတော့ မသိဘူး၊ ကောင်လေးတစ်ယောက်
က လုပြေးတဲ့ ကောင်လေးဆီ ပြေးလိုက်သွားပြီး
ပြန်ယူလာပေးတယ်လေ၊ ဟိုကောင့်ကို ချုပ်ခဲ့တယ်
ပြောတာပဲ၊ သူ့လက်မှာလည်း ထိခိုက်လာတယ်”





“ဟာ … ဒါဆို ကျေးဇူးတင်စရာကောင်းတာပေါ့ ဘွားရဲ့”

“အင်း … ကျေးဇူးတင်ရင် ကောင်းမလားလို့ စဉ်းစား
နေတာ”

“အာ … ဘွားကလည်းဗျာ၊ ဒီလောက် ကူညီထားတဲ့
လူကို ကျေးဇူးတင်ဖို့အရေးတောင် စဉ်းစားနေရသေး
လား”

“သူကူညီတာက ဗိုင်းရပ်စ်ပါရင် ပါနိုင်တယ်ဟဲ့ မြေးရဲ့၊
အဲ့ဒီကောင်လေး ကြည့်ရတာ မဟန်ဘူး၊ မွန်းအပေါ်
ကြည့်ပုံ ရှုပုံ ပြောဆိုပုံက တစ်မျိုးပဲ၊ နင်တို့ပြောပြော
နေတဲ့ဟာ … ဘာ … ဟိုလေ … ဖွန်ဆိုတာ … ဖွန် … ဖွန်၊
အဲ့ဒီလို ဖွန်ပုံစံမျိုးပဲ၊ သူက မွန်းကို ဖွန်ချင်ပုံရတယ်၊
ထမင်းတွေ ဘာတွေလည်း လိုက်ကျွေးခိုင်းမယ့် ပုံပဲ၊
ဖုန်းနံပါတ်တောင် တောင်းသွားသေးတယ်၊ မြေး မွန်းက
ကျေးဇူးတင်နေတာဆိုတော့ အားနာပြီး အဲ့ဒီကောင်လေး
ဆက်သွယ်တဲ့အခါ အပြင်မှာ ထမင်းတွေ ဘာတွေ လိုက်
ကျွေးမိမှာ စိုးတယ်”

“သြော် … ဒါကြောင့် ဘွားက ကံကောင်းတာလား မသိ၊
ကံဆိုးတာလားမသိလို့ ပြောတာကိုး”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ... ဘွား နာရီ ပြန်ရလို့ ကံကောင်းပေ
မွန်းနဲ့ အဲ့ဒီကောင်လေး တွေ့သွားတာက ကံဆိုးတ
လို့ ဘွားထင်တယ်၊ ကဲ ... မြေး မွန်းဆီကို ဖုန်းဆ
စမ်း ..."

"ဘာပြောမလို့လဲ ဘွားရဲ့ ..."

"အဲ့ဒီကောင်လေး ဆက်သွယ်ရင် အရောမဝင်မိဖို့ သ
ပေးလိုက်၊ ငါ အဲ့ဒီကောင်လေးကို မြင်မြင်ချင်း အ
တွေ နောက်တယ်"

"ကျွန်တော် ပြောလို့ ကောင်းပါ့မလား ဘွားရယ်"

"ဘွား ပြောခိုင်းတယ်လို့သာ ပြောလိုက်၊ အဲ့ဒီကောင်လေ
ဆက်သွယ်လာသလားဆိုတာပါ သေချာ ဂဃနဏ မေ
လိုက်ဦး၊ သွား ... သွား ... ခုဆက်လိုက်"

ဘွားက ရောင်ဝါ့ကို တွန်းလွှတ်လိုက်တာ
ရောင်ဝါက တယ်လီဖုန်းတင်သည့် စင်လေးနားသို့ ထသွား
မွန်းဆီ ဖုန်းလှမ်းခေါ်လိုက်ရပါသည်။

"ဟဲလို ..."

"မွန်း ... ကျွန်တော်ပါ"

"ဩော် ... ရောင်ဝါ၊ အဘွား ဘာပြောခိုင်းလို့လဲဟင်"

"အဘွား ဆက်ခိုင်းမှန်း မွန်း ဘယ်လိုသိလဲ"





"ခုနောက်ပိုင်း အဘွားက တစ်ခုခု ဖုန်းဆက်မှာခိုင်းရင်
သာ မင်း မွန်းဆီ ဆက်တာလေ၊ မင်းဘာသာဆို ဆက်ခဲ
တယ် မဟုတ်လား"

မွန်း စကားကြောင့် ရောင်ဝါက အားလည်းနာ၊
စိတ်မကောင်းလည်း ဖြစ်မိ၏။ ရင်ထဲ တစ်မျိုးကြီး ဆို့နင်လာ
တာမို့ ခဏငြိမ်နေလိုက်မိပြီးမှ ...

"မွန်းရယ် ... အဲ့ဒါက ကျွန်တော် ..."

"ရှင်းမပြပါနဲ့ ရောင်ဝါ၊ မွန်း နားလည်ပါတယ်"

သူ စကားမဆက်ဘဲ တိတ်ဆိတ်သွားသည်။ မွန်း
ကလည်း စကားမဆက်ဘဲ တိတ်ဆိတ်နေသည်။ ခဏနေမှ
ရောင်ဝါက ဘာကဘယ်လို ပြန်စပြောရမှန်းမသိတော့ဘဲ ...

"ဟို ... မွန်း ထမင်းစားပြီးပြီလား"

"ညနေစာတော့ မစားရသေးဘူး၊ နေ့လယ်စာတော့ စား
ပြီးတာ ကြာပြီ"

"ဘာဟင်းချက်စားလဲ ..."

"အိမ်မှာ ဘာဟင်းချက်မှန်းတောင် မသိဘူး၊ မွန်းက
နေ့လယ်စာ အပြင်မှာ စားလိုက်တာ"

"ဩော် ... အဘွားရှင်းနဲ့အတူ သွားစားတာလား"

"ဟင့်အင်း ... မနက်က အဘွားနာရီ အလုခံရတာကို


www.burmeseclassic.com

www.burmeseclassic.com

ဝင်ကူတဲ့သူကို ထမင်းလိုက်ကျွေးရင်း မွန်းလည်း အပြ
မှာပဲ စားလိုက်တာ၊ မွန်းဘောကရိုလေ၊ မွန်း တစ်ခါမှ
မရောက်ဖူးဘူး၊ ဆိုင်လေးက မဆိုးဘူး၊ နောက်တစ်ခါ
ကျမှ ဘွားကျော့နဲ့ ဘွားရှင်းကို ခေါ်ပြီး သွားစားရမယ်
ဪ... ဒါနဲ့ အဘွားကျော့ လက်ရော သက်သာရဲ့လား
နာနေသေးလား"

"နာနေတယ်ဆိုလို့ ခုပဲ ကျွန်တော် ဆေးလိမ်းပေးလိုက်
ရတယ်"

"ဘွားက ဘာပြောခိုင်းတာလဲ"

"ဘွားနာရီ အလုပ်ခံတုန်းက ဝင်ကူညီတဲ့ သူကို သိ
သဘောမကျလို့တဲ့၊ အဲ့ဒီလူဆက်သွယ်ရင် အရောမဝင်
ဖို့ ပြောခိုင်းတာပေါ့ မွန်းရယ်၊ လူကြီးဆိုတော့လည်း
ဒီလိုပဲ ကြဖန်စိတ်ပူတာပေါ့"

"ဟုတ်တယ် ရောင်ဝါ ...၊ ဘွားရှင်းလည်း အဲ့ဒီ လူကို
သဘောမကျဘူး ပြောတယ်၊ မွန်းကတော့ ကိုယ့်ကို
ကူညီတဲ့ သူကို ယဉ်ကျေးမှုအရ တုံ့ပြန်တဲ့ သဘော
လောက်ပါပဲ၊ သူ့ပုံစံကို မွန်းလည်း သိပ်သဘောမကျ
လှပါဘူး၊ ဒါပေမယ့် သိပ်ခါးခါးသီးသီးကြီး လုပ်ပစ်ဖို့
ကျတော့ ခက်တယ်မဟုတ်လား"





"မွန်းပြောတာ မှန်ပါတယ်"

မွန်းနဲ့စကားပြောရင်းကပင် နှစ် ယူလာတဲ့ ဓာတ်ပုံ
တွေဟာ အဲ့ဒီလူကို မွန်း ထမင်းကျွေးတုန်းက နှစ်ရဲ့ သူငယ်
ချင်းတစ်ယောက်ယောက် ရိုက်ယူလိုက်တဲ့ ပုံတွေဆိုတာ ရောင်ဝါ
သိလိုက်ပါသည်။ နေ့လယ်စာ စားတုန်းက ရိုက်ထားတဲ့ပုံကို
ညနေပိုင်းမှာ ကူးယူလာပြီး နေ့မကူးမီ ရောင်ဝါ့ထံ အရောက်
လာပြနိုင်သော နှစ်ရဲ့ လျင်မြန်သွက်လက်သော ထောက်လှမ်း
ချိတ်ဆက်မှုစနစ်ကို ဩချရလောက်ပါပေသည်။

နှစ် ဘယ်လိုပဲ ထောက်လှမ်းနေနေ အဘွား ခုလို
အန္တရာယ်ကြုံရမှတော့ မြေးယောကျ်ားလေးဖြစ်သူက ရှောင်ဖယ်
နေလိုက်ဖို့ မသင့်တော့သဖြင့် ဘွားနှင့်အတူ မနက်တိုင်း လမ်း
လိုက်လျှောက်ဖို့ ဆုံးဖြတ်လိုက်မိပါသည်။

"မနက်ကျရင် မွန်းတို့မြေးအဘွား အိမ်ကပဲစောင့်နေ
လိုက်လေ၊ ကျွန်တော်တို့ မြေးအဘွား လာခေါ်လိုက်
မယ်"

"ရောင်ဝါ လိုက်မလို့လား"

ထိန်းချုပ်ထားသည့်ကြားမှ မွန်းရဲ့ အမောတကော
ရှင်မြူးသံကလေးကို မဖုံးနိုင်မဖိနိုင် ဖြစ်ရပါသည်။

"လိုက်ခဲ့မယ်လေ၊ မိန်းမသားတွေချည်းပဲဆိုတော့ မနက်


www.burmeseclassic.com

www.burmeseclassic.com

ကလို အန္တရာယ်မကြုံရအောင်ကျွန်တော်မျိုး ဓမ္မ
ကလေးကပဲ လိုက်စောင့်ရှောက်ပေးရမှာပေါ့ ခင်ဗျာ"

"အပေါင်း ... ပေါင်း"

သူ့ရဲ့ အပြောင်အပျက် အပြောကြောင့် မှုန်
မှုန်းရပ်နေသည့် လသာဆောင်မှ ပေါင်းလင်းမြင်နေရသော
ကောင်းကင်ဆီ မော့ကြည့်လိုက်ရင်း လွင်လွင်သာသာ ရယ်မော
လိုက်လေသည်။

ခုချိန်မှာ ကြယ်ကြွေရင် ဘာဆုတောင်းမယ် ထင်
သလဲပေါင် ...။

♥ ♥ ♥



✦ ✦ ✦

"တောက် ... ဝေးအောင်လုပ်ပါတယ်ဆိုမှ ပိုနီးသွားရ
တယ်လို့ဟာ ..."

နှစ်က အံကြိတ်သံဖြင့် မချိတင်ကဲ ရေရွတ်လိုက်
သောအခါ မာန်ရဲက နှစ်မျက်နှာရှေ့သို့ ဇတ်ခနဲ လက်ညှိုးထိုး
လိုက်ရင်း ...

"အဲ့ဒါ နင်ညံ့လို့ ..."

"ဘာ ... ပြောင်းပြန် ပြောမနေနဲ့၊ အဲ့ဒါ နင်ညံ့လို့၊ နင့်
အကြံဉာဏ်အတိုင်း လုပ်မိလို့၊ အခုဆို အလင်းက သူ့
အဘွားကို စိတ်မချလို့ဆိုပြီး မနက်တိုင်း မြေးအဘွား
လေးယောက် လမ်းလျှောက်နေကြပြီလေ၊ နင့် နှာရိုလုတဲ့
ခပ်တုံးတုံး ဇာတ်ကွက်ကြီးကို မရိုက်ခင်က အလင်းက
ငါ့ကိုငဲ့ပြီး လင်းလက်လတို့နဲ့ လမ်းလိုက်မလျှောက်ဘဲ


www.burmeseclassic.com

www.burmeseclassic.com

နေနေတာ၊ ခုတော့ ငါထက်ပိုပြီး ငဲ့ရမယ့် သူ့အ
ကြောင့် သူနဲ့ လင်းလက်လက ပိုနီးသွားပြီ”

“ငါလုပ်တုန်းက သူတို့ဝေးအောင် လုပ်တာဝ ...”

“အေး ... နင့်လုပ်ရပ်က သိပ်ပြောင်မြောက်လွန်းလို့ သူတို့မဝေးတဲ့အပြင် ပိုနီးသွားပြီလေ၊ အဲ့ဒါ နင်ညံ့လို့ ဟဲ့ ... ငတုံးရဲ့”

“ငါချည်း လွှဲမချနဲ့၊ နင်ညံ့လို့သာ နင့်ရည်းစားကို ဘက်ပါအောင် ဆွဲမထားနိုင်တာပေါ့၊ နင်က အမျော မဆွဲဘဲ ပြူးတူးပြဲတဲ သွားလုပ်တော့ ဟိုငနဲက နင့် လန့်မှာပေါ့”

“အမျှော့ဆွဲ ဆွဲတာမရလို့ ကြမ်းနေရတာပေါ့ဟဲ့ ...”

“အဲ့ဒါဆိုလည်း နင့်ဘာသာ ဆက်ကြမ်းလေ၊ ငါဆို အကူအညီ တောင်းမနေနဲ့တော့ပေါ့၊ အကောင်းလည်း စေတနာနဲ့ လုပ်ပေးရသေးတယ်၊ မျက်နှာမရ ခြေထော ရ ဖြစ်နေပြီ၊ ပြီးတော့ သူ့အညံ့က ငါ့အညံ့ဖြစ်ရသေး တယ်”

“ငါ ဘယ်မှာညံ့လို့လဲ၊ နင်သာ ညံ့တာ ...”

“နင် ညံ့တာပါ”





“နင်ညံ့တာ၊ နင်သာ ခပ်ညံ့ညံ့ ငနဲ”

“နင်သာ ခပ်တုံးတုံး ငနဲမ”

“နင် လူညံ့ ...”

“နင် ငတုံးမ ...”

“ဟဲ့ ... အမလေး တော်ကြစမ်းပါဟယ်၊ နားငြီးလိုက်တာ၊ ဒီမှာ စားကောင်းခြင်း မစားရဘူး၊ နင်တို့ချင်း တွေ့လိုက် ရင် ကိုက်ပြီ ...”

“ငါလူ နင်ခွေး ...”

“နင်ခွေး ငါလူ ...”

“ဟဲ့ ... ဩော် ... ပြောကာမှ ပိုဆိုးလာပြီ၊ ဒီမှာ နား ထောင်၊ နင်တို့ကို အကောင်းဆုံးနဲ့ အဆင်ပြေဆုံး အကြံ ဉာဏ်တစ်ခု ပေးမယ်”

ပန်ပန့်စကားကြောင့် သူငယ်ချင်းတွေအားလုံးက ပန်ပန့်ကို လှမ်းကြည့်လိုက်ကြသည်။ ပန်ပန်က နှစ်နဲ့ မာန်ရဲကို ပြုံးစေ့စေ့ကြည့်ရင်း ...

“နှစ်လည်း ခုလို ဒေါသတွေ ထွက်မနေရအောင်၊ မာန်ရဲ လည်း နှစ်ဒေါသထွက်တိုင်း လိုက်ကူညီမနေရအောင်၊ ပြဿနာတွေအားလုံး အေးသွားအောင် လုပ်ဖို့ နည်းလမ်း တစ်ခုပဲ ရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ..."

"နင်တို့ချင်း ယူလိုက်ကြပါလား"

"ဘာ ..."

"ဝေးသေး ..."

"ငါက ပိုတောင်ဝေးသေး ..."

နှစ်နဲ့ မာန်ရဲက တစ်ယောက်ကို တစ်ယောက် မဲ့ရွဲ့ကြည့်၍ လက်ခါပြရင်း မျက်နှာလွှဲလိုက်ကြသည်။ ခဏကြာမှ မာန်ရဲက နှစ်ရဲ့ပခုံးကို လက်ညှိုးနှင့် လှမ်းတို့လိုက်ရင်း ...

"ဟဲ့ ..."

ဟု ခေါ်လိုက်သည်။ နှစ်က မာန်ရဲလက်ကို ပုတ်ချ ပစ်လိုက်ရင်း ...

"စကားပြောရင် အကြောင်းပြော၊ လက်မပါနဲ့ ..."

"ငါ အကြောင်းပြောမလို့၊ နင် သိပ်စိတ်ပူမနေနဲ့၊ ဓာတ်ပုံကိစ္စကို နင့်ငနဲက မယုံပေမယ့် ဖွဲ့က လင်းလက်လကို စနွယ်နေပြီ၊ ဖွဲ့ကို ငါတို့လွှတ်ပေးထားတယ်ဆိုတာကို နင့်ငနဲမှ မသိတာ၊ လင်းလက်လကလည်း ဒါ ငါတို့ လုပ်ဇာတ်ဆိုတာ မသိဘဲ ဖွဲ့နဲ့ စပတ်သက်နေပြီပဲ၊ အဲဒီ ပတ်သက်မှုတွေ ရှည်ကြာနက်ရှိုင်းလာအောင် နင် စောင့် လိုက်ရုံပဲ"





"စောင့်တော့ ဘာဖြစ်လာမှာလဲ"

"တစ်ခုခုတော့ ဖြစ်လာနိုင်တာပဲ"

"မရေမရာတွေ ..."

"ရေရာအောင် ငါလုပ်မှာပေါ့၊ ဟိုကောင် ဖွဲ့ကို ခြေလှမ်း ကျဲကျဲ လှမ်းခိုင်းလိုက်မယ်၊ နောက်တစ်ခါဆို ဒါ့ထက် သရုပ်ဆောင် ပီပြင်တဲ့ ဓာတ်ပုံမျိုး နင်ရစေရမယ်၊ ဓာတ်ပုံ လောက်နဲ့ မယုံဘူးဆိုလည်း ငါ တခြားတစ်နည်း ဆက် ကြံမယ်"

"တော်ပါပြီ ... အယုံအကြည် မရှိတော့ပါဘူး"

"နင် စောင့်ကြည့်နေပါ၊ ပြီးမှ ကျေးဇူးတင်လိုက်တာ မာန်ရဲရယ်လို့ လာမပြောနဲ့၊ ကဲ ... အားလုံးပဲ ငါသွားစရာ ရှိသေးလို့ ပြန်ပြီ၊ တာ့တာ ... ဘိုင့်ဘိုင် ... ချီးတွေယို၊ အဲ ... ဆောရီး ... ချရီးယို ... ဟဲဟဲ"

"ကောင်စုတ်"

မာန်ရဲက စားပွဲပေါ်က သူ့အိတ်ကို လှမ်းဆွဲပြီး ကျောပေါ်ပစ်တင်ကာ နိမ့်နင်းနိမ့်နင်း ရပ်(ပ်)ပါ ခြေလှမ်းမျိုးဖြင့် ထွက်ခွာသွားတာမို့ နှစ်က စားပွဲပေါ်က ရေသန့်ဘူးအလွတ်ဖြင့် သူ့ကို လှမ်းပစ်လိုက်ပါသည်။ နှစ်ရဲ့ ဒေါသတွေဟာ ခုချိန်မှာ မာန်ရဲဆီသို့သာ ကျရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကုလားမနိုင် ရခိုင်မဲတယ်ဆိုတာ ဒါမျိုးနေမှာပေါ့"

ပုပုတို့က နှစ်ကိုကြည့်ရင်း ရေရွတ်လိုက်ကြသည်။

♥ ♥ ♥



✦ ✦ ✦

"မွန်း ... မွန်းတို့ကို ညနေတစ်ခေါက် ကျွန်တော် ပြန်လာခေါ်မယ်"

"ဘယ်သွားမလို့လဲ"

"ဘွားရှင်းက ညနေ စိမ်းလန်းမှာ စားချင်တယ်လို့ ကျွန်တော့်ကို ပူဆာထားတာကြာပြီ၊ ညနေ ကျွန်တော် လိုက်ကျွေးမယ်လေ ..."

"အားနာစရာ ရောင်ဝါရယ်၊ မင်း အားရဲ့လား၊ မွန်းပဲ အဘွားတို့ကိုခေါ်သွားပြီး ကျွေးလိုက်မယ်လေ"

"ကျွန်တော် အားပါတယ် မွန်းရဲ့၊ ပြီးတော့ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီမြေးအဘွား လေးယောက် တတွဲတွဲ သွားနေရတာကို ပျော်လာလို့ပါ"

ရှီးရှီးလေး မာယာမပါ ပြောလိုက်သော ရောင်ဝါရဲ့



www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးထွေးထွေး စကားကြောင့် မွန်း ကြည်နူးသွားမိပါသည်။ မွန်းက ရောင်ဝါနဲ့ ပြောဆိုဆက်ဆံရာမှာ အတတ်နိုင်ဆုံး မာ... မပါအောင် သတိထားနေရချိန်မှာ ရောင်ဝါက ရိုးရိုးစင်း... သံယောဇဉ်စကားလေးတွေ ပြောလာလျှင်တော့ မွန်း တိတ်ဆိ... မှာ ကြည်နူးခဲ့ရမြဲပင်။

"မွန်း ... ဖုန်းသံကြားတယ်၊ မွန်း အိတ်ထဲကလား"

"ဪ ... ဟုတ်တယ်၊ မွန်း ဖုန်းသံပဲ"

ရောင်ဝါက သတိပေးလိုက်တော့မှ မွန်းရဲ့အိတ်... က ဖုန်းမြည်သံကိုကြားကာ ရောင်ဝါကို 'ခဏနော်' ဟု ပြော... ဖုန်းဖွင့်ကိုင်လိုက်သည်။

"ဟဲလို ... မွန်း၊ ရွှဲပါ"

"ဪ ... "

"မွန်း အသံကလည်းဗျာ၊ ကျွန်တော် ဖုန်းဆက်တာ... ဝမ်းမသာသလိုကြီး ..."

"ဝမ်းသာစရာ အကြောင်းမှမရှိတာပဲ"

"ဟာ ... စိမ်းလိုက်တာ"

"မွန်း အမှန်အတိုင်း ပြောတာပါ၊ ရှင်က မွန်းနဲ့ အရ... ခင်တဲ့ သူငယ်ချင်းလည်း မဟုတ်ဘူး၊ ကွဲကွာနေ... မိတ်ဆွေရင်းချာတွေလည်း မဟုတ်ဘူး၊ ရှင်နဲ့ နောက်ဆ...





တွေ့ခဲ့တာ လွန်ခဲ့တဲ့ သုံးရက်ကမှပဲလေ၊ အဲဒီတော့ ရှင် ဖုန်းဆက်တာကို မွန်းက အထွေအထူး ဝမ်းသာစရာ အကြောင်းမှမရှိတာ"

"အိုကေ ... အိုကေ ... မွန်းနဲ့ စကားနိုင်မလုတော့ဘူး၊ ကျွန်တော် အခုဝိုက်ဆာနေတာလို့ ဖုန်းဆက်တာ၊ မွန်း ကျွန်တော့်ကို ထိုင်းစာလိုက်ကျွေးမလား ..."

မွန်းက မျက်မှောင်လေးကြုတ်ကြုတ်နှင့် သက်ပြင်း ...လိုက်ရင်း ...

"အားတော့ နာပါတယ်၊ ဒါပေမယ့် ရှင်ဗိုက်ဆာတိုင်း မွန်းက ရှင့်ကိုထမင်းလိုက်ကျွေးဖို့ အဆင်သင့်ဖြစ်နေလိမ့် မယ်လို့တော့ မထင်စေချင်ဘူး"

"ဆောရီးပါဗျာ၊ ကျွန်တော် အပြောအဆို မတတ်တာ ခွင့်လွှတ်ပါ၊ ကျွန်တော်က မွန်းရဲ့ မိတ်ဆွေတစ်ယောက် အနေနဲ့ တစ်ခါတလေ အတူစားသောက်ရင်း ရိုးရိုးသား သား စကားစမြည် ပြောခွင့်ရချင်တာပါ"

မွန်းက မျက်မှောင်လေး ကြုတ်ကြုတ်နှင့် သက် ...ပြင်းချလိုက်ရင်း ...

"ကောင်းပြီလေ ... ရှင် ဘယ်ဆိုင်မှာ စားချင်လဲ"

"ပါရမီလမ်းပေါ်က ဂူးမေးကော်နာ ဆိုင်မှာ စားရင် ကောင်းမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... နောက် နာရီဝက်ဆို မွန်းရောက်ပြီ"

"အိုကေ ..."

မွန်း ဖုန်းချလိုက်တော့ ရောင်ဝါက မွန်းကို ခပ်စိုက်စိုက် ကြည့်နေရင်း ...

"ဘွားပြောတဲ့ ဟိုတစ်ယောက်လား"

"ဟုတ်တယ် ... ရောင်ဝါ"

"ထမင်းစားဖို့ ချိန်းတာလား"

"ဟုတ်တယ်"

"နည်းနည်း လွန်ကဲလာသလိုပဲနော်"

"မွန်းလည်း သိတယ်၊ ဒီတစ်ခါတော့ မွန်းသဘောထားကို ပြတ်ပြတ်ပြောပြီး ခွာလိုက်ရင် ကောင်းမယ်ထင်တယ်"

"နာလောက်အောင်တော့ မပြောနဲ့လေ၊ ရှက်ရမ်းရမ်းရင် မွန်းမှာ အန္တရာယ်ရှိတယ်၊ ဒီလိုလုပ် ... ကျွန်တော်လည်း လိုက်ခဲ့မယ်၊ ကျွန်တော်တို့နှစ်ယောက် သူ့ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံရင်း သူ့ဘာသာ သဘောပေါက်ပြီး နောက်ဆုတ်သွားအောင် ကြိုးစားကြည့်ရင် မကောင်းဘူးလား"

"ကောင်းသားပဲ"





မွန်းက သူ့ကို ကျေးဇူးတင်ပြုံးကလေး ပြုံးပြလိုက်ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

◆ ◆ ◆

"ကဲ ... ရော ... ဒီတစ်ခါပုံကတော့ အရင်တစ်ခေါက်
ထက် ပိုပြီး အဆင်ပြေမလားပဲ"

မာန်ရဲက နှစ်ရှေ့ စားပွဲပေါ်သို့ ဓာတ်ပုံစာအိတ်
ပစ်ချပေးလိုက်တော့ နှစ်က စက္ကူအိတ်ကို အငမ်းမရ ကောက်
လိုက်ရင်း ...

"နင် ကြည့်ပြီးပြီလား"

"ဘယ်ကြည့်ရဦးမလဲ ...၊ ငါ့ဘော်ဒါမလေးတွေ
လာပေးသွားလို့ နင့်ဆီကို အမောတကော ပြေးလာရ
နင် အရင်ကြည့်၊ ပြီးမှ ငါကြည့်မယ် ... ဟဲဟဲ"

မာန်ရဲက သူ့နဖူးက ချွေးတွေကို သုတ်ရင်း
၏။ မွန်းကလည်း မျှော်တလင့်လင့်ဖြင့် စက္ကူအိတ်ထဲက ဓာတ်
တွေကို ထုတ်ကြည့်လိုက်ပါသည်။

"ဟင် ..."





မွန်းသည် ဓာတ်ပုံတွေကို တစ်ပုံချင်းကြည့်ရင်း
ကိုက်လုံးလည်းပြူး၊ လည်ချောင်းထဲမှာလည်း ဆို့တို့တို့ ဖြစ်ရ
မျက် လုံက ပြူးနင်လာသည်။ ထို့နောက် အဲကို တင်းတင်း
ကြိတ်မိရင်း အနားမှာ ရပ်နေသည့် မာန်ရဲကို စောင်းငမ်းငမ်း
ဆာကြည့်လိုက်တော့ ဒင်းက မွန်းဖြစ်နေပုံကိုမမြင်ဘဲ မျက်နှာ
က အထက်သို့ပင့်၍ အာကာဟပ်နေသည်။

"မာန်ရဲ ..."

"ပြော ..."

"ပုံတွေက အရမ်းမိုက်တယ် သိလား"

"မိုက်ရမှာပေါ့၊ ငါအစီအစဉ်အတိုင်း လုပ်ထားတဲ့ ကိစ္စပဲ
ဟာ၊ ငါ့ဘော်ဒါမလေးတွေ ပြောသွားတာတော့ ဒီတစ်ခါ
လင်းလက်လက နှစ်ယောက်တစ်ယောက် တွဲခုတ်လာ
တာတဲ့၊ ဟိုကောင် ဓွဲနဲ့တော့ ဖုန်းမရသေးဘူး"

"မာန် ... ရဲ ..."

"အ ... ဘယ်လိုဖြစ်လို့ နားနားကပ် အော်တာလဲ၊ လန့်
လိုက်တာ"

နှစ်က ဖြုန်းခနဲ ထရပ်ပြီး သူ့နားနား ကပ်အော်
ခ်လိုက်ပြီးမှ ဓာတ်ပုံတွေကို သူ့မျက်နှာနား ကပ်ပြလိုက်ရင်း

"ကြည့် ... ကြည့် ... ဒီမှာကြည့်၊ နောက်တစ်ယောက်က
ဘယ်သူလဲဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နင်ငနဲပါလား"

"အေး ... ဟုတ်တယ်၊ ငါငနဲကပါ လင်းလက်လနဲ့အ
ပါလာတော့ ပွဲကပြတ်ရော ..."

"အာ ... ပြဿနာပဲ၊ ဟိုကောင်မလေးတွေက နင့်င
မသိလို့ ရိုက်ယူထားလိုက်တာပေါ့၊ ဟား ... ဟား
ဖြစ်ရလေ ..."

"ရယ်မနေနဲ့ဟဲ့ ... ရယ်မနေနဲ့"

နှစ်က ဒေါသဖြင့်အော်ရင်း မျက်ရည်ဝဲလျှက်
နှစ်တုန်ရီလာသည်။

နှစ် သည်းညည်းမခံနိုင်တော့ဘူး ...။

လင်းလက်လနားမှာ တပူးတွဲတွဲလုပ်နေတဲ့အ
ကို ဒီ့ထက်ပိုပြီး ကြည့်မနေနိုင်တော့ဘူး။

သူက နှစ်တို့ ကြံစည်အကွက်ဆင်သမျှကို
ကြည့်တဲ့အပြင် လင်းလက်လကို ကာကွယ်စောင့်ရှောက်
သဘောနဲ့ ဟိုကောင်လေးနဲ့ တွေ့တဲ့နေရာအထိ လိုက်သွ
တယ်ဆိုတော့ သူတို့ချင်း ရင်းနှီးပတ်သက်မှုက ပေါ်ပေါ်တင်
မဟုတ်တာတော့ အသေအချာပေါ့။

နှစ်တို့ ကြံစည် ချောက်ချသမျှ အလကား ဖြ
ပြီပေါ့။ နှစ်က ဆေးအောင်လုပ်လေ သူတို့ချင်းက နီးနီးသွား
ပေါ့။





နှစ်သည် ဒေါသကို ထိန်းချုပ်လို့မရတော့ဘဲ နှစ်အိတ်ထဲက ဖုန်းကိုထုတ်လျှက် အလင်းဆီ ဖုန်းလှမ်းခေါ်လိုက်ပါသည်။

"ဟဲလို ... အလင်း၊ အလင်း အခု ဘာလုပ်နေလဲ"

"ထမင်းစားနေတယ် နှစ်"

"အိမ်မှာ စားနေတာလား"

"မဟုတ်ဘူး၊ အပြင်မှာ ..."

"အပြင် ! ဘယ်အပြင်လဲ"

"စိမ်းလန်းထဲမှာ၊ ကိုယ့်အသွားနဲ့ အတူစားနေတာ"

"ဩော် ... အင်း၊ ဒါပဲနော်"

နှစ်က ဖုန်းပိတ်ပစ်လိုက်ပြီးနောက် နှစ်ရဲ့အိတ်ကို စလွယ်သိုင်းလွယ်လိုက်ပြီး မာန်ရဲအနီးမှ ပြေးထွက်လာသည်။

"ဟာ ... ဟေ့ ... ဘယ်သွားမလို့လဲ နှစ်"

"လင်းရောင်ဝါဆီ သွားမလို့ ..."

နှစ်က မာန်ရဲကို အော်ပြောခဲ့ပြီး နှစ်ရဲ့ ဂျစ်ကားလေးပေါ် လွှားခနဲတက်၍ မောင်းထွက်လာပါသည်။

နှစ် ... ရင်ဆိုင်ချင်ပြီ။

ဒါ့ထက်ပိုပြီး အောင့်အည်းမျိုသိပ် သည်းခံတိတ်ဆိတ်နေဖို့ အင်အားမရှိတော့ဘူး ...။ နှစ်က သည်းခံဖို့ အဆုံးသန်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူမျိုး မဟုတ်ဘူး။ ဖွင့်ထုတ်ဖောက်ခွဲ ဝှန်းဒိုင်းကျဲချင်တဲ့ သူမျိုး။ ခုလောက်ထိ သည်းခံလာခဲ့တာပဲ လွန်လှပြီလေ ...။

နှစ်သည် အလင်းရှေ့မှာပင် အလင်းရဲ့ ဘွားဘွားကို ရင်ဆိုင်လိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ အလင်းရဲ့ အဘွားကို နှစ်နဲ့ အလင်းအကြောင်း ဖွင့်ပြောပြီး လင်းလက်လနဲ့ ကိစ္စကို ဖျက်ခိုင်းဖို့ ကြံရွယ်လျက် အလင်းတို့ မြေးအဘွားရှိနေသော စိမ်းလန်းစိုပြေ ပန်းခြံဘက်သို့ ကားကိုချိုးကွေ့ဝင်ရောက်လာခဲ့သည်။

ပန်းခြံထဲ ဝင်လာပြီး အလင်းတို့ မြေးအဘွားကို အကြည့်ဝေ့ဝဲ ရှာဖွေလိုက်စဉ်မှာ လင်းလက်လတို့ မြေးအဘွား နှင့် အတူတကွ ထိုင်နေကြတာကို လှမ်းမြင်လိုက်ရပါသည်။ နှစ်ရဲ့ ရင်ထဲမှာ ဒေါသဖုံး အလုံးပေါင်း သိန်းသောင်းမက ပေါက်ကွဲသွားပါသည်။

ကောင်းတာပေါ့။ အားလုံးရဲ့ ရှေ့မှာဆိုတော့ ပိုကောင်းတာပေါ့ဟု တွေးလျက် နှစ်က သူတို့စားပွဲဆီသို့ လျှောက်လာခဲ့ပါသည်။

♥ ♥ ♥



✦ ✦ ✦

"လင်းရောင်ဝါ ..."

ခပ်ဆတ်ဆတ် ခပ်စူးစူး ခေါ်သံကြောင့် ထမင်း အတူစားနေကြသော ဘွားကျော့၊ ဘွားရှင်း၊ ရောင်ဝါနှင့် မွန်းတို့ အားလုံး အသံလာရာသို့ လှည့်ကြည့်လိုက်ကြပါသည်။

သူတို့စားနေသော စားပွဲထိပ် မလှမ်းမကမ်းမှာ အိတ်တစ်လုံး စလွယ်သိုင်းကာ ခြေကိုခွဲ၍ ထိမထင်မျက်နှာနှင့် ရပ်နေသော နှစ်ကိုတွေ့ရစဉ်မှာ အဘွား နှစ်ယောက်လုံးက မျက်မှောင်ကိုယ်စီ ကြုတ်လိုက်ကြပါသည်။

"နှစ် ..."

ရောင်ဝါက နှစ်ကို တားမြစ်ဖို့ ကြိုးစားသော်လည်း နှစ်က ရောင်ဝါ့ကို လုံးဝဂရုမစိုက်ဘဲ အဘွားနှစ်ယောက်ထံသို့သာ တန်းတန်းမတ်မတ် လျှောက်လာပြီး အဘွားကျော့ရှေ့မှာ ရပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

“အဘွားက လင်းရောင်ဝါရဲ့ အဘွားလား ...”

“ဟုတ်တယ်ကွယ့်၊ မြေးက ဘယ်သူတုန်း ...”

“နှစ် နာမည်က ပုလဲနှစ်ပါ၊ အဘွားမြေး လင်းရော[...]
ချစ်သူပါ ...”

“သြော် ... ဟုတ်လား၊ ထိုင်လေ ... မြေး ... ထိုင်”

အဘွားကျော့က ခပ်ပြုံးပြုံးလေး ပြောရင်း နှ[...] ဖိတ်ခေါ်လိုက်သည်။ အဘွားရှင်းကလည်း ခပ်ပြုံးပြုံး တစ်[...] လှမ်းကြည့်ပြီး ဟန်မပျက် ထမင်းဆက်စားနေသည်။ ရောင်[...] စိတ်လှုပ်ရှားစွာဖြင့် အဘွားဖြစ်သူရဲ့ အရိပ်အကဲကို ကြည့်[...] သည်။ မွန်းကတော့ နှစ်ရဲ့ သွေးဆူနေသော ပုံစံကို ခပ်အေး[...] ပင် လှမ်းကြည့်နေပါသည်။

“မြေး ... တစ်ခုခု စားပါလား”

“မစားတော့ဘူး”

“ဒါဆို အအေးသောက်မလား”

“မသောက်တော့ပါဘူး၊ နှစ် အဘွားကို ပြောစရာရှိ[...]
ပြောပြီးပြန်မှာပါ”

“အေးကွယ် ... မြေး ပြောစရာရှိတာ မပြောခင် [...] မိတ်ဆက်ပေးပါရစေဦး၊ သူက အဘွားရဲ့ အချစ်[...] သူငယ်ချင်း ဒေါ်ရှင်းရှင်းတဲ့၊ သူကတော့ ရှင်းရှ[...] မြေးမလေး၊ မြေရောင်ဝါနဲ့ ပေးစားမယ့် သူပေါ့၊ မွန်း[...]





“ဘွား ... သိပ်လွန်လွန်းနေပြီ”

“နှစ် ... တော်တော့၊ ပြန်တော့ ...”

“ရှင် ဝင်မပါနဲ့ အလင်း၊ နှစ်ပြောစရာရှိတာ ပြောရမှ ဖြစ်မယ်”

“ပြောပါစေ ... မြေးရောင်ဝါ၊ သူပြောချင်တာ ပြောပါစေ၊ ဘွားရှေ့မှာ ဘွားမြေး ရောင်ဝါကို ခုလို ရန်တွေ့သံနဲ့ ပြောတဲ့အတွက်လည်း ဘွား စွဲမယူပါဘူး”

နှစ်အသံက မထိမဲ့မြင် မာဆတ်လွန်းတာမို့ အဘွား [...]ချစ်သော လင်းရောင်ဝါက ထိုလေသံဖြင့် အဘွားကိုပြောတာ [...] လက်မခံနိုင်ပါ။ ခုလို လူကြီးတွေရှေ့မှာ လာပွဲကြမ်းသလို [...]ပ်နေသော နှစ်ရဲ့အပြုအမူအတွက် အားလုံးရှေ့မှာ ရှက်ရွံ့ [...]းမှာ မျက်နှာပူကာ နှစ်ကိုလည်း စိတ်ပျက်လှပါသည်။

ဘွားကတော့ အပြုံးမပျက်လှဘဲ ...

“ကိုယ့်အဘွားအရွယ်ကို ဒီလေသံနဲ့ပြောရင် ငရဲကြီးတတ်တယ်လို့ မြေးမိဘများက သွန်သင်မထားခဲ့ဘူးထင်တယ်၊ မြေးရောင်ဝါကိုလည်း အဘွားရှေ့မှာ ခေါက်လား ငမ်းလားနဲ့၊ မြေးကြည့်ရတာ မိုက်ကန်းကန်းနဲ့ တစ်မျိုးလေးပါလားကွယ်”

“ဒီမှာ ... ဘွား၊ နှစ်က လင်းရောင်ဝါရဲ့ ချစ်သူဆိုတ[...]



www.burmeseclassic.com

www.burmeseclassic.com

အဘွား အသိအမှတ်ပြုပေးပါ၊ နှစ်တို့ချစ်ခြင်းကို မခွဲပါနဲ့ နှစ်တို့ ချစ်ခဲ့ကြတာ နှစ်နှစ်တောင် ရှိပါပြီ"

"အခုကော နှစ်နှစ်ကာကာ ချစ်ကြသေးရဲ့လား၊ နောက်ရော လေးလေးနက်နက် ချစ်ကြဦးမှာလား၊ မြေး ခုလို လုပ်နေပုံမျိုးကို ပုထုဇဉ် ယောကျ်ားမှန်သမျှ စိတ်ပျက်မှာပဲ၊ ဘွားမြေးလည်း ပုထုဇဉ်ပဲကွယ့်"

ဘွားကျော့က ခပ်အေးအေးပြောရင်း ဟင်းတစ်ဇွန်းကို ခက်ရင်းဖြင့် ထိုးယူစားကာ တမြုံ့မြုံ့ဝါးနေသည်။ နှစ်ကတော့ ပို၍သာ သွေးဆူလာကာ ...

"ဘွားက နှစ်ကို ဘာဖြစ်လို့ အသိအမှတ် မပြုရတာလဲ"

"ခုလိုတွေ လုပ်တတ် ပြောတတ်မယ့်သူမျိုးမှန်းသိလို့ အသိအမှတ် မပြုတာပေါ့ကွယ် ..."

"ဘွား အသိအမှတ်မပြုလို့သာ နှစ်က ဒီလိုလုပ်ရတာပါ"

"တကယ်တော့ မြေး ဒီလိုလုပ်ဖို့ မလိုဘူးလေ၊ ဒီလိုကိစ္စမျိုးဆိုတာ မြေးရောင်ဝါ ပြောရမှာ မဟုတ်လား"

နှစ်က 'နှင့်ကြောင့်' ဟူသော အကြည့်မျိုးဖြင့် လင်းရောင်ဝါကို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"သူက ဘွားကိုကြောက်လို့ မပြောရဲလို့ နှစ်က ပြောရတာပါ"





"သူ မပြောရဲဘူးဆိုတာကလည်း သူ့ရည်းစား အခြေအနေကို သူအသိဆုံးမို့လို့ပေါ့ကွယ်၊ ဘွားစိတ်ကိုလည်း သူပဲအသိ ဆုံးဆိုတော့ လွယ်လွယ်နဲ့ ဘယ်ပြောရဲပါ့မလဲ"

"ဘွားမြေးမှာ ရည်းစားရှိတယ်ဆိုတာ ဘွားသိခဲ့သလား"

"သိတယ်လေ ..."

"သိရက်သားနဲ့ ဘာလို့ တခြားတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်ရတာလဲ၊ ဘွား ဒီလိုလုပ်ရင် ဘွားမြေး ရောင်ဝါ စိတ်ဆင်းရဲမယ်ဆိုတာ ဘွား မသိဘူးလားဟင်"

"ဘွား ဒီလိုလုပ်ရင် ဘွားမြေးလေး စိတ်မဆင်းရဲရဘူးဆိုတာ ဘွားသိလို့ စီစဉ်တာပေါ့၊ ဘွားသိကာတွေက တော်တော်များနေပြီလေ၊ ဘွားမြေးရဲ့ ရည်းစားက မိဘ ပိုက်ဆံ သုံးဖြုန်းပြီး ခပ်ဆိုးဆိုး အပေါင်းအသင်းတွေနဲ့ ပေါးလားဂါးလား အားအားယားယား လျှောက်သွားနေ တတ်တဲ့ သူမျိုးဆိုတာလည်း ဘွားသိတာပဲ၊ ဘွားသိတာကို မြေးရောင်ဝါတောင် မသိဘူးလေ ..."

ရောင်ဝါက ဘွားကို တအံ့တဩ လှမ်းကြည့်မိသည်။ ဘွား ဘယ်လိုများ စုံစမ်းသိရှိနေပါလိမ့်။ ဘွားရှင်းကတော့ နှစ်ကိုကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေသည်။ နှင်းကတော့ ဘယ်သူ့ကိုမှမကြည့်ဘဲ ကန်ရေပြင်ဘက်သို့ လှမ်း


www.burmeseclassic.com

www.burmeseclassic.com



ငေးငြိမ်သက်နေသည်။ အားလုံး ခဏတ္တ တိတ်ဆိတ်နေကြပါသည်။

ထို့နောက် ပထမဦးဆုံးလှုပ်ရှားလိုက်သူက ပုလဲနှစ် ဖြစ်ပါသည်။ နှစ်သည် ဒေါသတကြီး ထရပ်လိုက်ပြီး မွန်းရှေ့သို့ လျှောက်သွားကာ မွန်းရှေ့မှ ကော်ဖီခွက်ကို ဆွဲယူ၍ မွန်းမျက်နှာကို ပက်လိုက်ပါသည်။

"ရှင့်ကြောင့် ... ၊ အားလုံးဟာ ရှင့်ကြောင့်ပဲ၊ ရှင်ရောက်လာလို့ ဒီလိုဖြစ်ရတာ ... ၊ ရှင် လင်းရောင်ဝါကို ဘယ်တော့မှ မရစေရဘူးဆိုတာ မှတ်ထားလိုက်ပါ"

မွန်း အဝေးသို့ ငေးနေတုန်း အပက်ခံလိုက်ရတာမို့ အငိုက်မိသွားချိန်မှာ နှစ်က ချာခနဲ လှည့်ထွက်သွားခဲ့ပြီဖြစ်သည်။

"မွန်း ... ပူသွားလားဟင်၊ ကော်ဖီက ပူနေသေးလား"

ရောင်ဝါက နှစ်နောက်သို့ လိုက်သွားဖို့ သတိမရဘဲ မွန်းကိုသာ ပျာပျာသလဲ မေးရင်း တစ်ရှူးစတွေဆွဲယူကာ မွန်းမျက်နှာကို ပွတ်သုတ်ပေးလိုက်မိပါသည်။

"တောင်းပန်ပါတယ် မွန်းရယ်၊ ကျွန်တော့်ကြောင့် ဖြစ်ရတာ ..."

"ရပါတယ်၊ ကိစ္စမရှိပါဘူး ရောင်ဝါ၊ စိတ်အေးလက်အေး





ဆက်စားပါ၊ ကော်ဖီက နွေးနွေးလေးပဲ ရှိတာပါ၊ မွန်းဘာမှမဖြစ်ပါဘူး၊ မွန်းဘာသာ သုတ်လိုက်ပါ့မယ် ..."

မွန်းက ရောင်ဝါ့လက်ထဲက တစ်ရှူးစတွေကိုယူပြီး မျက်နှာကို ပွတ်သုတ်နေသည်။ ရောင်ဝါက အဘွားနှစ်ယောက်ဘက်သို့ လှည့်ကာ ...

"ဘွားတို့ကိုလည်း ကျွန်တော် တောင်းပန်ပါတယ်"

ဟု ဦးညွှတ်၍ တောင်းပန်ရပါသည်။ နှစ်ရဲ့ လုပ်ရပ်ကြောင့် ဘွားဘွားတို့ရှေ့မှာ တကယ်ပဲ ခေါင်းမဖော်နိုင်အောင် ဖြစ်ရပါသည်။

"နိုး ... နိုး ... နဲဗားမိုင်း ... မြေးရောင်ဝါ၊ လူငယ်တွေကိစ္စကို ဘွားရှင်း နားလည်ပါတယ်၊ မင့်ဘွားကျော့ကိုသာ တောင်းပန်လိုက်ပါ"

"ဘွားကိုလည်း တောင်းပန်မနေပါနဲ့ဟယ် ... မြေးမွန်းကိုသာ တောင်းပန်လိုက်ပါ၊ ဟိုဘက်မှာ သန့်စင်ခန်းရှိတယ်၊ အဲ့ဒီက ဗေစင်မှာ မျက်နှာသွားသစ်လိုက်ပါလား မြေးရဲ့၊ တော်ကြာ မျက်နှာမှာ စေးကပ်စေးကပ် ဖြစ်နေဦးမယ်၊ ရောင်ဝါ မွန်းကို လိုက်ပို့ပေးလိုက်ပါဦး"

ရောင်ဝါရဲ့ တောင်းပန်မှုကို ဘွားရှင်းက ဘွားကျော့ထံသို့ လမ်းလွှဲပေး၏။ ဘွားကျော့ကလည်း မွန်းဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



သာ ပြန်ပုတ်ထုတ်ပေးလိုက်၏။ နောက်ဆုံးမှာတော့ ရောင်ဝါ့အဖို့ အနူးအညွတ် တောင်းပန်ရမည့်သူက မွန်းတစ်ယောက်ကိုသာ ...။

"မွန်း ... မျက်နှာသွားသစ်လေ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"နေပါစေ ... ရောင်ဝါ၊ ဒီမှာပဲ အေးအေးဆေးဆေး ထိုင်နေပါ၊ မွန်းဘာသာ သွားလိုက်ပါ့မယ်၊ မွန်း ဘာမှမဖြစ်ဘူး၊ ရောင်ဝါသာ စိတ်ကိုအေးအေးထား၊ မွန်းအတွက် ဘာမှစိတ်မကောင်းမဖြစ်နဲ့ ...၊ အကြောင်းရှိလို့ အကျိုးဖြစ်လာတာ ..."

မွန်းက ရောင်ဝါ့ကို ပြန် ဖျောင်းဖျပြီး သန့်စင်ခန်းဘက်သို့ ထွက်သွားပါသည်။

ရောင်ဝါကတော့ ကိုယ့်ချစ်သူရဲ့ ရိုင်းပျသော အပြုအမူအတွက် ရှက်ရွံ့သိမ်ငယ်စွာဖြင့် အဘွားနှစ်ယောက်ရှေ့မှာ ကျန်ရစ်ခဲ့ရပါသည်။

♥ ♥ ♥



◆ ◆ ◆

"နှစ်ရ... ဒီလိုမလုပ်သင့်ဘူး"

"ရှင်လည်း ဒီလိုမလုပ်သင့်ဘူး"

"နှစ် ဒီလိုလုပ်နေတာတွေကို ရပ်တန်းက ရပ်လိုက်ပါတော့ ..."

"ရှင် ဒီလိုလုပ်နေတာတွေကို ရပ်တန်းက ရပ်လိုက်ပါတော့ ..."

"ဟာကွာ ... နှစ်ရာ"

ရောင်ဝါက အလေးအနက် ပြောနေပေမယ့် နှစ်က အပြောင်အပြက်ပုံမျိုး မထိမဲ့မြင် တစ်ခွန်းမခံ ပြန်ပြောနေတာမို့ ရောင်ဝါ စိတ်တိုလာမိပါသည်။

"နှစ် ... ကိုယ့်အဘွားနဲ့ ထိပ်တိုက်လာတွေ့တာ အရှမ်းအရုပ်ဆိုးတယ်၊ ပြီးတော့ လူကြီးတွေရှေ့မှာ မွန်းကို လုပ်ပစ်ခဲ့တာကလည်း လွန်လွန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



“မလွန်လွန်းပါဘူး၊ လုပ်သင့်လို့ လုပ်ခဲ့တာပဲ၊ ဒါ့ထက် တောင် လုပ်သင့်သေးတာ”

“သူ့ဘာသာ အေးအေးဆေးဆေး ထိုင်နေတာ ကိုယ့်မျက် မြင်ပဲ၊ သူ ဘာတစ်ခွန်းမှ ဝင်မစွက်ဖက်ခဲ့ပါဘူး”

“စကားတစ်လုံးမှ မပြောခဲ့ပေမယ့် အလင်းရှိနေတဲ့ ဝိုင်း မှာ သူရှိနေတာကိုက နှစ်ကို မထီမဲ့မြင် လုပ်နေတာပဲ”

“နှစ်ရယ် … နှစ်နဲ့ သူနဲ့တွေ့ပြီးတဲ့နောက်ပိုင်းမှာ သူ့ ဘက်က ဘာမှမကြိုးစားခဲ့ပါဘူး၊ ကိုယ့်ကို ဖြားယောင်း ဖို့လည်း မကြိုးစားဘူး၊ ဖုန်းတောင် ကိုယ်မဆက်ရင် သူ့ဘက်က လုံးဝ စမဆက်ဘူး၊ ကိုယ်နဲ့ တကူးတက တွေ့ဖို့လည်း မတောင်းဆိုဘူး၊ ဘာအခွင့်အရေးမှကို သူမယူခဲ့တာပါ၊ သူ့အဘွားခေါ်ရင်သာ သူလိုက်ရ တာ …၊ အဘွားနှစ်ယောက်နဲ့ ပတ်သက်တဲ့ မလွဲမရှောင် သာ ကိစ္စလေးတွေကျမှသာ ကိုယ်တို့တွေ့ရတာပါ”

“အဲ့ဒီ မလွဲမရှောင်သာ ကိစ္စလေးတွေကလည်း နေ့စဉ် နေ့တိုင်း တစ်နေ့တစ်မျိုး မရိုးစေရဘူး မဟုတ်လား အဘွားကြီးနှစ်ယောက်က နေ့တိုင်း တွေ့ချင်တော့ ရှင် တို့လည်း နေ့တိုင်းတွေ့ရတယ်၊ အဘွားတွေက အိမ်လည် တော့ ရှင်တို့လည်း အိမ်လည်တယ်၊ အဘွားတွေ မနက်





တိုင်း လမ်းလျှောက်ရင် ရှင်တို့လည်း အတူလျှောက်မယ်၊ အဘွားတွေ ထမင်းအတူစားတော့ ရှင်တို့လည်း အတူ စားရတယ်၊ တော်သေးတာပေါ့ … အဘွားတွေ နေ့တိုင်း အတူမအိပ်ကြလို့ …”

“နှစ် … မင်း ဒီလိုမပြောသင့်ဘူး”

ရောင်ဝါက နှစ်ကိုပြောရင်း ဒေါသထွက်လာပါ သည်။ နှစ်က သူ့ကို ပူလောင်ဖော်တတ်မှန်း သူ သိသိလာသော် လည်း နှစ်ကို သူချစ်သည့် အချစ်ဖြင့် ကိုယ့်ကိုယ်ကို ဖြေသိမ့် နေခဲ့ရပါသည်။ နှစ်အပေါ် အလွယ်တကူ သစ္စာပျက်ဖို့လည်း စိတ်ကူးမရှိခဲ့ပါ။ အဘွားမျက်စိရှေ့မှာ ခရောစ်ဖြစ်နိုင်တဲ့ နှစ်ရဲ့ အမူအကျင့်လေးတွေကို ဖြည်းဖြည်းချင်း ပျောင်းဖျပြုပြင်ပေးဖို့ စိတ်ကူးလည်း ရှိခဲ့ပါသည်။ အဘွားကို တဖြည်းဖြည်းနားသွင်း ပြီး နှစ်နဲ့တွေ့ပေးဖို့ စိတ်ကူးရှိပေမယ့် နှစ် လုပ်လိုက်တဲ့လုပ် ရပ်ကြောင့် အဘွားနဲ့ နှစ်ဟာ ဘယ်တော့မှ မျက်နှာချင်းဆိုင်လို့ မရသော လူနှစ်ယောက် ဖြစ်သွားခဲ့ရပြီ။ နှစ်ကို သူ နားလည် သလောက် နှစ်က သူ့ကိုရော အခြေအနေတွေကိုရော နား မလည်တာက ခက်လှသည်။

“ရှင်က မပြောသင့်ဘူးထင်ပေမယ့် နှစ်က ပြောသင့်တယ် ထင်လို့ ပြောတာ ဘာဖြစ်လဲ …”



www.burmeseclassic.com

www.burmeseclassic.com



နှစ်က ခုချိန်မှာ သူ့ကို ဆန့်ကျင်ဘက်တိုက်ပြော လိုက်ဖို့သာ ဆန္ဒရှိ၏။ နှစ်ရဲ့ ဒေါသတွေဟာ ပေါက်ကွဲလုဆဲဆဲ မီးတောင်တစ်လုံးလိုပင် ...။ ခုလိုဖြစ်ရတာတွေဟာ အလင်းရဲ့ သတ္တိကြောင် ပျော့ညံ့မှုကြောင့်ဟု နှစ်ကထင်၏။ နှစ် ခုလို စိတ်ဆင်းရဲ ဒေါသထွက်နေရတာဟာ အလင်းတို့ မြေးအဘွား ကြောင့်က တစ်ဝက်၊ ကျန်တစ်ဝက်က လင်းလက်လကြောင့်ဟု ထင်လာမိ၏။

အလင်းက နှစ်ကို အပြစ်ဖို့လေ နှစ်က လင်းလက် လကို ဒေါသဖြစ်ရလေ ...။ ဒီလို ပူလောင်နေရတဲ့ ပြဿနာ ထုပ်ကြီးကို သယ်ဆောင်လာသူက လင်းလက်လ။ ထိုအထုပ်ကို အလွယ်တကူ လွှင့်မပစ်ရဲသူက လင်းရောင်ဝါ ...။ ထိုအထုပ် ကြောင့် စိတ်ဆင်းရဲရသူက ပုလဲနှစ် ...။ ဒီတော့ အထုပ်ရှင်ကို သူ့အထုပ်သူပိုက်ပြီး ပြန်သွားနိုင်ဖို့ နှစ်မှာ ရှိသမျှ စွမ်းအား အကုန်နှင့် ကြိုးစားရလိမ့်မည်။

"နှစ် ... ရပ်တန်းက ရပ်ပါတော့ကွာ ... နော်"

လင်းရောင်ဝါက အနူးအညွတ် တောင်းပန်ဟန် ဖြင့် ပြောပြန်သည်။

နှစ်က မချိုမချဉ် ပြုံးလိုက်ရင်း ...

"ရပ်တန်းက ရပ်ပါ ... ဟုတ်လား၊ အဟင်း ... အဲ





စကားလေးကို နှစ် ခဏသိမ်းထားပေးမယ်၊ ပြီးရင် တခြား တစ်ယောက်ကို အဲဒီစကားလေး ပြန်လွှဲပေးလိုက်ပါရစေ နော်"

အလင်းက နှစ်စကားကို နားမလည်ဟန် မျက် မှောင်လေးကြုတ်၍ နှစ်ကို ကြည့်လာတာမို့ နှစ်က မချိုမချဉ် အပြုံးဖြင့် ပခုံးတွန့်ပြလိုက်ပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

"ရှင့်ရဲ့ လုပ်ရပ်တွေကို ရပ်တန်းက ရပ်လိုက်ပါတော့ လင်းလက်လ"

နှစ်က ခဏာသိမ်းထားပေးခဲ့သော လင်းရောင်ဝ... စကားလုံးကို လင်းလက်လထံ လွှဲပေးလိုက်ပါသည်။

ရေကူးကန်နံဘေးက ခုံရှည်ပေါ်မှာ ပက်လက်... လျောစွာ ထိုင်နေသော မွန်းက ဖတ်လက်စ စာအုပ်ကို ဘေး... ချပြီး ခန္ဓာကိုယ်ကို မတ်၍ ထိုင်လိုက်ရင်း ဒေါသဆူဝေနေသော... ပုလဲနှစ်ကို အေးဆေးတည်ငြိမ်စွာ ကြည့်လိုက်မိပါသည်။

မွန်းနဲ့ ထိပ်တိုက်တွေ့ချင်လှသော ပုလဲနှစ်... မွန်း ဘယ်သွားပြီး ဘာတွေလုပ်တတ်တယ်ဆိုတာကို စုံစမ်း... ရုံမက မွန်းရဲ့ ဖုန်းနံပါတ်ကိုပါ စုံစမ်းလျက် မွန်းဆီ ဖုန်းဆ... ချိန်းဆိုခဲ့တာမို့ မွန်းက မွန်း ရေကူးဖြစ်နေသည့် ဟိုတယ်တ... ရဲ့ ရေကူးကန်နံဘေးကို လာဖို့ ချိန်းဖြစ်ခဲ့တာပင်။





ဒီနေ့အဖို့တော့ ရေကူးချင်စိတ် မရှိတာမို့ မွန်းက ရေကူးဝတ်စုံတောင် ယူမလာဖြစ်ခဲ့။ ဖတ်စရာ စာအုပ်တစ်အုပ် သာယူလာပြီး အေးအေးဆေးဆေး ဖတ်ရင်း ပုလဲနှစ်ကို စောင့်နေခဲ့တာပင်။

"ထိုင်လေ ... ပုလဲနှစ်၊ ရှင်က မတ်တတ် တို့က ထိုင်ရက်ဆိုတော့ စကားပြောရတာ အဆင်ပြေမှာ မဟုတ်ဘူး"

မွန်းက ဘေးက ခုံတစ်ခုံကို ညွှန်ပြရင်း ပြောလိုက်တော့ လက်ပိုက်၍ မွန်းကိုငုံ့ကြည့်နေသော ပုလဲနှစ်က ခပ်ဖြည်းဖြည်း ခေါင်းခါယမ်းလိုက်ရင်း ...

"ကျွန်မ မထိုင်ဘူး။ ရှင် ထလေ ..."

"ကောင်းပြီလေ ..."

မွန်းက မတ်တတ်ထ၍ ပုလဲနှစ်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပါသည်။

ပုလဲနှစ်က မွန်းမျက်နှာကို စေ့စေ့စိုက်ကြည့်ရင်း "ရှင် ပြန်ပါတော့ လင်းလက်လ ...၊ အလင်းဘေးမှာ ပေကပ်နေတဲ့ ရှင့်ခြေလှမ်းတွေကို ပြန်ရုတ်ပြီး ရှင် ပြန်သွားလိုက်ပါတော့ ..."

"ဆောရီးပါ ပုလဲနှစ်၊ တို့သဘောနဲ့တို့ ပြန်လို့မရလို့ပါ၊ တို့အဘွား ပြန်မယ်ဆိုမှ တို့လည်း ပြန်လို့ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်လည်း ဒီမှာနေနေတဲ့ အတောအတွင်း တွန်း
ရည်းစားနဲ့ ခပ်ကင်းကင်းနေလို့ မရဘူးလား"

"တို့သဘောနဲ့တို့ ကင်းအောင်နေလို့ မရဘူးလေ၊ တ
အဘွားနဲ့ ရောင်ဝါနဲ့ ပတ်သက်နေသရွေ့ တို့နဲ့လည်း
ပတ်သက်နေရဦးမှာပဲ ... ၊ ပြီးတော့ ရောင်ဝါကို တို့ဘ
က အသည်းအသန် လိုက်ပတ်သက်နေမှာ မဟုတ်သ
တကူးတက ကင်းအောင်နေဖို့လည်း ဆန္ဒမရှိလို့ပါ"

"ရှင့်မျက်နှာက ကြည့်ရင်း ကြည့်ရင်း ပိုပြောင်လာသ
ပဲ ..."

မွန်းက ခွန်းတုံ့မပြန်ဘဲ ပုလဲနှစ်ကို တည်တည်
ငြိမ်ငြိမ် ကြည့်နေလိုက်သည်။

မွန်းရဲ့ တည်ငြိမ်မှုက ပုလဲနှစ်ရဲ့ ဒေါသကို ပို
ပြင်းထန်လာစေပါသည်။

"ရှင့်ရုပ် ရှင့်ရည်နဲ့ သူများရည်းစားကို မလုဘဲ ယောကျ်
မရနိုင်တော့လို့လား လင်းလက်လ ..."

"တို့က ရှင်နဲ့ လွတ်လပ်စွာ ကွဲလွဲခဲ့ရုံပါ ပုလဲနှစ် ...
တို့ ရောင်ဝါနောက်ကို ပြေးမလိုက်ခဲ့ပါဘူး၊ တို့နေရ
လေးမှာ တို့ ရပ်စောင့်နေခဲ့တာပါ၊ ရှင်လည်း ရှင့်နေရ
မှာသာ ရှင်ရပ်စောင့်နေခဲ့ရင် ရှင်အနိုင်ရဖို့ သေချ





သလောက်ပါပဲ၊ ဒါပေမယ့် ရှင်က ကိုယ့်နေရာမှာကိုယ်
အေးအေးဆေးဆေး ရပ်မနေနိုင်ခဲ့ဘူးလေ၊ မလိုအပ်ဘဲ
ပြေးလိုက်တော့ နီးမလာတဲ့အပြင် ပိုတောင် ဝေးသွားဦး
မှာပေါ့"

"ရှင့်ဘာသာ ရပ်နေရုံနဲ့ လင်းရောင်ဝါနဲ့ နီးလာမယ်လို့
ယုံကြည်မနေပါနဲ့ လင်းလက်လ၊ လင်းရောင်ဝါက ရှင့်
ဆီ ဘယ်တော့မှ ပြေးမလာနိုင်ဘူး၊ သူပြေးမလာနိုင်
အောင် ကျွန်မ လုပ်နိုင်တယ်"

"နီးခြင်း ဝေးခြင်းဆိုတာ လုပ်ယူလို့မရဘူးလေ၊ ရှင်က
ဝေးအောင်လုပ်လေ ကျွန်မနဲ့ ရောင်ဝါ နီးလာလေဆိုတာ
မျိုးလည်း ဖြစ်နိုင်တာပဲ မဟုတ်လား"

တကယ်လည်း ပုလဲနှစ်က ဝေးအောင်လုပ်သမျှ
လင်းရောင်ဝါနှင့် လင်းလက်လကို နီးအောင်လုပ်သလို ဖြစ်နေ
ခဲ့တာမို့ အနာပေါ် တုတ်ကျသော ခံစားမှုမျိုးဖြင့် ပုလဲနှစ်က
ဆတ်ဆတ်တုန်လာပါသည်။

ပုလဲနှစ်က လက်ပိုက်ထားသော လက်နှစ်ဖက်စလုံး
ကို လက်သီးကျစ်ကျစ် ဆုပ်ထားမိရင်း လင်းလက်လကို လောင်
မီးကျွမတတ် မျက်ဝန်းများဖြင့် စူးစူးရဲရဲ စိုက်ကြည့်နေသည်။

မွန်းကလည်း လုံးဝ မျက်နှာမလွှဲဘဲ ပုလဲနှစ်ရှေ့မှာ
ရပ်မြဲရပ်လျက် ပုလဲနှစ်ကို တည်တည်ငြိမ်ငြိမ် ပြန်ကြည့်နေဆဲ



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ..."

"ဗွမ်း ..."

ပုလဲနှစ်က ရုတ်တရက် ဒေါသပေါက်ကွဲသွား… မွန်းကို ဆောင့်တွန်းပစ်လိုက်တာမို့ မွန်းက ရေကူးကန်ထဲ… ဝုန်းခနဲ ပြုတ်ကျသွားပါသည်။

မွန်းသည် ရေကူးတတ်သူပီပီ ခဏပဲ ရေနစ်သွား…ကာ ရေပေါ်သို့ ခဏချင်း ပြန်ပေါ်လာသည်။

ပုလဲနှစ်က ရေကူးကန်ထဲက မွန်းကို အပေါ်…နေ ငုံ့မိုးကြည့်ရင်း ...

"အဲ့ဒါ ရှင့်အတွက် ပထမဆုံး ပေးလိုက်တဲ့ အပျော်… သင်ခန်းစာပဲ"

ဟု ပြောကာ မွန်းကို ကျောခိုင်းလိုက်စဉ် ...

"ဟိတ် ... ပုလဲနှစ်"

မွန်း ခေါ်သံကြောင့် ပုလဲနှစ်က သမင်လည်… လှည့်ကြည့်လာသည်။

"ရှင် ဒီလိုလုပ်တာကို တို့ အပြစ်မတင်ပါဘူး၊ ကျေးဇူး… ပြီး ဟိုစားပွဲပေါ်က တို့ဖုန်းလေးတော့ ယူပေးခဲ့ပါ၊ တို့… အဝတ်အစားပို ပါမလာလို့ လှမ်းမှာမလို့ပါ"

ပုလဲနှစ်က နောက်ပြန်လှည့်ကာ မွန်းရဲ့ဖုန်း…





…ယူပြီး မွန်းထံ ခပ်မြန်မြန် လှမ်းပေးပြီးနောက် ကျောခိုင်း…လှည့်ထွက်လိုက်စဉ် ...

"ဟဲလို ... ရောင်ဝါလား၊ မွန်းပါ ..."

ပုလဲနှစ် ခြေလှမ်းတွေ တုံ့ခနဲ ရပ်ပြီး ဖြုန်းခနဲ …လှည့်ကြည့်လာသည်။ မွန်းက ပုလဲနှစ်ကို မကြည့်ဘဲ ဖုန်း…ကိုပြောနေပါသည်။

"မွန်း ... အခု Micasa ဟိုတယ် ရေကူးကန်ထဲမှာ၊ အမှတ်တမဲ့ ရေကန်ထဲ ခြေချော်ကျသွားလို့လေ၊ အဲ့ဒါ အဝတ်အစားအပိုပါမလာလို့ ကျေးဇူးပြုပြီး မွန်းဘွားဘွားဆီက မွန်းအဝတ်အစားတစ်စုံ သွားယူပြီး မွန်းဆီ လာပို့ပေးနိုင်မလားလို့ပါ"

"... ..."

"ဟုတ်ကဲ့ ... ရပါတယ်၊ ခဏလေးနဲ့တော့ ချမ်းမလာသေးပါဘူး၊ မွန်းက ရေကူးနေကျဆိုတော့ ခံနိုင်ရည်ရှိပါတယ်"

"... ..."

"ဖြည်းဖြည်းပဲ လာပါ ရောင်ဝါရဲ့၊ မွန်းအတွက် အဲ့ဒီလောက် မစိုးရိမ်ပါနဲ့၊ မွန်း စောင့်နိုင်ပါတယ်၊ အားလည်းနာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ် ရောင်ဝါ"



www.burmeseclassic.com

www.burmeseclassic.com



မွန်းက ပြောပြီးတာနှင့် ဖုန်းပြန်ပိတ်လိုက်ပြီး ပု...နှစ်ကို လှမ်းကြည့်လိုက်ပါသည်။

"ဩော် ... ပုလဲနှစ် မပြန်သေးဘူးလား၊ မွန်းက ပြန်သွား ပြီမှတ်လို့၊ အတော်ပဲ ... ကျေးဇူးပြုပြီး မွန်းဖုန်းလေး... ဟိုစားပွဲပေါ် ပြန်တင်ပေးသွားပါဦးနော်၊ မွန်း ရေချိုး... အပေါ်မတက်ချင်သေးလို့၊ လက်စနဲ့ ရေဆက်စိမ်ရင်း ရောင်ဝါ့ကို စောင့်လိုက်ဦးမယ်၊ ရှင်ကတော့ ပြန်နှင့်မှာ မဟုတ်လား၊ ရှင် အခုပြန်သွားရင်တော့ ရှင်လုပ်ရပ်... ကို ရောင်ဝါ့ကို မပြောဘဲ ထိမ်ချန်ပေးလိုက်ပါ့မယ်"

မွန်းက ပြောပြောဆိုဆိုပင် ဖုန်းကို ပုလဲနှစ်... ကမ်းပေးလိုက်သည်။ ပုလဲနှစ်က ဖုန်းကို ဆတ်ခနဲ ဆွဲယူ... ရေကန်ထဲသို့ ပြန်ပစ်ချလိုက်ပြီး ချာခနဲ လှည့်ထွက်သွားသည်။

မွန်းက ပြောဖြစ်အောင် လှမ်းပြောလိုက်သေးသည် မှာ ...

"ဗေးအောင်လုပ်ရင် ပိုနီးလာတတ်တယ်ဆိုတာ ယုံ... လား ပုလဲနှစ် ..."

♥ ♥ ♥





✦ ✦ ✦

"ရေကူးကန်ထဲမှာ ချော်ကျရတယ်လို့၊ ကလေးကျနေတာပဲ မွန်းရာ၊ မွန်း အဲ့ဒီလောက် နမော်နမဲ့နိုင်လိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့ဘူး"

ရောင်ဝါက မွန်းရဲ့ ဖြစ်ပုံကို ရယ်ချင်ဟန် ပြုံး...နေ ရုပ်ကလေးဖြင့်ပြောရင်း မွန်းတို့အိမ်ဘက်သို့ ကားကို ...တည်မောင်းလာသည်။ မွန်းက ရောင်ဝါယူလာပေးသော ...ဘက်ကြီးကို ခေါင်းအထိလုံအောင် ခြုံရင်း ရောင်ဝါ့ဘေးမှာ ...နွေးနွေးထွေးထွေး ထိုင်လိုက်လာသည်။

ပုလဲနှစ်ကြောင့် မွန်း ဒီနေ့အဖို့ ရောင်ဝါနဲ့ တကယ် ...ရင်းနီးနီးကပ်လာရပါသည်။

ရောင်ဝါက ကားမောင်းနေရင်းက မွန်းကို လှည့်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မွန်း ... ဆံပင်တွေ ရေစိုနေတာ သုတ်လိုက်ဦးလေ။ အအေးပတ်နေဦးမယ်"

"အိမ်ကျမှပဲ ဒရိုင်ယာနဲ့ မှုတ်တော့မယ်"

"အိမ်ရောက်တော့လည်း ဒရိုင်ယာနဲ့ မှုတ်ပေါ့၊ အခု မွန်းဆံပင်က ရေစက်လက်ကျနေတာလေ၊ ရေခြောက် သွားအောင်တော့ သုတ်လိုက်ဦးပေါ့"

ပူပင်ဟန်ဖြင့် ပြောနေသော အားတိုက်မြင်နေ သည့် ရောင်ဝါ့မျက်နှာကို မွန်းက မျက်နှာသုတ်ပဝါကြား ချောင်းကြည့်ရင်း ရင်ထဲမှာ နွေးထွေးတုန်ရင်လာပါသည်။ ရင်ခုန် တယ်ဆိုတာ ဒါမျိုးပဲလား ရောင်ဝါရယ် ...။

မွန်းသည် တဘက်စောင်ကြီးအောက်မှ မွန်း လက် ကလေးတစ်ဖက်ကို မွန်းရဲ့ ဘယ်ဘက်ရင်ဘတ်နားသို့ ရွှေ့၍ ဖိထားလိုက်မိ၏။

ထို့နောက် ကလေးတစ်ယောက်ကဲ့သို့ပင် မျက်နှာ ကို တဘက်စောင်ကြားမှာ ဝှက်၍ အုပ်ကွယ်နေရင်းက လမ်း တစ်လျှောက်လုံး ရောင်ဝါ့မျက်နှာကို မသိမသာ ချောင်း၍ ချောင်း၍ ကြည့်လာသည်။ ကြည့်ရင်း ကြည့်ရင်းကပင် ပထမဦး ဆုံး စွန့်စားအရဲကိုးချင်စိတ်ကလေးက မရဲတရဲ ခေါင်းပြူလာ ကာ ရှေ့သို့ မဝံ့မရဲ ခြေလှမ်းကလေး တိုးကြည့်ချင်လာမိလေ သည်။





"ရောင်ဝါ ..."

မွန်း ခေါ်သံကြောင့် ရောင်ဝါက မွန်းကို လှည့် ကြည့်သည်။ မွန်းက တဘက်စောင်ကြားမှ မရဲတရဲ ချောင်း ကြည့်နေရင်းက မျက်လွှာချလိုက်မိသည်။ မွန်း ပြောလို့ဖြစ်ပါ့ မလား။ သူ့ကို ဖြားယောင်းရာများ ကျနေမလား ...။

"ပြောလေ ... မွန်း"

မွန်းသည် သူ့ကို ဖျတ်ခနဲ မျက်လွှာပင့်ကြည့်မိပြီး အလျင်အမြန် ခေါင်းငုံ့ချလိုက်သည်။

"ဟို ... မွန်းခေါင်းကို ရေသုတ်ပေးနိုင်မလားလို့ပါ"

သူ တိတ်ဆိတ်နေသည်။ ကားက မသိမသာ အရှိန်တန့်သလို ဖြစ်သွားသည်ဟု ထင်လိုက်မိသည်။ သူ မပြော သေး ...။

ဘုရား ... ဘုရား ...။ ဘုရား သိကြားမလို့ သူ မွန်းကို အထင်သေးမသွားပါစေနဲ့ ...။ သူ့မျက်လုံးတွေထဲမှာ အထင်သေးရိပ်ကို မတွေ့ရပါစေနဲ့။ မွန်းသည် သူ့မျက်နှာကို မကြည့်ရဲတာမို့ မျက်နှာတစ်ခြမ်းကို တစ်ဖက်စောင်ကြားသို့ တိုးဝှက်ငုံ့ငဲ့နေသည်။ အမြဲတမ်း ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိရှိ ခံ့ရဲရဲနေလာခဲ့သော မွန်းရဲ့ဘဝမှာ ပထမဦးဆုံးအကြိမ်အဖြစ် ...းထိတ်ဗျာပွေ သိမ်ငယ်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကားက လမ်းဘေးသို့ကပ်၍ ရပ် သည်။

မွန်းက တဘက်ကြားမှ မျက်နှာငဲ့ကာ သူ့ လှည့်ကြည့်လိုက်သည်။ မွန်းကို ငဲ့ကြည့်နေသော သူ့မျက် တွေ့နှင့် ဆုံရသည်။ နွေးလိုက်တာ ... သူ့အကြည့်တွေက

ရောင်ဝါက စကားတစ်ခွန်းမှ မပြောဘဲ မွန်း ပေါ်က တဘက်စကို ညင်သာစွာ လှမ်းဆွဲယူလိုက်ပြီး ဖွ ပေးလိုက်ချိန်မှာတော့ မွန်းသည် အတိုင်းမသိ ပျော်ရွှင်ခြင်း တုန်ရင်လာရလေသည်။

မွန်း မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝေသီ လာသည်။

သူ့ထံက ဒီလောက်လေး ရရုံနဲ့တောင် ကျေ ချင်ပါပြီ ...။

အချစ်အတွက် ...

ခုနစ်နှစ်တိုင်တိုင် တိတ်တခိုး သိုသိပ်ချစ်မိ အချစ်အတွက် မွန်းရဲ့ ပင်ကို ရက်ရွဲ့စိတ်၊ နူးညံ့စိတ် တွန်းလှန်ပြီး သူတစ်ပါးရည်းစားကို မျက်နှာပြောင်ပြောင် လု မိန်းမတစ်ယောက်အဖြစ် ရပ်တည်ခဲ့ရတာ မွန်း ပင်ပန်းလှ

အဲဒီ ပင်ပန်းမှုတွေကို ဒီအပြုအမူလေးက ချေ





ဆေးနိုင်ပါတယ် ရောင်ဝါရယ် ...။ ရှင့်ကို မွန်း သိပ်ချစ်မိပါ တယ်။

ရှင့်ကို ချစ်မိတဲ့ မွန်းရဲ့ အချစ်တွေ စစ်မှန်ခဲ့ရင် တစ်နေ့မှာ တူညီသော အချစ်ကို ရှင့်ဆီက ကျွန်မ ရချင်ပါ တယ်။

♥ ♥ ♥



www.burmeseclassic.com

✦ ✦ ✦

ကျွန်မ ပင်ပန်းလှပြီ ...။

ကျွန်မ ချစ်သူနားမှာ ရှင် ရှိနေသရွေ့ ကျွ
အမြဲ ပင်ပန်းနေရဦးမှာပဲ လင်းလက်လ ...။

ရှင့်ကို ကျွန်မ ချစ်သူနားက ဘယ်လိုနည်းနဲ့
ထုတ်ရပါ့မလဲဆိုတာကျွန်မ အချိန်တိုင်း တွေးတယ်။ တွေး
အိပ်မပျော်ဖြစ်ရတယ်။ အိပ်မပျော်တဲ့ စိတ္တဇညတွေ ကျွန်မ
များလာတယ်။

ကျွန်မ အမြဲ ပူလောင်နေရတယ်။

ကျွန်မဆိုကနေ ရောင်ဝါကို ရှင် လုသွားနိုင်
နေ့ဟာ ကျွန်မရဲ့ မာနတွေ အပိုင်းပိုင်း ကျိုးရတဲ့ နေ့ပဲ ...

ကျွန်မက ပမွှားလည်း မဟုတ်ဘူး ...။

ကျွန်မမှာ အလှရှိတယ်၊ ဓနရှိတယ်။





ကျွန်မ ဘေးနားမှာ ဝိုင်းဝိုင်းလည်နေကြတဲ့
ကျ်ားလေးတွေ၊ ကျွန်မကို ခ,နေတဲ့ ယောကျ်ားလေးတွေ
ာ ရိုက်သတ်လို့တောင် မကုန်ပါဘူး။

အဲဒီ ယောကျ်ားတွေအများကြီးထဲကမှ လင်းရောင်
ကို ကျွန်မ စိတ်တိုင်းကျ ရွေးချယ်ထားခဲ့တာ ...။

လင်းရောင်ဝါဟာ ကျွန်မအတွက်ပဲ ...။

ရှင်က ဘယ်လောက်ဆွဲဆောင်အားတွေ ကောင်း
လို့ သူက ရှင့်ဘက်ကို ပါရမှာလဲ ...။

လူကြီးတွေကို လွန်ဆန်ပြီး ကျွန်မကို လက်တွဲ
တဲ့ သတ္တိမျိုး အလင်းမှာ ရှိလိမ့်မယ်လို့ ကျွန်မ ယုံထားတယ်။

ကျွန်မ တစ်ယောက်အတွက်နဲ့ သူ အားလုံးကို
န့်လွှတ်ရဲတဲ့အဖြစ်မျိုးကို ကျွန်မ သိပ်ချိုမြိန်တယ်။

ကျွန်မရဲ့ ချိုမြိန်မှုတွေကို ခါးသီးသွားအောင် လာ
ပ်တဲ့ ရှင့်ကို ကျွန်မ ဘယ်လိုနည်းနဲ့များ ဆုံးမရပါ့မလဲ ...။

အိုး ... ကျွန်မမှာ နည်းလမ်းတွေ အများကြီး
တာပေါ့။

ရှင် စိတ်လောက်တော့ ခံစားကြည့်လိုက်ဦးပေါ့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

"ကျွီး ..."

"အား ..."

မွန်းသည် မွန်းရှေ့တည့်တည့်သို့ အရှိန်ပြင်းစွာ မောင်းဝင်လာသော ကားတစ်စီးကို မရှောင်တိမ်းနိုင်တော့ဘဲ တုန်လှုပ်စွာကြောင်ကြည့်နေဆဲ၊ ကားက မွန်းနှင့် တစ်ပေလောက်ပင် မရှိချင်သော အကွာအဝေးမှာ ဘရိတ်အုပ် ရပ်ပစ်လိုက်လေသည်။

မွန်းသည် ရုတ်တရက် သတိလက်လွတ် လိပ်ပြာလွင့်သကဲ့သို့ ဖြစ်သွားကာ မျက်လုံးစုံမှိတ်၍ အော်ဟစ်ရင်း ခွေခနဲ လဲကျသွားသည်။ မွန်းတို့ အိမ်ရဲ့ ဟိုဘက်တစ်လမ်းကျော်ရှိ စူပါမားကတ်မှာ ဈေးဝယ်ပြီး ပြန်လာတာမို့ မွန်းလက်ထဲမှာ ဆွဲလာသည့် အထုပ်တွေအားလုံး ပြန့်ကျဲလွင့်စင်သွား၏။





"ဟာ ... ကားတိုက်သွားပြီ ထင်တယ်ဟေ့ ..."

လူတချို့ ဝိုင်းအုံလာသည်။

မွန်းသည် လူကြားထဲမှာ ပုံပျက်ပန်းပျက် ဖြစ်ရသော ကိုယ့်အဖြစ်ကို ကိုယ် ရှက်ရွံ့လှတာမို့ လဲပြိုနေရာမှ ထကိုစုစည်းကာ အားယူလျက် ပြန်ထသော်လည်း ချက်ချင်း မနိုင်ဘဲ မျက်လုံးတွေ ပြာဝေနေသည်။

"ကျွန်မကို မတိုက်မိပါဘူး၊ ကျွန်မ လန့်သွားတာပါ"

မွန်းက ဝိုင်းအုံလာသော လူတွေကို ရှင်းပြရင်း အားယူ၍ ထ,ရပ်သော်လည်း ဒူးက ညွတ်ခွေကျကာ ပြန်လဲပြိုသွားရ၏။

"ကလေးမ ... ရရဲ့လား၊ ဘာကူညီရမလဲ"

"ရပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ကျွန်မ လန့်ရုံလန့်သွားတာပါ၊ ကျွန်မအိမ်က ဒီနားလေးမှာပါ"

"အစ်မ ... အစ်မ ... ဟိုမှာ ကျနေတာ အစ်မဖုန်းလား"

ကောင်မလေးတစ်ယောက်က လမ်းဘေး ပလက်ဖောင်းစပ်သို့ လက်ညှိုးထိုး၍ မေး၏။ မွန်း လှည့်ကြည့်မိတော့ မွန်းရဲ့ ဖုန်းလေးပင်။

"ဟုတ်တယ် ... ညီမ၊ အစ်မလက်ထဲက လွင့်ကျသွားတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ အစ်မ ..."

ကောင်မလေးက ဖုန်းကို ပြေးကောက်ပြီး မွှန်း
လက်ထဲသို့ ထည့်ပေးသွားသည်။

"ကျေးဇူးပါပဲ ညီမရယ် ..."

မွှန်းရဲ့ အခြေအနေက ပုံမှန်ပြန်ဖြစ်လာပြီမို့ ဝိုင်း
လာသည့်သူတွေ ရှဲသွားကြသည်။

သို့သော် ... တစ်ယောက်ကတော့ဖြင့် မွှန်း ရှေ့မှာ
ရပ်ကျန်နေခဲ့ပါသည်။

"ပုလဲနှစ် ..."

သူမက မွှန်းကို တိုက်မိမလို ဖြစ်သွားသော ကား
သားမှာ လက်ပိုက်ရပ်လျက် မွှန်းကို ငုံ့မိုးကြည့်နေပါသည်။

"ဘယ့်နှယ်လဲ ... တော်တော်မှ လန့်သွားရဲ့လား၊ သင်ခန်း
စာပေးရုံပါကွယ်၊ သေအောင်တော့ မလုပ်ပါဘူး၊ ရှင့်ကို
သနားလို့တော့ မဟုတ်ဘူးနော်၊ ကျွန်မ ထောင်ကျမှာ
ကြောက်လို့ ..."

မွှန်းသည် ဒေါသဖြင့် ဆတ်ဆတ်တုန်လာကာ ...

"ရှင် ... တော်တော် ရိုင်းပါလား ပုလဲနှစ်ရဲ့ ..."

ဟု ခပ်ဆတ်ဆတ်အော်ရင်း ထရပ်လိုက်သော်





ည်း လဲပြိုခဲ့စဉ်က ခြေခေါက်သွားတာမို့ ခြေထောက်နာကာ
ခရာဘဲ ပြန်ခွေကျသွားပါသည်။

ပုလဲနှစ်က လှောင်သလို တစ်ချက်ပြုံးလိုက်ပြီး
န်းထဲ လက်ကမ်းလျက် ...

"လာလေ ... ကျွန်မ ထူမှာပေါ့"

"မလိုဘူး ..."

"သြော် ... မူမနေပါနဲ့၊ ကျွန်မလက်ကို လှမ်းဆွဲလိုက်ပါ၊
ဒီလက်က အလင်း လက်နဲ့ ခဏခဏ တွဲဖြစ်တဲ့ လက်
လေ၊ ရှင့်ကို နွေးထွေးစေမှာပါ ..."

မွှန်းသည် ပုလဲနှစ်ကို အထင်သေး စိတ်ပျက်စွာ
ကြည့်မိရင်း ...

"ရှင့် အပြုအမူတွေက ရောင်ဝါနဲ့ မထိုက်တန်လိုက်
တာ ..."

"ရှင့်လို သူများရည်းစားကို လုရဲတဲ့ မိန်းမမျိုးနဲ့သာ
မတန်တာပါ လင်းလက်လ ..."

"တို့မလုပ်ပါဘူး ပုလဲနှစ်၊ လင်းရောင်ဝါကလည်း လုတိုင်း
ပါတဲ့ နုလပိန်းတုံး ယောကျ်ားမျိုး မဟုတ်ပါဘူး၊ ရောင်ဝါ
ဟာ သူ့ခံစားချက်ကိုသူ သေသေချာချာ သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



သိမြင်ပြီး သွေးအေးအေးနဲ့ပဲ မှန်ကန်တဲ့ ဆုံးဖြတ်ချက်မျိုးကို ချသွားနိုင်မယ့် သူမျိုးပါ"

မွန်းက ပြောနေဆဲ မွန်းလက်ထဲက ဖုန်းလေးက အသံမြည်လာသည်။ မွန်းငုံ့ကြည့်မိတော့ ရောင်ဝါ့ဆီက ဖုန်းဝင်

မွန်းသည် အသံမြည်နေသော ဖုန်းလေးကို မကိုင်သေးဘဲ မြှောက်ပြလိုက်ရင်း ...

"ဒီဖုန်းက ရောင်ဝါ့ဆီကဖုန်းပဲ ပုလဲနှစ်၊ တို့ သူ့ဆီ လှမ်းမခေါ်ပေမယ့် ဒီလိုအချိန်မျိုးမှာ သူဆက်လာတော့ လည်း သူ့ကို အကြောင်းစုံပြောပြပြီး အကူအညီတောင်း ရတော့မယ်"

ဟု ပြောပြီး ဖုန်းကို ဖွင့်ကိုင်လိုက်ပါသည်။

"ဟဲလို ... ရောင်ဝါ ... မွန်း ကားတိုက်ခံရမလိုဖြစ်ပြီး လဲသွားတာ ခြေထောက်နာနေလို့ ...၊ မွန်း အခု မွန်းတို့ လမ်းရဲ့ တစ်လမ်းကျော်က ( ... ... ) ရုပ်ပါမတ်ကတ်နဲ့ မလှမ်းမကမ်းမှာ ..."

♥ ♥ ♥

ရောင်ဝါ့ ကားက မွန်းရှေ့ မလှမ်းမကမ်းမှာ ရပ်သွားသည်။ ရောင်ဝါ ကားပေါ်မှ ဆင်းလာသည်နှင့် အသင့်စောင့်နေသော ပုလဲနှစ်က ကားပေါ်မှဆင်းလိုက်ပြီး ရောင်ဝါ့ရှေ့မှာ လက်နှစ်ဖက်ကို ဆန့်တန်း၍ ရပ်လိုက်ပါသည်။

"အလင်း ... ရှင် ဒီကနေ ပြန်လှည့်သွားလိုက်ပါ"

"နှစ် ... နှစ်က ဘယ်ကဘယ်လို ဒီနားရောက်နေတာလဲ"

"လင်းလက်လကို တိုက်မိမလို ဖြစ်သွားတာ နှစ် ကားလေ ..."

"ဪ ... တိုက်ဆိုင်လိုက်တာ"

"တိုက်ဆိုင်တာ မဟုတ်ဘူး၊ တမင်လုပ်တာ ..."

"နှစ် ... မင်း ..."

"မအံ့ဩပါနဲ့ ... နှစ်က လှန့်ရုံလှန့်ထားတာ၊ သင်ခန်းစာ ပေးရုံလောက်ပါပဲ၊ နှစ် အခု အံ့ဩနေတာကတော့ လင်းလက်လ ခြေထောက်နာရုံကလေး ဖြစ်တာနဲ့ အမြန်နှုန်းနဲ့ ပျာပျာသလဲ ရောက်လာတဲ့ ရှင့်ကိုပဲ"





www.burmeseclassic.com

www.burmeseclassic.com



"နှစ်ရာ … ဟိုမှာ သူ့ခများ ထတောင် မထနိုင်သေးပါ ဘူး၊ ကိုယ် သွားကူမှဖြစ်မှာပါ"

ရောင်ဝါက ပလက်ဖောင်းပေါ်မှာ ထိုင်နေသော မွန်းကို လက်ညှိုးညွှန်ရင်း ပြောသော်လည်း နှစ်က လုံးဝဖယ် မပေးဘဲ ရောင်ဝါ့ရှေ့မှာ ထုတ်ဆီးတိုးသလို လက်ဆန့်တန်း၍ ကာထားသည်။

"နှစ် … ဖယ်ပါကွာ၊ လူမြင်လို့မကောင်းပါဘူး"

"လူမြင်မကောင်းရင် လှည့်ပြန်လိုက်လေ …"

"လှည့်ပြန်လို့ ဖြစ်မလားကွ"

"ဖြစ်ပါတယ် …"

"ကျွတ် … မဖြစ်သေးပါဘူးကွာ"

"နှစ်က ဖြစ်တယ်ဆို ဖြစ်လိုက်ပေါ့ …"

"နှစ် … ကျေးဇူးပြုပြီး ပြန်သွားပါကွာ၊ မင်း မွန်းကို ဒီလိုဖြစ်အောင် လုပ်ထားတာကိုက လွန်လွန်းနေပြီ ထပ်ပြီး ခုလို လူမြင်မကောင်းအောင် ပိတ်ပင်တားဆီး နေဖို့ မသင့်ပါဘူး"

ရောင်ဝါက နှစ်ကို လှမ်းမျှော်ကြည့်ရင်း စိတ်ပူ မျက်နှာပူ၊ အားနာ။ နှစ်ရဲ့ လုပ်ရပ်အတွက် စိတ်ပျက်၊ စိတ်တို စိတ်အိုက်၊ စိတ်ရှုပ်လာရပါသည်။





ရောင်ဝါက ရှေ့ကကာဆီးထားသော နှစ်ကို ရှောင်တိမ်းလျက် မွန်းဆီသွားဖို့ပြင်သည်။ နှစ်က လုံးဝ အလျှော့ မပေးဘဲ ထုတ်ဆီးတိုးသလို လိုက်လံတားဆီးနေတာမို့ လမ်း သွားလမ်းလာတချို့က လှမ်းကြည့်ပြုံးစိသွားသည်။ ရောင်ဝါ သည် ရှက်ရွံ့ ဓာချွေးပြန်လာကာ ဘယ်လိုမှ ပြောမရတော့ ပြီဖြစ်သော နှစ်ကို တွန်းဖယ်ပစ်လိုက်မိပြီး မွန်းထံသို့ လျှောက် သွားလိုက်မိတော့သည်။

နှစ်သည် အလင်း တွန်းပစ်ခဲ့သော ထိုနေရာလေး မှာရပ်ကာ ကျောက်ရုပ်လို တောင့်မတ်လျက် ဆေါသနှင့် နာကြည်း စိတ်က အထွတ်အထိပ်သို့ ရောက်သွားပြီးမှ ရုတ်တရက် ခံစား ချက်တွေအားလုံး ထုန်ဟုန်ငြိမ်သက် ကျန်ရစ်ခဲ့သည်။

မုန်းလိုက်တာ …။

ဒီအဖြစ်အပျက်ကြီးကိုရော …

လင်းလက်လကိုရော …

ပုလဲနှစ်သည် ထိုနေရာမှာပင် ပေရပ်နေရင်း မွန်း ကို တွဲကူထူမပြီး ကားပေါ်တင်ပေးနေသော ရောင်ဝါ့ အပြုအမူ ကို စိန်းစိန်းရှုးရှုး စိုက်ကြည့်နေမိသည်။

ရောင်ဝါ့ကားက နှစ်ရဲ့ ဘေးမှ ကပ်ဖြတ်မောင်း ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သည် မွန်း လိုက်ပါသွားသော အလင်းရဲ့ ... ကို မျက်စိတဆုံး လှမ်းကြည့်နေရင်းက အံတင်းတင်းကြိတ်လို ... မိခိုက်မှာ နှစ်ရဲ့ မျက်လုံးတွေ မှုန်ဝါးလာပါသည်။

♥ ♥ ♥



✦ ✦ ✦

"မွန်း ..."

"ခြော် ... ဖွဲ့ပါလား ..."

မွန်းသည် ဂမုန်းပွင့်ကုန်တိုက်ထဲမှာ ဈေးဝယ်နေရင်း ရုတ်တရက် မွန်းရှေ့သို့ ရောက်လာသော ဖွဲ့ကို တအံ့တသြ ကြည့်လိုက်မိပါသည်။ ရုတ်တရက်ကြီး မွန်းရှေ့မှာ ဘွားခနဲ ပေါ်လာပုံက အံ့သြစရာကြီးပင်။

ဖွဲ့ပုံစံက အရင်လို မွန်းကို ရိုတိုတို အိစိအိစိလုပ်ချင်သော ပုံမျိုးတော့ မဟုတ် ...။ အမောတကော အရေးကြီးနေပုံမျိုး။ တစ်စုံတစ်ရာ ပူပန်သောက ရောက်နေပုံမျိုး ...။

"မွန်း ... ဈေးဝယ်လာတာလား"

"ဟုတ်တယ် ... ရှင်ရော ဈေးလာဝယ်တာပဲလား"

"မဟုတ်ဘူး၊ ဒီမှာ အလုပ်လုပ်နေတဲ့ သူငယ်ချင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဆီမှာ ပိုက်ဆံလာချေးတာ၊ သူငယ်ချင်းမှာလည်း မရှိပါဘူးဗျာ၊ အိမ်မှာ အမေ အရမ်းနေမကောင်းဖြစ်နေ လို့ ဆေးရုံသွားမလို့ဟာ ... တက္ကစီ ငှားဖို့တောင် ပိုက် မရှိဘူးဖြစ်နေလို့ ...”

သူ့ကိုကြည့်ရတာ နွမ်းပါးညှိုးရော်လျက် တကယ် ပဲ ငွေကြေးကျပ်တည်းပြီး အမေ့အတွက် ပူပန်နေပုံရတာ မွန်းက ကူညီဖို့ စိတ်ကူးမိကာ ...

“စိတ်တော့ မဆိုးပါနဲ့၊ အမေ့ကျန်းမာရေးအတွက်ဆိုတော့ မွန်း ကူညီချင်ပါတယ်”

“ငွေရေးကြေးရေးကတော့ များများစားစား ကူညီဖို့ မ ပါဘူး မွန်းရယ် ...၊ ကျွန်တော်က ဆေးရုံတွေဘာတွေ သိပ်မရောက်ဖူးတော့ ဘယ်ခေါ်သွားပြီး ဘယ်လိုပြရမ မသိ ဖြစ်နေတာ၊ ကျေးဇူးပြုပြီး ဆေးရုံအထိ မွန်းလိုက် ပို့ပေးခဲ့လို့ ရမလားမသိဘူး၊ ပို့ပေးရုံပါ၊ ပို့ပြီးရင် မွန်း ပြန်လို့ရပါပြီ”

မွန်းသည် ရုတ်တရက် ဆုံးဖြတ်ရ ခက်သွား သည်။ မွန်းက ဒီရောက်ခိုက်မှာ ဘွားကို ဆီးချိုစစ်ဖို့ လိုက် လိုက်ပို့ဖြစ်နေသော အထူးကုဆေးရုံကြီးကိုတော့ သေချာသိ တာမို့ ဖွဲ့ တောင်းတဲ့ အကူအညီကို မျက်နှာလွှဲခဲပစ် မငြင်းဝ





ကိုက်ချင်။ သူကလည်း သူ့ကိုယ်သူ ထိခိုက်ခံပြီးကို ကူညီထားခဲ့ ရှိ မွန်းက ဒီလောက်လေးကို တုံ့ပြန်ကူညီမပေးလို့ မကောင်း။ သူ့အမေ ကျန်းမာရေးကိစ္စမို့ မွန်း ကိုယ်တိုင်ကလည်း ကူညီ ချင်လာကာ ...

“ကောင်းပြီလေ ... မွန်း ကူညီပါမယ်”

“ကျေးဇူးတင်လိုက်တာ မွန်းရယ်၊ ဒါဆို အိမ်က ကျွန်တော့် အမေ့ကို ပြန်ခေါ်ရအောင် မွန်း လိုက်ခဲ့ပေးပါနော်”

“မွန်းမှာ ကားတော့ မပါဘူးနော်”

“ကျွန်တော် တက္ကစီ ငှားလိုက်ပါမယ်၊ ဟို ... တက္ကစီခ မွန်းပေးမယ် မဟုတ်လား”

“ပေးပါမယ်ရှင်၊ ဆေးခန်းကုန်ကျစရိတ်လည်း မွန်းပဲ ရှင်းပေးပါမယ်”

“အရမ်း ကျေးဇူးတင်ပါတယ်ဗျာ”

“ရှင့်အိမ်က ဘယ်နားမှာလဲ”

“ဒီနားတင် ... သိပ်မဝေးဘူး၊ မွန်း ဝယ်လက်စပြီးရင် ဆင်းလာခဲ့လိုက်နော်၊ ကျွန်တော် ရှေ့မှာ တက္ကစီငှားပြီး စောင့်နေလိုက်မယ်”

“ကောင်းပြီ ...”

မွန်းက ဝယ်ထားသည့် ပစ္စည်းတွေကို ကောင်တ



www.burmeseclassic.com

www.burmeseclassic.com



မှာ တင်လိုက်သည်။ သူက ကုန်တိုက်ရှေ့သို့ ခပ်သုတ်သုတ် ထွက်သွားသည်။

မွန်းသည် မွန်းဝတ်ထားသော အပေါ်ဝတ်ကုတ် အင်္ကျီပါးလေးရဲ့ အိတ်ထဲကို လက်နှိုက်၍ ဖုန်းလေးကို စမ်း ရင်း ရောင်ဝါ့ဆီ ဖုန်းဆက်ပြီး အသိပေးရင် ကောင်းမ စဉ်းစားသည်။

ဈေးဝယ်ထွက်ရင်း ခဏတစ်ဖြုတ် ဝင်ကူညီ သော ကိစ္စလေးကို ရေးကြီးခွင်ကျယ်လုပ်ရာ ကျနေမလား

ဖွဲ့နဲ့ သွားတာဆိုတော့ အသိတော့ ပေးမှဖြစ်မ ရောင်ဝါကလည်း ဖွဲ့ကို သိပ်သဘောမကျ။ စိတ်ပူပင်တာ လိုက်ရင် ဖွဲ့မှာ အခက်အခဲ သိပ်ဖြစ်သွားမလား ...။ သူ့ ရတာ တကယ်ပဲ အခက်တွေ့နေတဲ့ ပုံပဲ ...။ ဘယ်လိုပဲဖြစ် ရောင်ဝါ့ကို အသိမပေးဘဲတော့ မလုပ်ချင်။

မွန်းသည် ဖုန်းလေးကို အိတ်ထဲမှထုတ်ကာ ကြည့်နေရင်းက ရောင်ဝါ့ဖုန်း နံပါတ်တွေကို နှိပ်လိုက်သ

ဖုန်းက အလွယ်တကူဝင်မသွားဘဲ Network ဖြစ်နေသည်။ နောက်တစ်ခါနှိပ်တော့ ဧရိယာပြင်ပ၊ နော တစ်ခါနှိပ်တော့ မအားသေးပါ။ နောက်တစ်ခါ စက်ပိတ် သည်။ သြော် ... ဒီကဖုန်းတွေကလည်း အံ့သြစရာပါလား





ွားရင်း မွန်းက ဆက်မခေါ်ဖြစ်တော့ဘဲ မွန်းရဲ့ အိမ်ဖုန်းကို ာ လှမ်းခေါ်လိုက်တော့ လွယ်လွယ်ကူကူ ဝင်သွားသည်။ ွားကိုတော့ အသိပေးချင်သည်။

"ဟဲလို ... ဘွားရှင်းရှင်း ပြောနေပါတယ်"

"ဘွား ... မွန်းပါ"

"သြော် ... အေး ... မြေး ... ပြော ..."

"ဘွား ... မွန်း အခု ဂမုန်းပွင့်ကုန်တိုက်မှာ ..."

"အေးလေ ... အဲ့ဒီကို ဈေးဝယ်သွားမယ်လို့ ဘွားကို ပြောသွားတယ်လေ"

"အခု ဒီမှာ ဖွဲ့နဲ့တွေ့နေလို့ ဘွားရဲ့ ..."

"ဘယ်က ဖွဲ့လဲ ..."

"ဟိုတစ်ခါ ဘွားကျော့ နာရီအလုခံရတုန်းက ဝင်ကူညီတဲ့ သူလေ ..."

"သြော် ... သိပြီ ... မှတ်မိပြီ၊ မြေးကိုတောင် ထမင်းလိုက် ကျွေးခိုင်းလို့ လိုက်ကျွေးရသေးတယ် မဟုတ်လား၊ အဲ့ဒီ ကောင်လေး ကြည့်ရတာ သိပ်မဟန်ပါဘူး"

"အခု မွန်းနဲ့တွေ့တော့ သူ တော်တော် ဒုက္ခရောက်နေ ရှာတယ် ဘွားရဲ့၊ သူ့အမေ ဆေးရုံပို့ဖို့ အခက်အခဲဖြစ် နေလို့ အဲ့ဒါ မွန်း ခဏကူညီပေးလိုက်မယ်နော်၊ ကားငှား ပြီး သူ့အမေကို ဆေးရုံပို့ရုံလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ရောဂါဘယကိစ္စဆိုတော့လည်း ငြင်း
သားပဲ၊ ကူညီသင့်တာ ကူညီလိုက်ပါ၊ သတိတော့
နော် မြေး ..."

"ဟုတ်ကဲ့ ... ဘွားဘွား"

မွန်းက ဖုန်းပိတ်လိုက်ပြီး အိတ်ထဲပြန်ထည့်၊
ရှင်းစရာရှိတာ ရှင်းပေးပြီး ကုန်တိုက်ထဲမှ ပြန်ထွက်လာ
ဖွဲ့က ရှေ့မှာ တက္ကဆီငှားပြီး အသင့်စောင့်နေသည်။ မွန်း
သူပါ ကားနောက်ခန်းမှာ ထိုင်လိုက်ရသည်။ အဲဒီနောက် ကား
လမ်းသွယ်တွေထဲသို့ ချိုးကွေ့မသွားဘဲ မြို့ပြင်ဘက်သို့ ဦး
နေပါသည်။

♥ ♥ ♥



✦ ✦ ✦

"ဒုန်း ... ဒုန်း"

"ဒုန်း ..."

"တံခါးဖွင့်ပေးပါ၊ ကျေးဇူးပြုပြီး တံခါးဖွင့်ပေးကြပါ"

မွန်းသည် ပိတ်ဆို့ထားသော တံခါးကို စိတ်ရှိ
က်ရှိ ထုရိုက်အော်ဟစ်နေသော်လည်း အသံက ကျယ်ကျယ်
ာင်လောင် ထွက်မလာနိုင်တော့ ...။ တဖြည်းဖြည်း တိုးတိတ်
န်ရင်လာကာ တံခါးခြေရင်းမှာ ကွေးကွေးလေး ထိုင်ချ မော
ိုက်နေသည်။

ကျဲနေသော ပျဉ်ချပ်တွေကြားမှ နေရောင်ခြည်
န်း တချို့ကို တွေ့ရလို့သာ ဒါဟာ နေ့ဟုသိမှတ်ရသည်။
ခန်းထဲမှာ နေ့နေ့ညည မှောင်မိုက်နေသည်။ မွန်း ဒီအခန်းထဲ
ာ ပိတ်လှောင်ခံရတာ တစ်ရက်ခွဲတိတိ ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ ရှိနေတဲ့ ရေအိုးစုတ်တစ်လုံး ရေရယ် ... ဖောက်လက်စ ကိတ်ခြောက်အိတ်တစ်ဝက် ရှိသည်။ မွန်းက ရေမသောက် အစာမစားဘဲ ပေတေနေ သော်လည်း တစ်ညကုန်ဆုံးအပြီးမှာ ဆာလောင်မွတ်သိပ် မို့ ရေအိုးစုတ်ထဲက ရေကို နှုတ်ခမ်းပဲ့ ခွက်တစ်လုံးနှင့်အ မရ ခပ်သောက်ပြီး ကိတ်ခြောက်တွေကို ငတ်ငတ်မွတ်မွ စားမိသည်။

တစ်ညလုံးလည်း မွန်း ကောင်းကောင်းအိပ် ခဲ့ ...။ မှေးခနဲ သတိလွတ်သွားလိုက်၊ ပြန်လန့်နိုးလာ နှင့် တစ်ည ကုန်ဆုံးသွားရသည်။

မွန်း ဘယ်ကိုရောက်နေသလဲ မသိနိုင်။

လူသံလည်း မကြားရ...။

လှောင်ပိတ်နေသော အခန်းကျဉ်းထဲမှာ ချွေးပြ ပြိုက်ကျလျက် မွန်း ရှူးမတတ် ချောက်ချားတုန်ရင်နေသည်

မွန်းကပဲ အ,သလား ...

ခွဲကပဲ အကွက်ချပြီး စီစဉ်ခဲ့တာလား ...။

ခွဲ အသင့်စီစဉ်ထားပုံရသော ကားက မှန်ေ အလုံပိတ်လျက်၊ ခွဲက မွန်းကို သူ့အပေါ်ထပ် ဂျာကင်အကျြ





ာ မားဝှက်ထောက်လျက် မွန်းကို မြို့ပြင် ခြံတစ်ခြံသို့ ခေါ် ဆောင်လာခဲ့တာပင် ...။

ဒီရောက်တော့ မွန်းကို ဘာစကားတစ်ခွန်းမှမပြော ဘဲ အခန်းထဲ ပိတ်လှောင်ထားခဲ့သည်။ ခွဲကိုလည်း မတွေ့ရ တော့။ ဘာသံမှလည်း မကြားရတော့ဘဲ တစ်ညတာ ကုန်ဆုံး၍ နောက်တစ်နေ့ မနက်သို့ ရောက်လာခဲ့သည်။ မွန်း ဖုန်းကိုလည်း သူတို့ ဘက်ထဲရှိ ဖြုတ်ယူထားကြသည်။

"ကျေးဇူးပြုပြီး တံခါးဖွင့်ပေးပါရှင် ..."

မွန်းသည် ကျဲနေသော ပျဉ်ချပ်ကြားသို့ မိုကပ် ရင်း အော်ဟစ်တောင်းပန်သော်လည်း အပြင်ဘက်ဆီက တိတ် ဆိတ်မြဲ တိတ်ဆိတ်နေသည်။

မွန်းသည် နံရံကိုမှီထိုင်လျက် အလင်းတန်းကလေး တို့ မျှော်မော့ကြည့်ရင်း မျက်ရည်ကြောလေးတွေ စင်းလျက် အား ငယ်ဖျော့တော့စွာ မှေးငိုက်သွားပြန်လေသည်။

✦ ✦ ✦

"မာန်ရဲ့ရာ မင်းက အခုမှလာတယ်ကွာ၊ ငါ စောင့်နေ ရတာ ပျင်းလှပြီကွ ..."



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေ ဘယ်လိုလဲ ..."

"ဘယ်လိုရမလဲ ... မင်းက အခန်းထဲပိတ်ဆိုလို့ ပိတ်ထား
လိုက်တာပေါ့"

အပြင်ဘက်မှ စကားပြောသံသဲ့သဲ့ကြောင့် မွန်
လန့်နိုးလာသည်။

"ကောင်မလေး ငြိမ်ရဲ့လား"

"ငါ ခုန ချောင်းကြည့်တာတော့ အိပ်ပျော်နေတယ်ကွ
စောစောတုန်းကတော့ တံခါးကိုထုရင်း ဖွင့်ပေးဖို့ တောင်
ပန်နေတယ်၊ သနားပါတယ်ကွာ ... မင်းတို့ကလည်း ဘာ
လုပ်မှန်းမသိဘူး၊ ငါ့မှာလည်း ဘုမသိ ဘမသိ သရုပ်
ဆောင်လိုက်ရတာ"

"ပုလဲနှစ် ကိစ္စပါကွာ ...၊ သူခိုင်းလို့ သူ့ရည်းစားလုဘက်
ကို ပညာပေးနေရတာပါ ငခွေရာ ..."

"မင်း ... အဲဒီ ပုလဲနှစ်ကို ကြိုက်နေတာမဟုတ်လား
မင်းတော့ မစားရ အညှော်ခံပဲ"

"ဒါကတော့ ဥစ္စာရင်းမှန်ရင်တော့လည်း ပြန်ရမှာပေါ့ကွာ
အရေးကြီးတာက သူစိတ်ချမ်းသာဖို့ပဲ၊ ဟဲဟဲ ... ငါက
သူ့ကို ခပ်မိုက်မိုက် ချစ်တာပါကွ ..."





"မင်းဘာသာ ခပ်မိုက်မိုက်ချစ်တာ အရေးမကြီးဘူး၊ ငါ့ကို
အမှုပတ်မှာ ကြောက်ရတယ်ကွ ..."

"အမှုပတ်စရာ အကြောင်းမရှိပါဘူးကွာ၊ သူ့ကို လက်
ဖျားနဲ့ ထိတာမှမဟုတ်တာ၊ မင်း လမ်းမှာ ဓားနဲ့ထောက်
လာသေးလား"

"ဂျာကင်ကြားထဲကနေ ပေတံလေးနဲ့ပဲ ထောက်လာတာ
ပါကွာ၊ မင်း အခု ဘာဆက်လုပ်မှာလဲ၊ ငါ ပြန်လို့ရပြီ
လား"

"နေဦး ... ငါ ပုလဲနှစ်ဆီ ဖုန်းဆက်ကြည့်လိုက်ဦးမယ်"

ပုလဲနှစ် ... တဲ့။

မွန်းရဲ့ နားထဲမှာ 'ပုလဲနှစ်' ဟူသော အသံက
အကြိမ်ကြိမ် ပဲ့တင်ထပ်နေလျက် ထိုအသံက နှလုံးသားဆီ
ထိုးစိုက်ဆင်းလာကာ ထက်ခြမ်းထိုးခွဲပစ်လိုက်သည်။

မွန်းတစ်ကိုယ်လုံး အေးစက်လာသည်။ လက်သီး
ကို ကျစ်နေအောင်ဆုပ်လျက် တဆတ်ဆတ် တုန်ရီလာသည်။

မွန်းကို ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံအောင် ပက်ပက်
စက်စက် ဖန်တီးရက်သူဟာ ပုလဲနှစ် ... တဲ့။ မွန်း အံကြိတ်
လိုက်မိသည်မှာ သွားတွေ ကြွေကျမတတ်ပါပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ မွန်းရဲ့ အခန်းထဲကို အလင်းရောင် ဖြာကျလာသည်။ မွန်း မသိသောသူ တစ်ယောက်က တံခါး လာဖွင့်ပေးပြီး ...

"သွားတော့ ..."

တဲ့ ...။

မွန်း အခန်းပြင်သို့ လှမ်းထွက်လိုက်သည်။

အလင်းရောင်ကြောင့် မွန်း မျက်လုံးတွေ ကျိန်း သွားသဖြင့် မျက်လုံးတွေကို လက်ခုံဖြင့် ပွတ်လိုက်မိသည်။

မွန်းရဲ့ ဖိနပ်ကို ရှာမတွေ့တော့။

ဖိနပ်မပါ ဗလာခြေလှမ်းများဟာ တစ်ချက် တစ် ချက်မှာ ယိမ်းယိုင်လျက် ခြံပြင်ဘက်သို့ လျှောက်ထွက်လာသည်။

လျှောက်နေရင်းက ခြေဖဝါးတွေ ကျိန်းစပ်နာကျင် လှတာမို့ ခဏထိုင်နားလိုက်ချင်ပေမယ့် မနားရဲ ...။ မွန်းနောက် ကို တစ်ယောက်ယောက် ပြေးလိုက်လာပြီး ဖမ်းဆီးချုပ်နှောင် သွားလိမ့်မည်ဟု ထင်ယောင် ချောက်ချားနေသည်။

"အ ..."

ခဲလုံးချွန်ချွန်ကို တက်နင်းမိတာမို့ မွန်း ခြေဖဝါး မှာ သွေးတွေ ဖြာကျလာသည်။ မွန်းက တစ်ချက်ပဲငုံ့ကြည့်ပြီး





ထော့နင်း ထော့နင်းဖြင့် အပြေးတစ်ပိုင်း ဆက်လျှောက်လာ သည်။

တော်တော်ဝေးဝေး လျှောက်မိတော့မှ ကားတွေ ဥဒဟို သွားနေသော လမ်းမပေါ်သို့ ရောက်လာသည်။

လမ်းမရဲ့ တစ်ဖက်ခြမ်းမှာတော့ ဖုန်းပုံစံကတ်ပြား လေး ချိတ်ထားသော PCO ဖုန်းဆိုင်လေး တစ်ဆိုင် ...။

မွန်းသည် ချက်ချင်း အားတက်လာကာ ထိုဖုန်း ဆိုင်လေးဆီသို့ တအားပြေးသွားလိုက်လေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

"ဟဲလို ..."

"ရောင်ဝါ ..."

"မွန်း ...၊ မွန်း အခုဘယ်မှာလဲ၊ ဘယ်ကဆက်နေတာလဲ၊ ဘွားရှင်းပြောလို့ မွန်းကို ကိုယ်လိုက်ရှာနေခဲ့တာ ..."

ရောင်ဝါသည် တိုးလျတုန်ခိုက်နေသော မွန်းအသံကလေးကို ကြားရခိုက်တွင် ရင်ထဲမှာ တဟုန်းဟုန်း တောက်နေသော မီးတောက်ကြီးက ဟုတ်ခနဲ ငြိမ်းသွားသလို ခံစားလိုက်ရသည်။

"မွန်း ... အခု ဘယ်ရောက်နေသလဲဆိုတော့ ခဏနော်၊ အစ်မ ... အစ်မ ဒီနေရာက ဘယ်နေရာလဲဟင် ..."

"ထောက်ကြံ့နဲ့ မော်ဘီကြား၊ ရန်ကုန်ပြည်လမ်းပေါ်မှာ ညီမ၊ ရေသန့်စက်ရုံနားလို့ ပြောလိုက် ..."





"ရောင်ဝါ ... ကြားလားဟင်၊ သူလှမ်းပြောတာ ကြားလား"

"ကြားတယ် မွန်း ...၊ ကိုယ် အဲဒီနားကိုသိတယ်၊ ကိုယ် အခုလာခဲ့မယ်၊ မွန်း အဲဒီဖုန်းဆိုင်ကပဲ စောင့်နေ ..."

ရောင်ဝါက ဖုန်းပိတ်လိုက်ပြီး ကားကို မြို့ပြင်ဘက်သို့ ဦးတည်လိုက်ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

"မွန်းရယ် ... မွန်းရယ် ..."

"ရောင်ဝါ ... မွန်း ကြောက်တယ်"

ရောင်ဝါသည် မျက်လုံးလေး အကြောင်သားဖြင့် ကယောင်ချောက်ချား ဖြစ်နေသော မွန်းရဲ့ ကိုယ်လုံးလေးကို သနားကြင်နာစွာ ထွေးဖက်ထားလိုက်မိပါသည်။

"မွန်း ... မကြောက်နဲ့တော့လေ၊ ဒီကိစ္စကို မေ့ပစ်လိုက်တော့နော် ..."

"မွန်း ... မေ့ချင်ပါတယ်၊ အဘွားကိုလည်း အမှန်အတိုင်း အသိမပေးချင်ဘူး၊ အဘွား စိတ်ဆိုးပြီး ပြဿနာတွေ အရှည်သဖြင့် တက်ကုန်မှာ စိုးတယ်၊ မွန်း ဒီမှာနေတုန်း အချိန်လေးမှာ ပြဿနာတွေ မတက်ချင်ဘူး၊ သူတို့လည်း မွန်းကို ပိတ်လှောင်ထားရုံကလွဲရင် ဘာမှထိခိုက်အောင် မလုပ်ခဲ့ဘူးလေ ..."





"ကိုယ် အဘွားကို အဆင်ပြေအောင် ကြည့်ပြောပေးပါ့မယ် မွန်းရယ် ..."

ရောင်ဝါ့ ရင်ခွင်ထဲမှာ မွန်း ခဏလေးငြိမ်းချမ်းနေသည်။ ကယောင်ချောက်ချားစိတ်တွေ လွင့်စဉ်သွားသည်။

ရောင်ဝါသည် ကိုယ့်ရင်ခွင်မှာ ငြိမ်သက်နေသော်လည်း မသိမသာ တုန်နေသေးသော မွန်းရဲ့ ခန္ဓာကိုယ်လေးကို အသွလေး ဖေးမထားမိရင်း ရင်ထဲမှာ နင့်နင့်နဲနဲ လှိုက်ခုန်လှုပ်ရှားနေခဲ့ရသည်။

သူမက သူ့ဘဝထဲသို့ အရှိန်အဟုန်ဖြင့် တိုးဝင်လာခဲ့ပြီးမှ ဖြည်းဖြည်းငြိမ့်ငြိမ့်လေး သူ့စိတ်ကို လှုပ်ရှားမွှေနှောက်လျက် နောက်ဆုံးမှာ သူ့စိတ်ကို အရှိန်အဝါကြီးစွာဖြင့် ချုပ်ကိုင်လိုက်နိုင်သည်။

"မွန်း ... ကိုယ် ကားကို ခပ်ဖြည်းဖြည်းပဲ မောင်းပေးမယ်၊ မွန်း ကားနောက်ခန်းမှာ သက်သောင့်သက်သာ အိပ်လိုက်ခဲ့နော် ..."

ရောင်ဝါက မွန်းကို ကားနောက်ခန်းသို့ ပြောင်းရွှေ့ပေးလိုက်သည်။

"မွန်း ... ဒီခေါင်းအုံးလေး အုံးပြီး အိပ်လိုက် ..."

ရောင်ဝါက ရှေ့ထိုင်ခုံ နောက်မှီခေါင်းအုံးလေး



www.burmeseclassic.com

www.burmeseclassic.com

ကို ဖြုတ်ပြီး မွန်းခေါင်းအုံးဖို့ ပေးလိုက်သည်။ မွန်းက နောက်ခန်းထိုင်ခုံမှာ ခွေခွေလေး လဲလျောင်းလိုက်တော့မှ ကားမောင်းထွက်လာခဲ့သည်။

မွန်းက ပင်ပန်းအားဖျော့နေခဲ့ပြီမို့ ခဏချင်းမှာ မျက်လုံးလေးတွေ မှေးစင်းလာပြီးနောက် အိပ်ပျော်သွားခဲ့သည်။

မွန်းအတွက် စိတ်ပူပန်လှသော ရောင်ဝါက ဖော်တော်ဝေးဝေးထိ မောင်းလာပြီးမှ ကားကို လမ်းဘေးချ၍ ရပ်လိုက်ပြီး ကားနောက်ခန်းထဲသို့ လှည့်ကြည့်မိသည်။

ကွေးထားသော မွန်းခြေဖဝါးဆီမှ သွေးတွေ စီးထွက်နေတာမို့ သူစိတ်ပူကာ ကားမောင်းထွက်လာရင်း လမ်းဘေးဝဲယာမှာ ဆေးဆိုင်ရှာလာသည်။

ဆေးဆိုင်တစ်ဆိုင်တွေ့တော့ ကားရပ်ပြီး အရက်ပြန်၊ ဂွမ်း၊ ပတ်တီးတွေ ဆင်းဝယ်လိုက်သည်။ ထို့နောက် နောက်ခန်းတံခါးဖွင့်၊ မွန်း ခြေရင်းမှာ ခဏဝင်ထိုင်ပြီး မွန်းရဲ့ ခြေဖဝါးလေးကို ခပ်ဖြည်းဖြည်းဆွဲယူ ဂွမ်းကို အရက်ပြန်ဆွတ်၍ ဖွဖွပွတ်ကာ သန့်စင်ပေးလိုက်သည်။ ပြီးတော့ ဆေးထည့် ပတ်တီးစီး ... စသဖြင့် ညင်ညင်သာသာလေး လုပ်ရသည်။ မွန်း မနိုးအောင် တကယ့်ကို ဖွဖွရှရှလေး သတိထားနေရပါသည်။





မွန်းသည် ခြေဖဝါးမှစပ်သော ဝေဒနာဖြင့် နိုးလာသော်လည်း ရောင်ဝါ ဆေးထည့်ပေးနေမှန်း သိလိုက်တာမို့ ဆက်၍ အိပ်ချင်ယောင်ဆောင်ရင်း စေ့ထားသော မျက်ခွံကြားမှ ထိ မျက်ရည်တို့ စိမ့်စိုလာလေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

◆ ◆ ◆

"မင်းလက်ချက်ဆိုတာ တို့သိတယ် ပုလဲနှစ် ..."

မွန်း ချိန်းဆိုသည့်နေရာသို့ ရောက်လာခဲ့

ပုလဲနှစ်က မွန်းကို မထိတရီ ပြုံးကြည့်နေသည်။

"ဒါပေမယ့် ဒီကိစ္စကို မင်းကြံစည်ခဲ့တယ်ဆိုတာ ရော

ကို တို့ ပြောမပြခဲ့ပါဘူး ..."

"ဘာဖြစ်လို့လဲဆိုတော့ တစ်ဖက်ကို လူကြမ်း

ကြောင်း သက်သေပြပြီးမှ မင်းသားရဲ့ မေတ္တာကို

မရချင်လို့ပဲ ...၊ မင်းကို ရောင်ဝါ အထင်သေးပြီး

ပြီးမှ တို့ကိုချစ်လာမှာမျိုးကို တို့မလိုချင်ခဲ့ဘူးလေ၊ မင်း

ကောင်းမှုဆိုးမှုနဲ့ မပတ်သက်ဘဲ တို့အပေါ် သီးသန့်

လာမယ့် ရောင်ဝါ့အချစ်ကိုပဲ တို့က ခံယူချင်ခဲ့တယ်

"ရှင်က သန့်စင်သေးတယ်လို့ လင်းရောင်ဝါက ယုံ





ပါဦးမလား လင်းလက်လ ...၊ ရှင်က လင်းရောင်ဝါ

မသိတဲ့ တစ်နေရာမှာ တစ်ညအိပ်ခဲ့ပြီးပြီလေ ...၊ ဘယ်လို

ပုံစံနဲ့ ဘယ်သူတွေရဲ့လက်ထဲမှာရှိခဲ့တယ်ဆိုတာ သူလည်း

စဉ်းစားကြည့်မိမှာပဲ ..."

မွန်းက ပုလဲနှစ်ကို နှစ်နှစ်ခြိုက်ခြိုက် ကြည့်ကြည့်

သင်လင် ပြုံးပြမိရင်း ...

"ရှင့်ရဲ့ချစ်သူပါလို့ တဖွဖွပြောနေခဲ့တဲ့ လူတစ်ယောက်

ရဲ့ စိတ်ရင်းဟာ ဘယ်လိုရှိတယ်ဆိုတာတောင် ရှင် မသိ

ခဲ့ရှာပါလားနော်၊ ရှင် သူ့စိတ်ကို တကယ်နားလည်ရင်

သူဟာ အဲ့ဒီလို အတွေးခေါင်ပြီး စိတ်သဘောထား သေး

သိမ်နိမ့်ကျတဲ့သူ မဟုတ်ဘူးဆိုတာ ရှင်ယုံကြည်သင့်

တယ် ...၊

"ရှင်က ကိုယ့်ချစ်သူအပေါ် ဘယ်လိုစိတ်ထားမျိုး

ထားရမယ်ဆိုတာတောင် မသိတဲ့ သူပဲ၊ ရှင့်လို မိန်း

ကလေးမျိုးကို ရောင်ဝါ ကြာရှည် ချစ်မြတ်နိုးနိုင်မယ်

မထင်ဘူး"

"ရှင် တော်တော်သနားစရာကောင်းပါလား လင်းလက်

လရဲ့ ...၊ ရောင်ဝါ ကျွန်မကို မချစ်တော့မယ့်အချိန်ကို

ရှင် မျှော်လင့်တကြီး စောင့်နေရှာတာပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို မချစ်တော့မယ့်အချိန်ကို စောင့်ခဲ့တာမဟုတ်ဘူး
တို့ကို ချစ်လာမယ့် အချိန်ကိုပဲ စောင့်ခဲ့တာ ..."

"စောင့်မနေနဲ့တော့ ... မင်းမှာ တန်ဖိုးမှမရှိတော့တာ"

"ရှင်လုပ်ကြံတာ ခံခဲ့ရတဲ့ တို့က တန်ဖိုးမဲ့သွားသလား
အောက်တန်းကျကျ နည်းလမ်းတွေသုံးခဲ့တဲ့ ရှင်က တန်ဖိုး
မဲ့သလားဆိုတာ အချိန်က ဆုံးဖြတ်ပေးသွားပါလိမ့်မယ်"

"အခုတော့ တို့ ဒီနိုင်ငံကို ခဏလေးခွဲပြီး
လိုက်ဦးမယ် ပုလဲနှစ် ...၊ ငယ်ငယ်တုန်းက တို့ အ
ပေးဖတ်ခဲ့တဲ့ စာအုပ်တွေထဲမှာ မယောက်သစာရဲ့ သ
တရား စီရင်ခန်းကို တို့ ဖတ်ခဲ့ဖူးတယ်၊ သားတစ်ယော
ကို အမေရင်းနဲ့ အမေယောင်ဆောင်ထားတဲ့ ဘီလူးမ
သူ့သား ငါ့သား အငြင်းပွားပြီး ပြိုင်လုကြတော့ အမေ
ရင်းဖြစ်တဲ့သူက သူ့သား နာကျင်မှာစိုးလို့ သူမရလည်း
နေပါစေတော့ ဆိုပြီး လက်လွှတ်ခဲ့တယ်၊ ဘီလူးမ
တော့ ကလေးနာလည်း ဂရုမစိုက်ဘဲ သူရရင်ပြီးရော
အကြမ်းပတမ်း လုခဲ့တယ် ...၊ တကယ်တော့ ရှင်
ဘီလူးမလိုမျိုးပဲ၊ တို့ကတော့ ရောင်ဝါ အခက်တွေ့
စိတ်ရှုပ်ပင်ပန်းရမှာမျိုးတွေ မကြုံစေချင်လို့ မိခင်ဆန်
မေတ္တာမျိုးနဲ့ သူ့ကို လက်လွှတ်ပေးလိုက်မယ် ...၊





"တကယ်တော့ အချစ်စစ်ဆိုတာ အနားမှာ ကပ်
ပြီး နှုန်းနှပ်နေမှ ဖြစ်လာနိုင်တာမဟုတ်ဘူး၊ ဘယ်လောက်
ပဲဝေးဝေး တကယ်ချစ်ရင် ဘယ်တော့မှ မမေ့နိုင်ဘဲ
ရှည်ကြာခိုင်မြဲတယ်ဆိုတာ ရှင် တစ်နေ့ကျသိလာလိမ့်
မယ် ...၊

"တစ်နေ့နေ့မှာ ရှင့်ကို ရောင်ဝါက မချစ်နိုင်တော့
တာကို ခံစားခဲ့ရရင်လည်း တို့ကို အပြစ်မတင်ပါနဲ့
ပုလဲနှစ် ...၊ ရောင်ဝါ ရှင့်ကိုချစ်အောင် တို့ ကြိုးစားပေး
လို့ မရသလို မချစ်အောင်လည်း ကြိုးစားပေးလို့ မရ
ပါဘူး၊ ရောင်ဝါ့အချစ်ကို ပြောင်းလဲအောင် လုပ်နိုင်တာ
ရှင် ကိုယ်တိုင်ရဲ့ အပြုအမူနဲ့ စိတ်ဓာတ်ပါပဲ ...၊

"တို့ အရင်က ပြောခဲ့ဖူးတဲ့ စကားကိုပဲ ထပ်ပြော
ခဲ့ချင်ပါတယ် ...၊

"အချစ်ဆိုတာကို ကိုယ့်သဘောတစ်ခုတည်းနဲ့
တစ်သက်လုံး ဖမ်းဆုပ်ထားလို့ မရနိုင်ပါဘူး ..."

♥ ♥ ♥



www.burmeseclassic.com

✦ ✦ ✦

"ရောင်ဝါ မွေးနေ့က စက်တင်ဘာက ၅ ရက်နေ့နော်"

"မွန်း သိတယ်လား ..."

"ဘွားကျော့က ဘွားရှင်းဆီ ရောင်ဝါမွေးနေ့ခွေလေး ပို့ပေးတတ်တယ်လေ၊ အဲ့ဒါကြောင့် မွန်း မှတ်မိနေတာပါ။ ရောင်ဝါ ဒီနှစ်ရော မွေးနေ့ပွဲ လုပ်ဦးမှာလား ..."

"လုပ်မှာ မွန်းရဲ့ ...၊ ဘွားကျော့က ကျွန်တော့် အသက် ၁၇ နှစ်ပြည့် မွေးနေ့က စပြီး နှစ်တိုင်း စပွန်ဆာ[illegible] တယ်လေ၊ အဘွားပိုက်ဆံနဲ့ဆိုတော့ အနှေးမြော်မရှိ လု[illegible] ပြီးသားပေါ့၊ တစ်ခုတော့ရှိတာပေါ့ ... အဘွားပိုက်ဆံ[illegible] လုပ်ရတော့ အဘွားမကြည်ဖြူတဲ့သူဆို ကျွန်တော့်မွေးနေ့ ပွဲကို ဖိတ်လို့မရဘူး၊ သူတို့နဲ့က သပ်သပ် ပွဲသေးသေး[illegible] လေး ကျိတ်ကျွေးရတာပေါ့ ..."





ဪ ... ဒါကြောင့် ရောင်ဝါ့မွေးနေ့ခွေတိုင်းမှာ [illegible]နှစ်ကို မတွေ့ခဲ့ရတာပေါ့ ...။

"ကျွန်တော့်မွေးနေ့ကျရင် မွန်း လာရမယ်နော်"

"မွန်းက စားရုံသက်သက်တော့ မလာဘူးနော်၊ ရောင်ဝါ့ မွေးနေ့ အမှတ်တရလက်ဆောင်အဖြစ် တစ်ခုတော့ ကူညီ ပေးချင်တယ်"

"ဘာကူညီချင်လို့လဲ မွန်းရဲ့ ..."

"ဒီနှစ် ရောင်ဝါ့မွေးနေ့ခွေကို မွန်း ရိုက်ပေးချင်တယ်၊ မွန်းမှာ ဗီဒီယိုကင်မရာလေး ပါလာတယ်"

"ဪ ... ဒါများ မွန်းရယ်၊ မွန်း ရိုက်ပေးမယ်ဆိုရင် ကျွန်တော်က ကြိုက်ပြီးသားပေါ့၊ ဒါပေမယ့် မွန်းမှာက ခြေထောက်အနာနဲ့ဆိုတော့ ဟိုဒီလျှောက်သွားပြီး မတ် တတ် မတ်တတ်နဲ့ ရိုက်နေရရင် ခြေထောက်အနာက ပိုဆိုးမှာပေါ့"

"ဒီလောက်ကတော့ မွန်း ခံနိုင်ပါတယ်၊ ခြေထောက်က သိပ်လည်း မနာတော့ပါဘူး"

"အိုကေလေ ... ဒါဆို မွန်း သဘောပဲ၊ ကောင်းကောင်း လေး ရိုက်ပေးနော် မွန်း၊ ကျွန်တော့် မျက်နှာကို ခပ်ကြီး ကြီးလေး zoom ဆွဲပေး ..."

www.burmeseclassic.com



ရောင်ဝါ့ ကလေးဆန်ဆန် အပြောကြောင့် မွန်း—ရယ်မောလိုက်မိပါသည်။

♥ ♥ ♥



✦ ✦ ✦

လင်းနှရောင်ဝါရဲ့ ၂၄ နှစ်မြောက် မွေးနေ့ပွဲကို မွန်းက လှပသေသပ်စွာ ဗီဒီယို ရိုက်ကူးပေးခဲ့ပါသည်။

ရောင်ဝါ တောင်းဆိုခဲ့သလိုပဲ မွန်းကိုယ်တိုင်က လည်း ရောင်ဝါ့မျက်နှာကို ခပ်ကြီးကြီးလေး zoom ဆွဲရိုက်ဖို့ ဆန္ဒရှိတာမို့ ရောင်ဝါရဲ့ ရယ်သော မျက်နှာ၊ တည်သော မျက်နှာ၊ ပြုံးသော မျက်နှာ၊ တောက်ပရွှန်းရှိသော မျက်လုံးတို့ကို အနီးကပ် ရိုက်ရင်း တစ်ချက်တစ်ချက်မှာ မျက်ရည်ဝဲစို့ ဝမ်းနည်းနာကျင်လာမိသည်။

သူ့ဘေးမှာ အမြဲရှိနေခွင့်ရဖို့ဟာ မသေချာသော အခွင့်အရေး တစ်ခုသာ ...။

ဒါ့ထက်ပိုပြီး ရှေ့ဆက်ကြိုးစားဖို့လည်း မဝံ့ရဲတော့ပါ။ သူ့စိတ်တွေ ရှုပ်ထွေးအောင်လည်း မလုပ်ချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

သူ့အလိုလို လက်ကမ်းလာတော့မှသာ ကမ်းသော လက်ကို ဝံ့ဝံ့ရဲရဲ ဖမ်းဆုပ်လိုက်ချင်တာပါ ရောင်ဝါရယ် ...။

ခွဲခွာခြင်းဆိုတာ ခဏပဲဖြစ်ဖြစ် အချိန်ကြာကြာပဲ ဖြစ်ဖြစ် ချစ်သောသူ မှန်သမျှကို နာကျင်စေတတ်တာ အမှန် ပါ။

ဘွားရှင်း ဆုတောင်းပေးခဲ့သလိုပဲ မင်းရဲ့ တစ်ခု သော မွေးနေ့မှာတော့ မင်းနဲ့အတူယှဉ်တွဲရပ်ရင်း သူများရိုက် နေတဲ့ ဗီဒီယိုကင်မရာကို ရဲရဲတင်းတင်းကြည့်ရင်း လှလှပပလေး ပို့စ်ပေးလိုက်ချင်ပါသေးတယ်။

ခုတော့ ... ဒီမွေးနေ့ခွေလေး ယူသွားပြီးတော့ပဲ အချိန်ကာလတစ်ခုထိ အလွမ်းဖြေရဦးမည်လေ။

"ဟက်ပီး ဘတ်ဒေး ... လင်းရောင်ဝါ"

ရောင်ဝါ့ သူငယ်ချင်းတွေက သံပြိုင်ဆိုပေးနေကြ သည်။ မွန်းကတော့ စိတ်ထဲမှပင် 'ဟက်ပီးဘတ်ဒေး အချစ် ရေ' ဟု ပြောရင်း သူတို့သူငယ်ချင်းအုပ်စုကို ဗီဒီယို ဆက်ရိုက် ပေးနေသည်။

ရောင်ဝါက ကိတ်မုန့်လှီးဖို့ ဓားလေးကို ယူ လိုက်သည်။





မွန်းက ရောင်ဝါ့လှုပ်ရှားမှုကို သေချာရိုက်ယူနေ သည်။

"ဟော့ကောင် ... ဒီနှစ်လည်း မင်း အရင်ဆုံးလှီးတဲ့ ကိတ် မုန့်ကို မင်းပဲ ပြန်စားမှာ မဟုတ်လားကွ ..."

"ဒီကောင် လူညစ်ကွ ... လူညစ် ..."

သူငယ်ချင်းတွေက ဝိုင်းအော်နေကြသည်။

သူက ကိတ်မုန့်မလှီးခင်မှာ ဗီဒီယိုကင်မရာကို တည့်တည့်ကြည့်ရင်း မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ သူ့ အပြုအမူလေးကြောင့် မွန်းက ပြုံးလိုက်မိပါသည်။

သူ ... ကိတ်မုန့်တုံးကြီးကြီး လှီးလိုက်သည်။

ပြီးတော့ ... ထိုကိတ်မုန့်တုံးက ဗီဒီယို ကင်မရာဆီ ကို ရွေ့ရွေ့ နီးလာသည်။

"ဟင် ..."

မွန်းသည် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားကာ ဗီဒီယို ကင်မရာမှ အကြည့်ခွာလျက် ရောင်ဝါ့ကို လှမ်းကြည့်လိုက်သည်။

ရောင်ဝါက ပြုံးလျက်ပင် မွန်းနားသို့ လှစ်ခနဲ ကပ်လာပြီး ကိတ်မုန့်တုံးကို မွန်းပါးစပ်နား တော့၍ ခွံ့ကျွေးလိုက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဒီကောင် မရိုးဘူးဟေ့ ..."

သူငယ်ချင်းတွေရဲ့ သံပြိုင်အော်သံကြားမှာ မွန်း ရှက်သွေးဖြာလျက် ကြက်သီးထမျှ ကြည်နူးသွားမိသည်။ ကမ်း ကတန်း ပါးစပ်ဟကာ ကိတ်မုန့်တုံးကို လက်ခံလိုက်ရတာ မွန်းရဲ့ နှုတ်ခမ်းတစ်ဝိုက်မှာ ပေပွသွားသော ခရင်(မ်)ဖြူဖြူတွေ ကိုပင် သုတ်ဖို့ မေ့လျော့လျက် ဗီဒီယိုကင်မရာလေးကို ဦးတည် ရာမဲ့ ကိုင်ထားရင်း သူ့ကို ငေးကြည့်မိနေသည်။

"ပေနေပြီ ... ကျွန်တော် သုတ်ပေးမယ်"

သူက စားပွဲပေါ်က တစ်ရှူးတွေကို လှမ်းယူကာ မွန်းပါးစပ်တစ်ဝိုက်က ခရင်(မ်)တွေကို သုတ်ပေးရင်း မွန်းကို ပြုံးပြသည်။

မွန်းကလည်း ပါးစပ်ထဲမှာ ကိတ်မုန့်တွေ ပြည့် ဖောင်းလျက်ပင် မျက်ဝန်းထဲမှာ မျက်ရည်ကြည်လေးတွေ တလဲ့ လဲ့ဖြင့် သူ့ကို ပြုံးပြလိုက်မိသည်။

"မွန်း ... ဝါးစားလိုက်ဦးလေ ..."

သူ သတိပေးတော့မှ မွန်းက ပါးစပ်ထဲမှာ သတိ လက်လွှတ် ငုံထားမိသော မုန့်တွေကို ဝါးစားလိုက်ရသည်။

"မွန်း ... ဆက်ရိုက်ပေးဦးနော်"





သူက မွန်းကိုပြောခဲ့ပြီး သူ့သူငယ်ချင်းတွေဘက် သို့ ပြန်လှည့်ပြေးသွားသည်။

မွန်းကတော့ ကမ္ဘာပေါ်မှာ အချိုမြိန်ဆုံး မွေးနေ့ ဆိတ်ကို တမြုံ့မြုံ့ဝါးရင်း ဗီဒီယို ဆက်ရိုက်နေလိုက်သည်။

သူငယ်ချင်းတွေအားလုံး ပြန်သွားတော့ သူက မွန်းထံသို့ ဦးတည်၍လျှောက်လာသည်။

မွန်းက သူ မွန်းထံ တဖြည်းဖြည်း နီးလာတာကို စောင့်ရိုက်လျက် အနီးဆုံးနေရာအရောက်မှာ လက်ထောင်ပြ လိုက်ရင်း ...

"ပလိ(စ်) ... ၊ ခဏလေး ရောင်ဝါ အဲဒီနားလေးမှာ ရပ်ပြီး ကင်မရာကို တည့်တည့်ကြည့်ရင်း ရောင်ဝါ့မွေးနေ့ အမှတ်တရ စကားတစ်ခွန်းလောက် ပြောပေးပါ"

ရောင်ဝါက အကျီကော်လံတွေ ဘာတွေ ဆွဲဆန့် ကာ ကိုယ်ကို မတ်စန့်လျက် ကင်မရာရှေ့တည့်တည့်မှာ ရပ် သည်။ ထိုနောက် ကင်မရာကို တည့်တည့်ကြည့်၍ ပြုံးလိုက် ပြီး ...

"ဒီနေ့ ကျွန်တော့် မွေးနေ့မှာ မွန်းကိုယ်တိုင် ဗီဒီယို ရိုက်ပေးတဲ့အတွက်. ကျွန်တော် အရမ်းပျော်ပါတယ်၊



www.burmeseclassic.com

ပြီးတော့ ကျွန်တော် ပထမဆုံး လိုးတဲ့ ကိတ်မုန့်တုံးကြီး ကို မွန်းကိုကျွေးလိုက်ရတဲ့အတွက်လည်း ကျွန်တော့် ထော် ပါတယ် ခင်ဗျာ ...”

သူ့အပြောကြောင့် မွန်းက ရယ်မောလိုက်ရင်း ဗီဒီယိုကင်မရာကို ပိတ်သိမ်းလိုက်ပါသည်။

“ကျေးဇူးပဲ မွန်း ...”

သူက မွန်းရှေ့သို့ တစ်လှမ်းတိုးလာရင်းပြောသည်။ မွန်းက ခပ်ဖြည်းဖြည်းလေး ခေါင်းညိတ်နေလိုက်ပြီးမှ သက်ပြင်း မှုမှုချကာ သူ့ကိုမော့ကြည့်လိုက်ရင်း ...

“ရောင်ဝါ ... မွန်း မနက်ဖြန် ပြန်တော့မှာ ...”

“ဟင် ...”

သူက အံ့အားသင့် တိတ်ဆိတ်သွားပြီး မွန်းကို ဆွေးဆွေးငေးငေးလေး ကြည့်နေခဲ့သည်။

“ကြိုမပြောမိတဲ့အတွက် တောင်းပန်ပါတယ်”

“ဘယ်တော့ ပြန်လာမှာလဲ မွန်း ...”

“အဲ့ဒါကတော့ မွန်းခံစားချက်အပေါ် မူတည်ပြီး ဆုံဖြစ် ရမှာပါ”

သူ တိတ်ဆိတ်နေပါသည်။





အမိပွာယ်တွေ အများကြီးပါသော စိုလဲ့ညှိုးလျော် သည့် မျက်ဝန်းတစ်စုံဖြင့် မွန်းကို သူ ငေးကြည့်နေခဲ့ပါသည်။

မွန်းကတော့ ခေါင်းကိုင်ငုံ့လျက် သူ့ရှေ့မှာ အချိန် အကြာကြီး ရပ်တန့်နေခဲ့ပါလေသည်။

♥ ♥ ♥

◆ ◆ ◆

မွန်းတို့ မြေးအဘွား ပြန်သောနေ့တွင် ...

ရောင်ဝါတို့ မြေးအဘွားက လေဆိပ်သို့ လိုက်ပို့ပေးခဲ့ကြပါသည်။

အလာတုန်းကလိုပဲ ဘွားနှစ်ယောက်က နောက်ခန်းမှာ ထိုင်ပြီး မွန်းက ရောင်ဝါ့ဘေးမှာ ထိုင်သည်။

မွန်းက ကားပေါ်မှာ ထိုင်မိသည်နှင့် ထိုင်ခုံခါးပတ်ပတ်ဖို့ ခါးပတ်ကို ငုံ့ကြည့် လက်လှမ်းလိုက်စဉ်မှာ လက်တစ်ဖက်က မွန်းရှေ့သို့ ကြိုရောက်နေခဲ့သည်။

ရောင်ဝါက ထိုင်ခုံခါးပတ်ကြိုးကို ဆွဲလျက် မွန်းကို ထိုင်ခုံခါးပတ် ပတ်ပေးလိုက်သည်။ ရုတ်တရက် မွန်းရင်ခွင်နှင့် နီးကပ်သွားသော သူ့ရင်ငွေ့က နွေးနေသည်။ ထိုင်ခုံခါးပတ် ပတ်ပြီးသွားချိန်မှာ ထိုအနွေးဓာတ်လေးက မွန်းအနားမှာ ခွေခဲ ကျန်ရစ်ခဲ့သည်။





ဒီအပြုအမူလေးနဲ့ မွန်း နာကျင်ပင်ပန်းခဲ့ရသမျှအတွက် နှစ်သိမ့်ပေးလိုက်တာလား ရောင်ဝါရယ် ...။

ရှင် ပေးလိုက်တဲ့ ကြည်နူးစရာလေးတွေကို မွန်းရင်နဲ့ဆန့်သမျှ သယ်ဆောင်သွားပြီး ရှင့်ကို အမြဲ လွမ်းတနေပါ့မယ်။

♥ ♥ ♥



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

မွန်းရဲ့ အပေါ်မှာလည်း ကောင်းကင်ရှိသည်။

ရောင်ဝါရဲ့ အပေါ်မှာလည်း ကောင်းကင်ရှိသည်။

ညကောင်းကင်ထဲက ကြယ်ကလေးတွေကို ...

မွန်းလည်း မြင်နိုင်သည်။

ရောင်ဝါလည်း မြင်နိုင်သည်။

မွန်းသည် ညတိုင်း ညတိုင်း ... သူ့ထံသို့ ကြယ်လေးတွေမှ တစ်ဆင့် စကားကြုံပါးရသည်။

*"ရောင်ဝါရေ ...*

*အဝေးက လူတစ်ယောက်အကြောင်းကို တွေးမိရင် ပုံမှန်အားဖြင့် သတိရလို့ပေါ့ ...'။*

*ပုံမှန်ထက်ပိုပြီး ခဏခဏနဲ့ အမြဲတမ်း သတိရနေမိရင် အဲဒါ လွမ်းလို့ပေါ့ ...။*



www.burmeseclassic.com

www.burmeseclassic.com



လွမ်းရုံတင်မကဘဲသေးဘဲ မြင်ချင် တွေ့ချင်စိ တွေ တစ်စတစ်စ ပြင်းထန်လာပြီး ဝမ်းနည်းဆို့နင့်လာ ရင်တော့ အဲဒါ လွမ်းရုံမကတဲ့ တမ်းတမှုကြောင့်ပေါ့ ...။

တမ်းတမ်းတတနဲ့ လွမ်းရပြီဆိုရင်တော့ ရိုက်ယူလာခဲ့တဲ့ စီဒီခွေလေးကို ဖွင့်ကြည့်ရပါရော ...။

ကိတ်မုန့်လှီးခါနီးမှာ ကင်မရာကိုကြည့်ပြီး မိုတ်လိုက်တဲ့ နေရာလေးနဲ့ နောက်ဆုံးနားမှာ ကင် ကို တည့်တည့်စိုက်ကြည့် ပြုံးပြရင်း အမှတ်တရ လေး ပြောနေတဲ့ မင်း ပုံစံလေးကို ထပ်ခါထပ်ခါ ရလွန်းလို့ စီဒီတောင် ထစ်နေပြီဆိုရင် မွန်း အဖြ ရယ်မှာလား ...။

ကားပေါ်ရောက်လို့ ထိုင်ခုံခါးပတ် ပတ် မင်းကို သတိရပြီး မွန်းနားမှာ မင်းရဲ့ ရင်ခွေ့နဲ့ ခဲ့တယ်ဆိုရင်ရော သိပ်ပိုလွန်းတယ်လို့ ထင်မှာလား ...

မင်းနဲ့အတူဆွတ်နေကျ Valentino ရေမွှေ ဆွတ်မိတိုင်း မွန်းအနားမှာ မင်းရောက်နေတယ်လို့ ယောင်မိတာ မွန်းရဲ့ စိတ္တဇပဲလား ...။

နောက် နှစ်ပေါင်းများစွာ ကြာတဲ့အခါမှာ အခန်းထဲက မွန်း ပေးထားတဲ့ အဘိုး အဘွား





ကလေးလို အဘွားကြီး ငါ့အနားမှာ အဘိုးကြီး မင်းကို ရှိနေစေချင်တယ်ဆိုရင် သိပ်စိတ်ကူးယဉ်ရာများ ကျနေ မလား ရောင်ဝါရယ် ...။

မင်းကို ချစ်တယ်။"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

"မွန်းရေ…

မင်း ကိုယ့်အနားက ထွက်သွားပေမယ့် ကလေ ကတော့ ကိုယ့်ပြတင်းဝကို မကြာမကြာ ရောက်ရောက် လာတတ်တယ်…။

ဝိုင်းဝိုင်းစက်စက် သာနေတဲ့ လမင်းကြီးထဲမှာ မင်းရဲ့မျက်နှာကို မြင်ရနိုးနဲ့ ကိုယ် ကလေးတစ်ယောက် လို အမောတကော ရှာဖွေကြည့်မိတယ်…။ လထဲမှာ မင်းရှိနေတယ်အမှတ်နဲ့ပဲ ကိုယ်ပြောချင်တာတွေ ပြော ရစေတော့ မွန်းရယ်…။

အချစ်ဆိုတာ ဒီလောက် လေးလေးနက်နက်နဲ့ ရင်တနင့်နင့် ခံစားစေတဲ့အရာဆိုတာ ကိုယ် ခုမှသိရ တယ်…။ လူနှစ်ယောက် ဘယ်လောက်ဝေးဝေး အချစ် ဆိုတဲ့ ကြိုးက ခိုင်ခိုင်မြဲမြဲ တုပ်နှောင်ထားနိုင်တယ်…။





ခိုင်တဲ့ကြိုးတွေ ရှိသလို မခိုင်တဲ့ကြိုးတွေလည်း ရှိတတ်ပါတယ် မွန်းရယ်…။

ခိုင်တဲ့ကြိုးကို ဘာနဲ့ဖြတ်ဖြတ် မပြတ်ပေမယ့် မခိုင်တဲ့ ကြိုးကတော့ သူ့အလိုလို ပြတ်ခဲ့တယ်…။

နှစ်က ကိုယ့်ကို လာမေးခဲ့တယ်…။ မွန်းကို လူတစ်ယောက် ကားတင်ပြေးခဲ့တယ်လို့ မကြားမိဘူး လားတဲ့…။ မွန်းဟာ သန့်စင်သေးရဲ့လားတဲ့…။

ကိုယ် သူ့ကို တအံ့တသြ ကြည့်ခဲ့မိတယ်။ အံ့သြ စရာကောင်းတာက အဲဒီအချိန်မှာ သူနဲ့ပတ်သက်ပြီး ကိုယ့် စိတ်ထဲမှာ ဘာခံစားချက်မှ ရှိမနေတော့တာပဲ…။

မွန်းကို ခာတ်ပုံချောင်းရိုက်ခဲ့တဲ့ ကိစ္စတွေ…၊ မွန်းကို ချုပ်နှောင်ထားခဲ့တဲ့ ကိစ္စတွေဟာ သူနဲ့ပတ်သက် မှန်း ကိုယ် တဖြည်းဖြည်း ရိပ်မိလာခဲ့တယ်…။

သူနဲ့ပတ်သက်တဲ့ ကိုယ့်ခံစားချက်တွေ အားလုံး လည်း တဖြည်းဖြည်း ပျောက်ဆုံးသွားခဲ့ရတယ်…။

တချို့သော အချစ်တွေဟာ အကြောင်းအမျိုးမျိုး ကြောင့် ပျောက်ဆုံးပျက်ပြယ်သွားတတ်မှန်း ကိုယ် သိခဲ့ ရတယ်…။

သူက ကိုယ့်ကိုပြောခဲ့တယ်… ရှင်ဟာ ပြောင်းလဲ တတ်တဲ့ ယောကျ်ားတဲ့…။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ပြန်ပြောမိတယ် ... 'ယောကျ်ားတွေကို ပြောင်းလဲစေတာကလည်း မိန်းမတွေပါပဲ' လို့ ... ။

'ပြောင်းလဲခြင်း' တိုင်းကို

'သစ္စာမဲ့ခြင်း' လို့ ခေါင်းစဉ်တပ်လို့ မရပါဘူး။

ကိုယ့်ချစ်သူရဲ့ စိတ်ဓာတ်တွေ၊ လုပ်ရပ်တွေက ကိုယ့်အချစ်နဲ့ မတန်လောက်အောင် သေးသိမ်လာခဲ့ရင်လည်း အချစ်ဆိုတာ ပျက်ပြယ်သွားနိုင်တာပဲ ... ။

တချို့သော ကိစ္စတွေကို ကာယကံရှင်ကိုယ်တိုင်က မဖြေရှင်းနိုင်ခဲ့ရင် ကံတရားက မှုမှုတတလေး စီရင်ဆုံးဖြတ်ပေးနိုင်ပါတယ် ... ။

မကြာခင်က နှစ်နဲ့ သူ့သူငယ်ချင်း မာန်ရဲတို့ လက်ထပ်လိုက်ကြတယ် ... ။

ကိုယ့်အပေါ် နှစ်ရဲ့ နှောင့်ယှက်ရန်လိုမှုတွေလည်း ရပ်တန့်သွားခဲ့ရတယ် ... ။

ဟော ... ကြည့်စမ်း ... မွန်းရေ ... ကိုယ့် ပြတင်းက လမင်းက တဖြည်းဖြည်းနဲ့ အနောက်ဘက်ကို ရွေ့ရွေ့သွားနေတယ် ... ။

မကြာခင် ... မွန်းတို့ အနောက်အရပ်ဆီ ရောက်လာတော့မှာပဲ ... ။





ကိုယ့်စကားတွေကို လမင်းက မင်းဆီ သယ်ဆောင်လာနေပါတယ် ... ။

မင်း ... ချစ်ခြင်းအားဖြင့် သိကြားနိုင်ပါစေ ... ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

✦ ✦ ✦

လင်းရောင်ဝါ၏ ၂၅ နှစ်မြောက် မွေးနေ့ပွဲ ကျင်းပရန် တစ်လအလိုတွင် ...

မွန်းထံသို့ ရောင်ဝါ ပို့လိုက်သော စီဒီတစ်ချပ် ရောက်လာခဲ့၏။

ထို စီဒီချပ်လေးကို ဖွင့်ကြည့်မိသောအခါ ...

မွေးနေ့ကိတ် တစ်လုံးဆားမှာ စားပွဲပေါ် လက်ထောက် ငေးမှိုင်၍ထိုင်နေသော ရောင်ဝါကို တွေ့ရလေသည်။

မွန်းသည် သူ့ပုံစံကို အံ့သြရယ်ချင်စွာဖြင့် စိုက်ကြည့်နေဆဲမှာ သူက ကိတ်မုန့်ထည့်ထားသော ပန်းကန်ပြားကို မ၍ ကိတ်မုန့်ကြီးကို ရှေ့သို့ တိုးပြလိုက်ပြီး ...

"ဒီနှစ် ကျွန်တော့်မွေးနေ့ပွဲမှာ ကိတ်မုန့်လှီးရင် ဘယ်သူ့ကို အရင်ကျွေးရမှန်းမသိပါဘူးဗျာ၊ အရင်တုန်းကတော့





ကိုယ့်ကိုယ်ကိုပဲ သထာလို့ ကိုယ့်ဘာသာ စားတာ၊ ပြီးခဲ့တဲ့ နှစ်ကမှ ကိုယ့်ကိုယ်ကိုထက် သထာတဲ့သူကို တွေ့လို့ သူ့ကိုကျွေးမိတာ၊ ကျွန်တော်က ကျွန်တော့်ချစ်တဲ့သူကိုမှ ပထမဆုံးလှီးတဲ့ ကိတ်ကို ကျွေးချင်တာဗျ ...၊

"ကျွန်တော့်ကို ချစ်ရင် ကိတ်မုန့်စားဖို့ ပြန်လာခဲ့ပါဗျို့ ..."

သူ့အော်သံလည်း ဆုံး၊ တီဗီပေါ်မှ သူ့ရုပ်လည်း ပျောက်သွားခဲ့သည်။

မွန်းသည် အသံကလေးထွက်၍ပင် ရယ်လိုက်မိပြီး ဘိုဇိရှေ့မှ ထကာ အဘွားကို အော်ခေါ်ရင်း အပြေးအလွှား ရှာမိသည်။

"အဘွားရေ ... အဘွား၊ ဘွားဘွားကြီးရေ ..."

"ဟဲ့ ... မြေး ... ဘွား ဒီမှာဟဲ့၊ ဘာဖြစ်လာတာတုန်း"

မွန်းသည် ဘွားအား မွေ့ဖက်လျက် ခုန်ဆွ ခုန်ဆွလေး လုပ်လိုက်ရင်း ...

"ဘွား ... ရောင်ဝါဆီ ပြန်ရအောင်၊ သူ့မွေးနေ့အမီ ပြန်ရအောင်"

"ဟဲ့ ... ဟိုက ချစ်ပြီလား"

"ချစ်ပြီ ... ချစ်ပြီ ... သူချစ်တာ ကြာပြီ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အိုကေ … ဒါဆို Lets go to Myanmar"

"ဒါမှ ဘွားဘွားကြီး …"

"ဟဲ့ … ဟဲ့ … ဩော် … ဖြည်းဖြည်း ဖက်ပါဟဲ့၊ ခါးကျိုးတော့မယ်ဟဲ့ …"

မွန်းက အဘွားကို အားပါးတရ ပွေ့ဖက်မွှေ့ယမ်းပစ်လိုက်ကာမို့ အဘွားက အလန့်တကြား ထအော်လိုက်လေသည်။

♥ ♥ ♥



BURMESE CLASSIC .com

✦ ✦ ✦

လင်းရောင်ဝါ၏ ၂၅ နှစ်မြောက် မွေးနေ့ပွဲသို့ …

အဝါရောင် ဂါဝန်ရှည်ရှည်လေး ဝတ်၍ ပန်းသရဖူလေး ဆောင်းထားသော မွန်းက အချိန်မီ ရောက်ရှိလာခဲ့ပါသည်။

ရောင်ဝါက မွန်းရဲ့ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လျက် မွေးနေ့ကိတ်အနီးသို့ ခေါ်ဆောင်သွားခဲ့သည်။

ထို့နောက် … မွန်းရဲ့ လက်ထဲသို့ ဓားထည့်ပေးလိုက်ပြီး မွန်း လက်ကို အုပ်ကိုင်လျက် ကိတ်မုန့်ကို အတူလှီးခဲ့ကြသည်။

ပြီးတော့ … နှစ်ယောက် အပြန်အလှန် ကိတ်မုန့်ခွံ့ကြရင်း ရောင်ဝါက မွန်းနားနားကပ်၍ 'အရမ်းချစ်တယ်' ဟု တိုးတိုးလေးပြောပြီး မျက်စိတစ်ဖက် မှိတ်ပြတာမို့ မွန်းက မျက်တောင်းလေးထိုးရင်း ခေါင်းငုံ့ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်း အပါအဝင် မွေးနေ့ပွဲတစ်ခုလုံးကို အမိအရ မှတ်တမ်းတင် ဗီဒီယို ရိုက်ကူးနေသူများကား မည်သူ ဖြစ်မည် ထင်ပါသနည်း ...။

ရွှေရောင်ဘွားဘွားနှင့် ငွေရောင်ဘွားဘွားပင် ဖြစ် ပေတော့သတည်း ...။

ပုညခင်

4.9.2009

11 : 42 Pm

BURMESE CLASSIC .com



www.burmeseclassic.com